www.burmeseclassic.com

ခင်ဦးခင်ခင်

(ဆေးတက္ကသိုလ်)



# ဖန်းကျိန်စာသင့်သူ

L လင်

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# ခင်ဦးခင်(ဆေးတက္ကသိုလ်)

## ပန်းကျိုန်စာသင့်သူ


စာမူခွင့်ပြုချက်အမှတ် - ၅၀၁၃၆၅၀၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၃၉၆၁၀၀၇

၂၀၀၈ ခုနှစ်၊ [redacted] ဇူလိုင်လ

ပထမအကြိမ်

တန်ဖိုး - ၁၀၀၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ ... ဦးကျော်လှိုင်(၀၃၈၈၇) စေတနာစာပေ အမှတ်(၅၉)၊ ၁၉ လမ်း၊ လသာမြို့နယ်၊ ရန်ကုန်။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၃) စေတနာ OFFSET အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။



### ဒို့အရေး အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး - ဒို့အရေး

တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး - ဒို့အရေး

အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး - ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။


### လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။


www.burmeseclassic.com

www.burmeseclassic.com







ပြေး ... ပြေး ... ။

ခန္ဓာကိုယ်ထဲက ရှိသမျှခွန်အားတွေအားလုံး အစွမ်းကုန်ညှစ်ထုတ်စုစည်းကာ ခြေထောက်ဆီ တစ်စက်မကျန် ပို့လွှတ်လျက် အစွမ်းကုန်သာပြေး။

လှူက ဖတ်ဖတ်မောဟိုက်နေပြီး ရင်ဘတ်ထဲ မီးစနဲ့ ထိုးထားသလို ပူလောင်လျက် လျှာက အလျှားသားထွက်နေပြီ။ အဆုတ်နံ့ရုံတွေအားလုံး မီးပူနဲ့ ဖိတိုက်ခံလိုက်ရသလို ပြားချပ်သွားပြီလား မပြောတတ်။ အသက်ကိုရှူသွင်းလို့ပင် မရချင်တော့။

သို့သော် ရပ်နားခွင့်ကမရှိ။ ပြေးသာပြေး။ တစ်စက္ကန့် ထက်တစ်စက္ကန့် ပိုလို့မြန်ဆန်လာအောင် တိုးပြီးပြေး။



www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့်ပြေးနေရတာလဲ။ အယ်သူ့လက်က လွတ်အောင်ပြေးနေရတာလဲ။ ဘယ်ကိုပြေးနေတာလဲ။ ဘယ်အချိန်အထိပြေးရဦးမှာလဲ။ ဒါတွေတော့ သူတစ်ခုမှမသိ။ သူသိတာက အမြင့်ဆုံးအရှိန်နဲ့ အဆုံးမရှိပြေးနေဖို့ကိုပင်။

သူ့နောက်မှ ပြေးလိုက်လာနေသော တစ်စုံတစ်ခု (တစ်စုံတစ်ယောက်)ရှိချင်ရှိမည်။ ဒါပေမဲ့ သူ လှည့်မကြည့်ရဲ။ လှည့်ကြည့်နေသည့်အချိန်ပိုင်းလေးတစ်ခုစာ ပြေးနှုန်းလျော့ကျသွားမှာစိုးသည်။ ဘာမှန်းမသိ ကြောက်နေရသောအရာကြီးကို တွေ့တွေ့ဆိုင်ဆိုင် မြင်လိုက်ရမှာလည်းစိုးသည်။

ဒီလိုနဲ့ ပန်းခင်းတစ်ခုကို သူ ဖြတ်ပြေးဖို့ ဖြစ်လာသည်။

လှလိုက်တဲ့ပန်းခင်း။ သူသာ အေးအေးဆေးဆေး အပန်းဖြေအနားယူ၊ အပျော်ခရီးထွက်လာသူတစ်ယောက်ဖြစ်ခဲ့လျှင် ဒီပန်းခင်းထဲမှာ နာရီပေါင်းများစွာ ရပ်တန့်မှိန်းမူးနေမိလိမ့်မည်ထင်သည်။

ဧကများစွာကျယ်ဝန်းသည့် မြေပြင်တစ်ခုလုံး ပန်းတွေဖုံးလွှမ်းနေသည်။ ပန်းတွေကို အရောင်အလိုက်၊ အမျိုးအစား





အလိုက် အုပ်စုဖွဲ့အကန့်ဖွဲ့ကာ စိုက်ထားခြင်းမျိုးမဟုတ်ဘဲ ကြဲသလို ပြည့်နှက်ပြွတ်သိပ်နေအောင် စိုက်ထားခြင်းမျိုးမို့ ပန်းအမျိုးအစား၊ အရောင်အသွေးတွေအားလုံး ရောနှောနေသည်။ အဖြူနဲ့ အနီ၊ အဝါနဲ့ အပြာ၊ ပန်းရောင်နဲ့ ခရမ်းရောင်၊ အစိမ်းနဲ့ အညို။ အရောင်တွေကိုသာ သေချာပြောနိုင်သည့် အမျိုးအစားကတော့ ဘာတွေမျိုးကိုမသိ။ အပိုင်းရှိသည်။ အချွန်ရှိသည်။ အဖုရှိသည်။ အရှည်ရှိသည်။ ပွင့်ဖတ်တစ်ထပ်တည်းလည်းရှိသည်။ ပွင့်ဖတ်အထပ်ထပ်လည်းရှိသည်။ အို ... ကမ္ဘာမြေပေါ်မှာ ရှိရှိသမျှပန်းပေါင်းစုံ ဒီမှာလာပြီး ဖြန့်ခင်းထားသလားလို့တောင် ထင်ရလောက်ဖွယ်။

ပန်းခင်းထဲတိုးဝင်ပြီး သူဖြတ်ပြေးခဲ့သည်။

ပန်းပွင့်ဖတ်လွှာကလေးတွေရဲ့ အထိအတွေ့က နူးညံ့သလောက် ရိုးတံတွေ၊ အရွက်တွေ၊ ပန်းတချို့ရဲ့ ဆူးတွေက ကြမ်းတမ်းခြစ်ရှသည်။ ပန်းရနံ့သင်းထုံထုံကတော့ လူကိုအမောပြေလှစေသည်။

ဒီလိုနဲ့ ... ။

သူ့ခြေထောက်ကို တစ်စုံတစ်ရာကတွဲဆွဲလိုက်သလို

www.burmeseclassic.com



ခံစားလိုက်ရသည်။ အစတော့ သူငုံ့မကြည့်အား။ ခြေထောက်အား ကို စိုက်နှုတ်ယူပြီး ရှေ့သို့ဆက်ပြေးခဲ့သည်။

နောက်ထပ်တစ်လှမ်း၊ နှစ်လှမ်းအတွင်းမှာ နောက် ထပ်ဆူးချွန့်ဆွဲမှုတစ်ခု။ ဒီတစ်ကြိမ် ခြေထောက်ကို နှုတ်ယူဖို့အတွက် အားပိုပြီးစိုက်ရသည်။

နောက်ထပ်တစ်လှမ်း။ နောက်တစ်ကြိမ် တုံ့ဆွဲမှု။ နောက်ထပ်၊ နောက်ထပ်။

သူ တဖြည်းဖြည်း အားကုန်လာသည်။ တစ်ကြိမ်မှာ တော့ သူဘိုင်းခနဲပစ်လဲသည်။ အားသွန်ကာ ပြန်ထ,လိုက်နိုင်သော် လည်း ခြေထောက်ကိုဖြင့် ရုန်းလို့မလွတ်။

ထိုစဉ်မှာပဲ ... နောက်ထပ်အရာတစ်ခုက သူ့ခြေ ထောက်ကို လာရောက်ထိတွေ့ပြန်သည်။

ငုံ့ကြည့်လိုက်တော့ ပန်းနွယ်တစ်နွယ်။ နူးညံ့လှပ သော်လည်း အားကောင်းမောင်းသန် ခိုင်ခံ့လှသော ထိုပန်းနွယ် သည် တဖြည်းဖြည်း ရှည်ဆန့်ထွက်လာကာ သူ့ခြေထောက်ကို လာ ရောက်ရစ်ပတ်ဖို့ ကြိုးစားနေတာပါလား။

သည်းအူပျက်မျှ သူ ထိတ်လန့်ချောက်ချားသွား





သည်။ ဒီပန်းတောထဲမှာ လူကို ဆွဲငင်တုပ်နှောင်တတ်တဲ့ နွယ်ပန်း တွေ အများကြီးရှိနေတာပါလား။

ဒီပုံအတိုင်းဆို ဒီပန်းတောထဲက သူ လွတ်အောင်မှ ရုန်းထွက်နိုင်ပါတော့မလား။

ကြောက်ရွံ့ခြင်းက လည်တိုင်တဆုံး ပြည့်သိပ်လာ သည်။ ဦးခေါင်းခွံကြီးဟာ လေတင်းအောင်မှုတ်ထားသည့် ပူပေါင်း တစ်လုံးလို ပါးလျဖောင်းကားလာသည်။ ရင်ဘတ်ထဲမှာတော့ ... အဆုတ်နံရံတွေကို ပါးလွှာသည့်အမြှေးပါးလေးတွေနဲ့ လုပ်တာ မဟုတ်ဘဲ ထူထဲခိုင်ခံ့သည့် သံမဏိချပ်ပြားတွေနဲ့ လုပ်ထားသလို မျိုး လေးလံတင်းကျပ်နေသည်။

အားကောင်းသော ပန်းနွယ်နှစ်ခုရဲ့ တွယ်ပတ်ချုပ် နှောင်မှုကြောင့် သူ ဒုတိယအကြိမ်မြောက် ပစ်လဲပြန်သည်။ ဒီတစ် ကြိမ်တော့ ဘယ်လိုပဲကြိုးစားကြိုးစား ပြန်မထနိုင်တော့ချေ။

ပက်လက်ကြီးပစ်လဲနေတာမို့ အဆုံးအစမရှိသော ကောင်းကင်ပြာလွင်လွင်ကြီးကို ကိုယ့်မျက်စိရှေ့မှာ မြင်နေရသည်။ တိမ်ဆိုလို့ တစ်စက်မှမရှိဘဲ ဟင်းလင်းကြီးပြာနေသော ကောင်း ကင်ကြီးကိုကြည့်ရတာ ချောက်ချားဖွယ်ကောင်းနေသလိုပင်။



www.burmeseclassic.com

www.burmeseclassic.com



စောစောက သူ့ဒူးလောက်ပဲရှိခဲ့သော ပန်းမင်တွေက ရုတ်တရက် ထွားကျိုင်းလာကုန်ကြတာ ခေါင်းကင်အထိ တရုံးထိုးတက်သွားသည်။ အဲဒီကမှ ပြန်ငုံ့ဆင်းလာလိုက်ကြသည်မှာ တချို့က သူ့မျက်နှာပေါ်၊ တချို့က သူ့ရင်ဘတ်ပေါ်၊ တချို့က လက်၊ တချို့က ခြေထောက်။ အောင်မယ်လေး ရင်ဘတ်ကို တင်းတင်းကျစ်ကျစ် ရစ်ပတ်တိုးညှစ်လိုက်တာတောင်ရှိသေး။

တဖြည်းဖြည်း အသက်ရှူကျပ်လာသည်။ ရုန်းကန်လှုပ်ရှားဖို့လည်းမလွယ်။ ကြာတော့ အင်အားတွေကုန်ဆင်းကာ ရုန်းထွက်ဖို့ အင်အားမင်မရှိတော့။

ငါ သေရတော့မယ်။ လှတိုင်းက နူးညံ့လှပပါတယ်လို့ လက်ခံထားကြတဲ့ ပန်းပွင့်တွေလက်ထဲမှာမှ ငါ သေရတော့မယ်။

ငါ့ကို ဝါးမျိုစားသောက်ပြီးသွားတဲ့အခါကျရင် ပန်းပွင့်တွေဟာ နဂိုပုံစံ၊ နဂိုအရွယ်အစား၊ နဂိုအနေအထားကို ပြန်ရောက်သွားကြမှာပဲ။ အဲဒီအခါကျတော့ ပန်းခင်းဟာ အစက သူမြင်ခဲ့ဖူးသလို အလွန်အရောင်အသွေးစုံတဲ့ လှပကြည်နူးဖွယ်ပဲဖြစ်နေတော့မှာ။ ပန်းပွင့်တွေရဲ့လက်ထဲမှာ ... လူတစ်ယောက်အသက်





ပျောက်ခဲ့ရတယ်ဆိုတဲ့အဖြစ်ကို သွားပြောလို့ကတော့ ဘယ်သူမှ ယုံကြမှာမဟုတ်။

ပန်းပွင့်တွေဟာ လူသတ်နိုင်စွမ်းရှိတယ်လို့ လွန်ခဲ့တဲ့ မိနစ်ပိုင်းလောက်ကအထိ သူလည်း တွေးမထားခဲ့ဖူးပါဘူးလေ။

ခုတော့ မထင်မှတ်တဲ့ အနေအထားနဲ့ပဲ သူဟာ လူ့လောကကြီးထဲက ပျောက်ဆုံးရတော့မယ်။

နေကြာပန်းလိုမျိုး ကြီးကြီးမားမား ပွင့်ဖတ်ဖားလျားနဲ့ ပန်းတစ်ပွင့်က သူ့မျက်နှာဆီကို တဖြည်းဖြည်း ငိုက်ကျလာတယ်။ လက်ချောင်းတွေနဲ့တူတဲ့ အနီရဲရဲပွင့်ဖတ်တွေဟာ စုလိုက်ဖားလိုက်နဲ့ သူ့မျက်နှာကို ဆုပ်ကိုင်ဖို့ရွယ်နေကြလေရဲ့။

ထိုစဉ်မှာ ... ပန်းပွင့်ရဲ့ အဲလယ်မျက်နှာပြင်ဟာ နှုတ်ခမ်းတစ်ခုလို ပွင့်ဟသွားခဲ့ပြီး သူ့မျက်နှာတစ်ခုလုံးကို အုပ်မိုးငုံ့တွေးပစ်လိုက်ဖို့ ကြံရွယ်လာခဲ့တဲ့အခါ ... ။



www.burmeseclassic.com

www.burmeseclassic.com



"အား ..."

ကျယ်လောင်သောအသံတစ်ခုနဲ့အတူ 'ဉာဏ်' အိပ်ရာက အလန့်တကြားနိုးထ,လာခဲ့သည်။

လူတစ်ကိုယ်လုံး မြို့မတ်မာရသွန်ပြေးပွဲ ဝင်ခဲ့ရသလို ချွေးတွေရွှဲနစ်လျက် ရင်တလှပ်လှပ်ခုန်ကာ မောဟိုက်နွမ်းနယ်နေသည်။

ငါ ဘာဖြစ်တာလဲ။ ဘာဖြစ်လို့ ဒီလောက်တောင် ထိတ်လန့်မောနွမ်းနေရတာလဲ။

အဟော်။ ဟုတ်ပြီ။ လက်စသတ်တော့ အိပ်မက် မက်နေတာကိုး။ အိပ်မက်ဆိုး။ ပန်းပွင့်အိပ်မက်ဆိုး။





တော်သေးတာပေါ့။ သူချစ်သည့် ပန်းပွင့်ကလေးတွေ ဆိုးသွမ်းရက်စက်နေကြတာဟာ အိပ်မက်ထဲမှာပဲဖြစ်ပေလို့။

ဉာဏ်က ခုတင်ဘေးပြတင်းပေါက်ကတစ်ဆင့် ပန်းခြံထဲကို လှမ်းကြည့်လိုက်သည်။

သူ့အခန်းဘေးမှာ အဆောင်စောင့်ကြီးစိုက်ထားသော ပန်းခင်းရှိသည်။ (ဉာဏ်က နယ်ကကျောင်းလာတက်သူဖြစ်ပြီး လောလောဆယ် အဆောင်တစ်ခုမှာ နေထိုင်နေပါသည်။) အမျိုးအစားမစုံလင်လှသော်လည်း နှင်းဆီပန်းတွေကတော့ အတော်များသည်။ ပန်းရောင်နှင့် အနီရဲရဲနှင်းဆီအိုးတွေဟာ စီကာရီကာနဲ့ တော်တော်လေးကြည့်လို့ကောင်းသည်။

ယောကျ်ားတန်မဲ့ ပန်းချစ်တတ်သော ဉာဏ်ဟာ အခန်းထဲက သူ့ခုတင်ကို ပန်းပွင့်တွေကို လှမ်းမြင်နိုင်မည့် ပြတင်းပေါက်နဲ့ တည့်တည့်သို့ ရွှေ့ထားခဲ့သည်။ မနက်အိပ်ရာထတိုင်း ပန်းခင်းကို လှမ်းကြည့်ကာ လေးလံထိုင်းနေသည့် အာရုံတွေကို လှုပ်နှိုးပစ်ရစမြဲ။

ဒီကနေ့တော့ ပန်းတွေကို ကြောက်လန့်စိတ်နှင့် သက်သာမကင်းစိတ်ကို တော်တော်လေးကြာအောင် ဖျောက်ဖျက်

www.burmeseclassic.com



ပစ်နေရသည်။ ဒီနေ့မှ ပန်းတွေကလည်း ပွင့်နိုင်ပါမှ။ ဘယ်တော့မှ ပွင့်ရေမှမရှိဘူးလို့ အဆောင်စောင့်ဦးပွကြီး တဖျစ်တောက်တောက် ညည်းညူနေကျ အဖြူရောင်နှင်းဆီပင်တောင်မှ ဒီနေ့ စိမ်းဖြူရောင်အပွင့်နှစ်ပွင့်တောင် ပွင့်နေလိုက်သေး။

တော်ပြီကွာ။ ဆက်မကြည့်တော့ဘူး။ အိပ်ရာကထရမယ်။ ဒီနေ့လုပ်စရာတွေကအများသား။ စိမ်ဆွဲပြီး တောင်တွေးမြောက်တွေးနဲ့ နပ်နေချင်လို့ မဖြစ်တော့ဘူး။

ဒီနေ့ ဖေဖေလာမည်။ စည်းကမ်းကြီးသော၊ တိကျသော၊ စီစဉ်ကြောင်တတ်သော ဖေဖေဟာ တစ်ဦးတည်းသောသားဖြစ်သည့်ခွာနီကို သိမ်ချုပ်ချယ်တတ်သည်။ ဩစာအမျိုးမျိုးပေးကာ ချုနိုင်သည့်အတိုင်း လုပ်မှလည်းကြိုက်တတ်သည်။ ငယ်ငယ်လေးထဲက အဖေကိုကြောက်လာရသည့် ခွာနီဟာ တခြားဘာတွေပဲလုပ်လုပ် ဖေဖေနိုင်းတာကိုတော့ မငြင်းပယ်ရဲ။ ဘယ်လောက်ပဲမလုပ်ချင်သည့်အလုပ်ဖြစ်ပါစေ၊ ဘယ်လောက်ပဲ ပျင်းရိငြီးငွေ့နေပါစေ ဖေဖေနိုင်းလျှင်တော့ ဖြစ်အောင်လုပ်ရစမြဲပင်။

အခုလည်း ဖေဖေရောက်မလာခင်ကတည်းက ပြင်ဆင်ဖုန်းဆက်ပြီး နိုင်းထားသည့်အလုပ်တွေက အများကြီး။





အိမ်ကတီဗီအတွက် ဆေ့ဗ်ဂတ်(ဒ်)တစ်လုံးဝယ်ထားရမည်။ ရန်ကုန်ကပြန်သွားလျှင် အလုပ်ရုံက အလုပ်သမားတွေကို လက်ဆောင်ပေးဖို့ ပေါ်ချောင်ကောင်းတီရှပ်အထည်နှစ်ဆယ်လောက်ဝယ်ထားရမည်။ နောက် ရန်ကုန်မှာမှ ဝယ်လို့ရနိုင်မည့် ဖေဖေသောက်နေကျဆေးတချို့။ ပြီးတော့ ... 'ဖေဖေ့တပည့်တစ်ယောက်ရဲ့သမီးလေး ရန်ကုန်မှာ စာရင်းကိုင်သင်တန်း လာတက်ဖို့အတွက် သင်တန်းတွေ စုံစမ်းပေးဦးမည်။

လုပ်ရမည့်အလုပ်တွေကတော့ ရန်ကုန်လမ်းညွှန်စာအုပ်ကြော်ငြာသလိုပဲ တန်းကိုစီနေတာပဲ။ သွားရမည့်နေရာတွေကလည်း အများသား။ ဒါတွေကို ညနေ ဖေဖေမလာခင် ပြီးနှင့်အောင် လုပ်ထားမှဖြစ်မည်။

ဒီအလုပ်တွေ ဖေဖေနိုင်းထားခဲ့တာကြာပြီ ...။ အစကတည်းက နည်းနည်းချင်းဖြတ်ကာ လုပ်ထားလိုက်လျှင် ဒီနေ့မှာ ဒီလောက်လုပ်စရာပုံမှာမဟုတ်။ သူပျင်းလို့။ နေ့ရွှေ့ညရွှေ့ရွှေ့ နိုင်လွန်းလို့ အခုလိုဖြစ်ရတာ။

ကဲပါလေ ...။ တွေးနေတာ နောင်တရနေတာတွေ



www.burmeseclassic.com

www.burmeseclassic.com



နောက်ထား။ လောလောဆယ်တော့ လုပ်စရာတွေလုပ်ဖို့ အိပ်ရာက အမြန်ထ,အပြင်သွားဖို့ပြင်ဆင်မှဖြစ်တော့မည်။

ထူးဆန်းလှတဲ့အိပ်မက်ကိုတောင် ပြန်စဉ်းစားချိန် မရှိတော့ပါဘူးကွာ။



၆

သံပုံခါးကြီးက အမြင့်ကြီး။ ဒါပေမဲ့ ထုထုတုတ် တုတ်သံတိုင်တွေကြားက ခြံတွင်းကိုတော့ လှမ်းလို့မြင်ရပါသေးသည်။

ကျယ်လွင့်သောခြံဝင်းအလယ်ကောင်လောက်မှာ ဆောက်ထားသည့် အဖြူရောင်အိမ်ကြီးက အကျိုးနည်း ကြီးမား ကျယ်ပြန့်ခန့်ထည်လွန်းလှသည်။ အိမ်ကြီးရဲ့ ကြီးကျယ်ခမ်းနားပုံကိုတော့ ဆယ်တန်းအောင်တုန်းက မြန်မာစာ လေးဆယ့်ရှစ်မှတ် မှရခဲ့သည့် ဒွာန်က ပီပြင်အောင် ဖွဲ့မပြတတ်ပါ။ စာရေးဆရာတွေ သူတို့ဝတ္ထုထဲမှာ ဂရိတ်သူဌေးကြီးတွေရဲ့ အိမ်ကိုဖွဲ့သည့်အခါ ရေးခြတတ်သည့် ပုံစံမျိုးနဲ့ အတူတူပဲလို့သာ မှတ်လိုက်ပါတော့။

www.burmeseclassic.com

ထူးထူးဆန်းဆန်းဝတ္ထုထဲမှာပါခဲ့သည့် မြင်ကွင်းတစ်ခုကိုသာ အကျယ်ချဲ့ပြောပါရစေ။

ခြံရှေ့ကဖြတ်သွားရုံနဲ့တော့ အလွယ်မမြင်နိုင်။ ခြံဝမှာရပ်ပြီး အထဲကလူရိပ်တွေလို တွေ့ပြားရှာဖွေကြည့်နေသူတစ်ယောက်အဖို့တော့ ခြံရဲ့နောက်ဘက်ကျကျမှာရှိသည့် မြင်ကွင်းကိုလည်း တွေ့မြင်နေရသည်။

ခြံကြီးဟာ ကျယ်ဝန်းသားနားသလောက်၊ အိမ်ကြီးက လှပခန့်ထည်သလောက် ဒီခြံထဲမှာ ဒိုဘီတန်းများလုပ်ထားသလားလို့တောင် ထင်ရလောက်ဖွယ်။ နောက်ဘက်ကျမှာ အဝတ်လှန်းထားလှမ်းထားလိုက်သည့် အဝတ်အစားတွေဟာ တကယ့်ကို မနည်းမနော။

ဒီအိမ်ရှင်ဟာ ရွှေကျောင်းပြောင်ပြောင် ဝမ်းခေါင်ခေါင်ဆိုတဲ့ စကားပုံထဲကလို အပြင်ပန်းတောက်ပြောင်သားနားသလောက် တကယ်တမ်းဝင်ငွေကျတော့ ဟုတ်ဟုတ်ပြားပြားမရှိလို့ဘဲ လောင်ဒရီဖွင့်စားနေရတာလား။

လောင်ဒရီဆိုလျှင်တောင် စက်တွေနဲ့လျှော်၊ စက်နဲ့





အခြောက်ခံ၊ မီးပူတိုက်ပေးသည့် စီးပွားဖြစ်အကောင်းစား လောင်ဒရီမျိုးမဟုတ်နိုင်။ အဝတ်လျှော်ကုလားမလို တုတ်တစ်ချောင်းနဲ့ ရိုက်လျှော်၊ နေပူမှာလှမ်း ကိုယ်တိုင်မီးပူတိုက်ရသည့် ဒိုဘီပဲဖြစ်လိမ့်မည်။

အဖြူရောင်၊ အနီရောင်၊ အပြာရောင်၊ အဝါရောင်၊ အနက်ရောင်အဝတ်အစားတွေဟာ ရောင်စုံဝိညာဉ်တွေလိုပဲ လေထဲမှာ တလွင့်လွင့်။

အဝတ်အစားအတော်များများ (အားလုံးလည်းဖြစ်နိုင်သည်)ဟာ မိန်းကလေးအဝတ်အစားတွေချည်းပဲ ...။ ဒီတော့ ကောက်ချက်ချကြည့်ရလျှင် ဒီအိမ်မှာ မိန်းကလေးတွေအများကြီးပဲရှိနေတာလား။ ဒါမှမဟုတ် ဒီအိမ်က မိန်းကလေးကပဲ အဝတ်အစားတွေကို တစ်နေ့သုံးကြိမ်လောက် မထပ်တမ်းလဲလှယ်ဝတ်ဆင်တတ်လို့လား။

ထားပါ။ မိန်းကလေးအကြောင်း နောက်မှတွေး။ လောလောဆယ် အရေးကြီးတာက အိမ်ထဲကလူတွေကို ကိုယ်ရောက်ကြောင်း အသိပေးဖို့။

www.burmeseclassic.com



ဠာနီက အုတ်တိုင်ရဲ့အတွင်းဘက်မှာကတ်သီးကတ်သတ်ကလေးထုပ်ဆင်ထားသော လူခေါင်းခေါင်းလောင်းခလုတ်ကလေးကို လှမ်းနှိပ်လိုက်သည်။

"တင်းတောင် ..."

ဘဲလ်တီးလိုက်လျှင် တီးလိုက်ချင်းပဲ အဘိုးကြီးတစ်ယောက် ခြံတံခါးဝမှာ လာရပ်သည်။

မုတ်ဆိတ်ကျင်စွယ်ဖြူဖွေးဖွေးတို့က မျက်နှာပြင်ရဲ့အောက်ဘက်တစ်ဝက်လောက်ကို ဖုံးကွယ်ထားကြသည်။ လက်စကစွပ်ကျယ်ခပ်နွမ်းနွမ်းနဲ့ အောင်မယ် အရှယ်နဲ့မလိုက် သရီးကွာတားဘောင်းဘီကာကီရောင်ကို တွဲဝတ်ကာ ကွင်းထိုးဖိနပ်ကို စီးထားသည်။ လတ်ထဲမှာက မြေဆွသည့်ကော်ရင်းခွတစ်ချောင်းနဲ့။ လက်ဖဝါးနှစ်ဖက်စလုံးမှာလည်း မြေမှုန့်တွေပေကျံလို့။

ခြံစောင့်ကြီး၊ ဒါမှမဟုတ် မာလီကြီးပဲဖြစ်ရမယ်။ ဒါဘယ်လိုမေးရင်ကောင်းမလဲ။ ဒါ ဦးအောင်သူရထွန်းခေါင်ရဲ့ အိမ်ပါလားလို့ မေးရမလား။ အိမ်ရှင်တွေရှိပါသလားခင်ဗျလို့ မေးရမလား။

ဦးအောင်သူရထွန်းခေါင်ဆိုသည့်နာမည်ကြီးကတော့





အသက်ခြောက်ဆယ်ကျော်အဘိုးကြီးတစ်ယောက်အတွက်ဆိုလျှင် တစ်ဆိတ်ရှည်လျားကာ အခေါ်ရခက်လှသည်။ အူကြောင်ကြောင်ကြီးလို့လည်း ထင်ချင်စရာဖြစ်သည်။ နာမည်ခေါ်ပြီးတော့ မမေးတော့ပါဘူး။ ဒီရပ်ကွက်ထဲမှာ ဒီလောက်အထင်ကရမြင်သာအောင်ခမ်းနားသည့်အိမ်ကြီးရဲ့ပိုင်ရှင်ကိုလည်း လွဲမှားစရာမရှိလောက်ပါဘူး။

"အိမ်ရှင်တွေရှိကြပါသလား ခင်ဗျ ..."

"ဟေ ..."

ခြံစောင့်အဘိုးကြီးကြည့်ရတာ အသက်သိပ်မကြီးသေးဘဲနဲ့ နားလေးနေပုံရသည်။ ဒီလောက် ရှင်းရှင်းလင်းလင်းလေး မေးလိုက်တာတောင် ပြန်မေးနေရသေးသည်ဆိုတော့။

"အိမ်ရှင်တွေ ... ဒီအိမ်က အိမ်ရှင်တွေရှိသလားလို့ မေးတာပါခင်ဗျ ..."

ဠာနီက အသံကို ကျယ်ပစ်ရုံတင်မက လက်ညှိုးအထိုးထိုးနဲ့ အိမ်ကြီးဆီ ညွှန်ပြလျက်အမူအရာနဲ့ပါ နားလည်အောင် ပြောလိုက်သည်။ ဒါလည်း အဘိုးကြီးက နဝေတိမ်တောင်ပုံစံနဲ့ပင်။

"အိမ်ရှင်တွေ ... မင်း ဘယ်သူ့ကိုမေးတာလဲ ..."

www.burmeseclassic.com



"ဦးအောင်သူရထွဋ်ခေါင်တို့ကိုပါ ခင်ဗျ ... သူမရှိလည်း သူ့အိမ်သားတစ်ယောက်ယောက် ..."

"မင်းက မောင်ဇော်မောင်ရဲ့သား ဌာန်ဆိုတာလား ..."

ဩ ...။ ဒီအဘိုးကြီးက ဖေဖေ့ကိုလည်းသိနေသေးတာကိုး။ ဒါဆိုရင်တော့ သူ့ဟာ သာမန်ခြံစောင့်တစ်ယောက်ထက်စာလျှင် အိမ်သားတွေအကြောင်း ကောင်းကောင်းသိခွင့်ရသည့် လူယုံကြီးတစ်ယောက်ဖြစ်နေနိုင်သည်။

"ဟုတ်ပါတယ် ခင်ဗျ ... ကျွန်တော် ဦးဇော်မောင်ရဲ့သား ဌာန်ပါ ... ဒါနဲ့ တစ်ဆိတ်လောက် ... ကျွန်တော် အိမ်ထဲဝင်ပြီး အိမ်ရှင်တွေနဲ့ တွေ့ခွင့်ရနိုင်မလား ခင်ဗျ ..."

"အေးကွ ... ငါမေ့သွားတယ် ... လာ ... လာ ... အိမ်ထဲဝင် ..."

အဘိုးကြီးက တံခါးကိုဖွင့်ပေးပြီး ရှေ့ကလျှောက်ထွက်သွားသည်။ သူဦးဆောင်ရာနောက် တကောက်ကောက်လိုက်ပါသွားခဲ့သော ဌာန်ဟာ အိမ်ကြီးရဲ့ ခမ်းနားလှသော ဆင်ဝင်အောက် တံခါးမကြီး မဝင်ဘဲအိမ်ဘေးပတ်လျှောက်သွားတာကို တအံ့တဩနဲ့ပဲလိုက်လာရလေသည်။





အဘိုးကြီးက အိမ်ဘေးတံခါးပေါက်တစ်ခုခုဆီလည်းသွားနေတာ မဟုတ်ဘဲ ခြံထောင့်တစ်ခုဆီ ဦးတည်သွားနေသည်။

ဘုရား ... ဘုရား။ ဦးအောင်သူရထွဋ်ခေါင်ဆိုသည့်လူကြီးဟာ ကွယ်လွန်သွားခဲ့ပြီဖြစ်ပြီး သူ့အလောင်းကို ဒီခြံထောင့်မှာပဲ မြှုပ်နှံထားခဲ့လို့များ ငါ့ကို ဒီခေါ်သွားနေတာလား။

ဂူဗွာရုံဆိုလျှင် မက်မောနှစ်လိုတတ်သလောက် အနိဋ္ဌာရုံတွေကျ လိုအပ်တာထက် ကြောက်တတ်သော ဌာန်ဟာ အုတ်ဂူတစ်လုံးကိုမြင်လိုက်ရမှာကိုပဲ တွေးကာစိုးထိတ်နေမိသည်။

ခြံထောင့်ရောက်ပြီ။ အဘိုးကြီးဘာပြောမလဲ။ ဘာများတွေ့မြင်ရမလဲ။

ဌာန် စောင့်ကြည့်နေခဲ့မှာ အဘိုးကြီးက ခြံထောင့်အုံပိုင်ကိုဖွင့်ကာ ခါးကိုင်းလျက် ပေကျံနေသည့် သူ့လက်တွေကို ခေါ်ကြောလိုက်လေသည်။

"အာ ... အဘာကလည်း ... ကျွန်တော်က ဘာများဖြစ်မလဲလို့ လိုက်လာတာ ... လက်စသတ်တော့ လက်လာဆေးတာကိုး ..."



www.burmeseclassic.com

www.burmeseclassic.com



ဌာန်က မကျေမနပ်ပြောလျှင် အဘိုးကြီးကလည်း ဌာန့်ကို အထူးအဆန်းလိုပြန်ကြည့်ကာ ...

"အိမ်ထဲဝင်မယ်ဆိုမှတော့ လက်ဆေးရမှာပေါ့ကွ ... ငါ့ လက်က ပန်းပင်တွေမြေဆွထားတာ မြေကြီးတွေ နွားချေး တွေ ပေကျံနေတာ ... ဒီလက်ပေကြီးနဲ့ အိမ်တံခါးကိုဖွင့် ရမှာလား ..."

သူပြောတော့လည်း ဟုတ်သလိုလို။ ဒါပေမဲ့ မာလီ ခြံစောင့်အဘိုးကြီးက သူ့ဌေးအိမ်ထဲ ကိုယ်တိုင်ကိုယ်ကျ ဝင်လိုက် ပြီး ဧည့်သည်ပို့ပေးဖို့မှမလိုတာ။ အနည်းဆုံး တံခါးဝကရပ်ပြီးအော် ခေါ်ပေးရုံပေါ့။

ဌာန်က စိတ်ထဲသိပ်မရှင်းလှပေမဲ့ အခြေအနေကို စောင့်ပဲကြည့်နေလိုက်သည်။ အဘိုးကြီးက ဘောင်းဘီအိတ်ထဲက သော့ကို နှိုက်ယူကာ ကိုယ်တိုင်အိမ်တံခါးကိုဖွင့်၊ သူ့ဖိနပ်ကြီးကို ဖိနပ်စင်မှာ နေသားတကျချွတ်၊ ပြီးတော့ ကျွန်းကနုတ်တံခါးကြီး ကို တွန်းဖွင့်ကာ အိမ်ထဲအထိ တန်းဝင်သွားသည်။

"ထိုင်ဦးကွ ... ငါ လက်ကိုသေချာဆေးပြီး အဝတ်အစားလဲ ပြီး ပြန်ထွက်လာခဲ့မယ် ..."





ပြန်ထွက်လာဦးမယ်။ သူက ဘာဂါစွနဲ့ ပြန်ထွက် လာဦးမှာလဲ။ အိမ်ရှင်ဦးအောင်သူရထွဋ်ခေါင်ကို ခေါ်ပေးလိုက်ရင် ပြီးရောပဲ မဟုတ်လား။ သူက ဘာလို့တစ်ခေါက်ထွက်ညှိခံဦးမှာ လဲ။

ဌာန်က ဘာမှမပြောဘဲ ထိုင်စောင့်နေလိုက်သည်။ ဆယ်မိနစ်လောက်ကြာသွားပြီးတော့မှ ...

"ကြာသွားလားကွ ... ဒါတောင် ငါ ရေမချိုးဖြစ်လိုက်ဘူး၊ မင်းစောင့်ရတာ ကြာနေမှာစိုးလို့ ... အဝတ်အစားလဲတာ ကတော့ အသက်ကြီးလာပြီဆိုတော့ လူငယ်တွေလို မသွက် လက်တော့ဘူးလေ ..."

"ဟို ..."

ဦးအောင်သူရထွဋ်ခေါင် ... ဒါမှမဟုတ် သူ့အိမ်သား တစ်ယောက်ယောက်နဲ့ တွေ့ဖို့လာတာပါကို ခြံစောင့်မာလီကြီးကပဲ ထင်းထွက်ညှိခံနေသည့်အဖြစ်ကြီးကို ဘယ်လိုခံစားရမယ်မှန်း မသိ။ ငါ့အခေါင့်က အိမ်ကြီးရှင်နဲ့တွေ့ရဖို့အခွင့်လှား။ ဒီလိုဆိုလျှင် တော့ ကိုယ့်ကိုစော်ကားခံရတာအတွက် ခဏထား ကိုယ့်ကိုခွင့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည့် အဖေ့ကိုပါ ဇော်ကားခံရတာဖြစ်သည့်အတွက် ဘယ်လိုမှ သည်းခံချင်စရာမကောင်းတော့ပေ။

ဘယ်လိုမေးရမယ်မှန်းလည်းမသိ။ ကိုယ်နဲ့ သူစိမ်းပြင်ပြင် အိမ်တစ်အိမ်ကိုရောက်နေပြီးမှ လေလည်းမကျယ်ရဲ၊ ခေါင်းလည်းငုံ့လှပြီ။

"ဟိုဒင်း ... ကျွန်တော့်အဖေက ဦးအောင်သူရထွဋ်ခေါင်ကို သွားတွေ့လိုက်ပါလို့ မှာသွားလို့ခင်ဗျ ... စာတစ်စောင်လည်းပေးလိုက်လို့ပါ ... "

"ဟုတ်လား ... ပေးစမ်းပါဦးကွ ... "

တယ်ကျူးကျော်ပါလား။ ဒါကတော့ လုံးဝမဖြစ်သင့်သည့်အထဲပါသွားပြီထင်သည်။

အိမ်ကအလုပ်သမားဟာ အိမ်ရှင်နဲ့ ဘယ်လောက်ပဲ ရင်းနှီးပြီး အိမ်ရှင်ရဲ့ကိစ္စတွေမှာ ဘယ်လောက်ပဲသိခွင့်၊ စွက်ဖက်ခွင့်ရနေသည်ဖြစ်စေ စာလိုမျိုး ကိုယ်ရေးကိုယ်တာ သီးသန့်ဆန်လွန်းသည့်ကိစ္စကျတော့ အိမ်ရှင်ရဲ့ ခွင့်ပြုချက်မပါသေးဘဲ ယူဖတ်တာဟာ လွန်လွန်းရာကျတာပေါ့။





"ဟိုလေ ... စာက ဦးအောင်သူရထွဋ်ခေါင်လက်ထဲကို ထည့်ဖို့ပါခင်ဗျ ... "

"အေးလေ ... အဲဒါကြောင့်ပေးလို့တောင်းတာပေါ့ ... "

"ဟိုဒင်း ... သူများ ဖွင့်ဖတ်လို့ရလားမရလား ကျွန်တော် မသိလို့ခင်ဗျ ... "

"အေးပါ ... သူများကို ပေးမဖတ်ပါဘူး ... ငါပဲဖတ်မှာပါ"

အဲဒီ ငါကိုယ်တိုင်က သူများပဲဟာ။ သူတို့ချင်း ဘယ်လောက် နှစ်ကိုယ့်တစ်စိတ် ရင်းနှီးနေသလဲ။ ကိုယ်က မသိနိုင်ပေမဲ့ ဒွန်အတွက်ကတော့ ပြီးပြီးရောသဘောမထားနိုင်ပေ။

"ဒါပေမဲ့လေ ... ဦးအောင်သူရထွဋ်ခေါင်ကို အရင်ပေးပြီးမှ"

"နေစမ်းပါဦး ... မင်းက ဦးအောင်သူရထွဋ်ခေါင်၊ ဦးအောင်သူရထွဋ်ခေါင်နဲ့ တခေါ်ထဲခေါ်နေရအောင် မင်း ဦးအောင်သူရထွဋ်ခေါင်ကို မြင်ရောမြင်ဖူးလို့လား ... "

"မမြင်ဖူးပါဘူးခင်ဗျ ... "

"အေး ... မမြင်ဖူးလောက်ဘူးဆိုတာ ငါလည်း သဘောပေါက်ပါတယ် ... မဟုတ်ရင် ငါ့ကိုရှေ့ထားပြီး ဦးအောင်သူရ



www.burmeseclassic.com

www.burmeseclassic.com



ထွန်းခေါင် ဘယ်မှာလဲရှည်းဝဲ တတွတ်တွတ်ဘယ်မေးနေပါ့မလဲ ...”

“ကျွန်တော် နားမရှင်းဘူး ခင်ဗျ ...”

“ကောင်းပြီ ... ငါ ဘယ်သူလဲဆိုတာရော မင်းသိရဲ့လား”

ဒီအိမ်ကမြစောင့်မာလီဟာ ဘယ်သူဘယ်ဝါလဲဆိုတာ ဘာများသိစရာလိုလို့လဲ။ ဌာန် စိတ်ထဲကနေပြောလိုက်မိသည်။ အပြင်မှာတော့ ဒီလောက်ပြောလို့မကောင်းတာမို့ ...

“ကျွန်တော် ဒီအိမ်ကို အခုမှရောက်ဖူးတာပါ ... ဦးအောင်သူရထွန်းခေါင်ဆိုတာကိုလည်း ဖေဖေပြောပြောပြလို့သာ ကြားဖူးနေတာပါ ... တခြားတော့ ဒီအိမ်နဲ့ ဝတ်သက်ပြီး ဘာမှမသိပါဘူး ...”

“အင်း ... ကြည့်ရတာ ငါ့မြဲထဲခင်းပန်းဝင်စိုက် ... မင်းလာတော့လည်း ကိုယ်တိုင်တံခါးထွက်ဖွင့်လို့ ငါ့ကို မာလီမြစောင့်မှတ်နေတယ် ထင်တယ် ... ဟား ... ဟား ... လူဆိုတာ ကိုယ့်ကိုယ်ကိုယ် သိပ်အဟုတ်ကြီးမထင်သင့်ဘူးလို့ သင်ခန်းစာရတာပေါ့ကွာ ... ဒီမှာ ကောင်လေး ... မင်းတွေ့ချင်တဲ့ ဦးအောင်သူရထွန်းခေါင်ဆိုတာ ရေမရောတဲ့ ငါအစစ်ပဲကွ ...”

“သေချာလို့လား ခင်ဗျာ ...”

ဌာန်တို့ ဘယ်လောက်တောင် ထိတ်လန့်ကြောက်ရွံ့သွားသလဲဆိုရင် မေးမိမေးရာ မေးလိုက်မိတာကိုသာကြည့်ပေတော့။

“ဘာလို့မသေချာရမှာလဲ ... ငါကိုယ်တိုင်က ငါပါလို့ပြောနေတဲ့ဟာ ... မင်းမယုံရင် ရပ်ကွက်ထဲက ကြိုက်တဲ့လူသွားခေါ်လာခဲ့ ... ငါဟာ ငါပါပဲဆိုတာ သက်သေထူရအောင်”

ဒီတော့မှ ဌာန်လည်း အဘိုးကြီးကို သေသေချာချာ မော့ကြည့်မိတော့သည်။

ဟုတ်တော့လည်း ဟုတ်လောက်သည်။ (ကြော် ... ဟုတ်ပါတယ်ဆိုမှ ဟုတ်လောက်တယ်လုပ်နေရသေး။) စောစောက စွပ်ကျယ်နဲ့ စကားဘောင်းဘီနဲ့ မြဲထဲဆင်းအလုပ်လုပ်နေသည့် အချိန်တုန်းက ပေပေကျံကျံပုံစံတုန်းကတော့ ရုပ်ရည်က ခပ်မွဲမွဲ။ အခုလို သန့်သန့်ရှင်းရှင်းဖြစ်သွားတော့လည်း ရုပ်က (မဆိုစလောက်) ထွက်လာပေသား။





www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ ပြောထားဆိုထားသည့် စကားတွေရယ်၊ အိမ်ကြီးရဲ့ အဆင်အပြင်ရယ်ကိုကြည့်ပြီး ဦးအောင်သူရထွဋ်ခေါင်ဆိုတာ နှုတ်ခမ်းမွေးကြီးနဲ့ မဟာနဖူးကြီးနဲ့ အသားအရေဆိုလည်း ရွှန်းလက်ဖြူသန့်နေပြီး အဝတ်အစားဆိုလည်း ဖိတ်ဖိတ်တောက်ကာ ခြေလက်တွေကအစ ဖြူဝင်းနုထွတ်နေကြမည့် ... တကယ့်သားသားနားနား တောက်တောက်ကြွားကြွားကြီးလို့ ဥာန်က မှန်းထားတာ။

ဥာန် မေ့သွားတာတစ်ခုက သူဌေးကြီးတစ်ယောက်ဟာလည်း အိမ်နေရင်းတော့ ပေါ့ပေါ့ပါးပါး ဖရိုးစတိုင်လ်လောက်ပဲ ရှိနေမှာဖြစ်ပြီး ပွဲနေပွဲထိုင်သွားသလို့တော့ ကြော့မော့ကော့ရော့နေမှာ မဟုတ်ဘူးဆိုတာကိုပင်။

"ကြည့် ... ကြည့် ... သေချာအောင်ကြည့် ... ငါ့ရုပ်ကို သူဌေးရုပ်ပေါက်တယ်လို့ ထင်လာတဲ့အထိကြည့် ... "

အဘိုးကြီးက ခြေထောက်နှစ်ချောင်းချိတ်၊ လက်ပိုက်ကာ မိန့်မိန့်ကြီးထိုင်ပြရင်း ခပ်ရွှံ့ရွှံ့ပြောသည်။ ပုံစံကရယ်စရာကြီးပေမဲ့ ဥာန့်မှာ မရယ်နိုင်။ အားလည်းနာ၊ ရှက်လည်းရှက်၊ စိတ်



လည်းညစ်ကာ အနေရခက်နေသည်။

"ကဲပါကွာ ... စိတ်ညစ်မနေစမ်းပါနဲ့ ... ငါက ဒီလိုပဲ အားတဲ့အချိန်တွေ ခြံထဲဆင်း ပန်းပင်စိုက်ရတာ သိပ်ဝါသနာပါတာ၊ အဲဒီအခါကျ ငါ့တစ်ကိုယ်လုံး ညစ်ပတ်ပေရေနေလည်း ... ကိုယ့်ကိုယ်ကိုယ် သတိမထားမိတတ်ဘူး ... ငါ့ကို တစ်ခါမှမတွေ့ဘူးတဲ့ မင်းအတွက် ခြံစောင့်မှဲ့လီထင်ချင်စရာဖြစ်တာ အပြစ်ပြောစရာမရှိပါဘူးကွာ ... ငါ့ ပိုက်ဆံလည်းချမ်းသာ၊ အသက်လည်းကြီးပြီဆိုပေမဲ့ လူငယ်တွေလိုပဲ ... လွတ်လွတ်လပ်လပ်ပေါ့ပေါ့ပါးပါးနေချင်တာကွ ... ဘာမှ စိတ်ထဲမထားနဲ့ ... ငါ့ကို ခွေမျိုးရင်းချာလို့ သဘောထားပြီး စိတ်ပေါ့လက်ပေါ့ပဲနေ ... မှားတာကိုလည်း ရယ်စရာလိုပဲ သဘောထားကွာ ... "

ဦးအောင်သူရထွဋ်ခေါင်က ဖေးဖေးမမပြောလိုက်[illegible] ဥာန်လည်း စိတ်သက်သာရာရသွားတော့သည်။

ပိုက်ဆံချမ်းသာသလောက် မာန်မာနလည်းမကြီး၊ ကြီးခန်းကြီးဟိတ်ဟန်လည်း မထုတ်တတ်သည့်လူကြီးပဲ။ ဒါ

www.burmeseclassic.com

www.burmeseclassic.com



ကြောင့်လည်း ဖေဖေက ဦးအောင်သူရတွင်နှဲ့ခေါင်နာမည်ကို (ဒီ ဆေးခက်အခေါ်ရခက်ခဲ့ရှည်လျားသည့်ကြားထဲက) တဖွဖွရွေ့တ် နေခဲ့ပေတာကို။





"ဒီမှာရှင် ..."

ခေါသ်တစ်ခုကြောင့် အခန်းဝကို ကျောခိုင်းလျက် သား ရပ်နေမိသည့် ဒွာန်က လှည့်ကြည့်လိုက်သည်။

အသံအကြားရသော်လည်း လူကိုမမြင်ရ။ အဲ ... ဒီလိုပြောလိုက်လို့ ဒွာန်တစ်ယောက် အသစ်ပြောင်းရွှေ့နေရမည့် အိမ်ကို ရောက်ရောက်ချင်း သရဲခြောက်ခံရပြီလို့ မထင်လိုက်ပါနှင့်။ လူကိုမမြင်ရဘူးဆိုတာက ခေါင်းအုံး၊ အိမ်ရာခင်းနှင့် စောင်တွေ တစ်ထပ်ကြီးကို ပိုက်ထားတာမို့ မျက်နှာနဲ့ ခန္ဓာကိုယ်အပေါ်ပိုင်းကို အထပ်ထုကြီးက ကွယ်နေလို့မမြင်ရတာကို ဆိုလိုခြင်းဖြစ်ပါသည်။

"ဟာ ... ပေး ... ပေး ... ကျွန်တော့်ကိုပေး ... သယ်လာ



www.burmeseclassic.com

www.burmeseclassic.com



ရတာ မနည်းမနောကြီးဗျာ ... လှမ်းခေါ်ပြီး လာသယ်နိုင်းလိုက်ရေပေါ့ ... ”

“ရပါတယ် ... ကျွန်မ ဘယ်နားချရမလဲသာပြပေး ... ”

“ပေးပါ ... ကျွန်တော့်လက်ထဲသာပေးခဲ့လိုက် ... ”

“လက်ပြောင်းဖို့မလွယ်တော့လို့ရှင့် ... ခုတင်က ဘယ်နားမှာလဲ ... ကျွန်မ မမြင်ရတော့လို့ ... ”

“လာ လာ ... ခုတင်က ခင်ဗျားရှေ့တည့်တည့်သုံးလှမ်းလောက်လျှောက်ပြီးရင် ဘယ်ဘက် ... အဲ ... ညာ ... အဲ ဘယ်ဘက်ကို ... ”

“ဒုန်း ... ”

“ဟာ ... ”

ပြောလို့မှမဆုံးသေး ဒုန်းခနဲအသံနှင့်အတူ (စာကြည့်စားပွဲကထိုင်ခုံကို ဝင်တိုက်မိတာဖြစ်မည်။) ကောင်မလေးက စိုက်စိုက်၊ စိုက်စိုက်နဲ့ ရှေ့သို့ငိုက်ကျလာတော့သည်။

ဟွာန်လည်း ဘာလုပ်ရမှန်းမသိ။ ကောင်မလေးကိုယောင်ယောင်ကန်းကန်းနဲ့ ဆွဲထားဖို့ကြိုးစားလိုက်ချိန်မှာပဲ ...

“အိ ... ”





ယိုင်ပြိုကျလာသော ကောင်မလေးဟာ ဟွာန့်အပေါ်မှတည့်တည့်။ ကောင်မလေးတစ်ယောက် ကိုယ့်အပေါ်ပြုတ်ကျလာလို့ ကြည်နူးစရာကောင်းမယ်လို့တော့ မထင်လိုက်နဲ့။ ဟွာန့်ပေါ်အရင်ပိကျလာတာတွေက ကောင်မလေးမဟုတ်။ အိပ်ရာခင်း၊ စောင်တွေနဲ့ ခေါင်းအုံးတွေသာ။ ထိုပစ္စည်းတွေဟာ အလေးချိန်အားဖြင့် လေးလံလှတာမဟုတ်သော်ငြား လူကိုတော့ မွန်းကျပ်ပိညပ်စေသည်။

ကောင်မလေးက သတိကောင်းစွာနဲ့ ချက်ချင်းပြန် ၆

တော့ထ,ပါရဲ့။ သူမကိုယ်သူမပဲ ဖုတ်ဖတ်ခါကာ အဝတ်အစားတွေချွဲသန့်၊ ဆံပင်ကိုဖိသပ်လုပ်နေပြီး ဟွာန့်ပေါ်ပိနေသည့် ပစ္စည်းတွေထိုကျတော့ ဖယ်ပေးဖို့သတိမရ။

အလွန်ကြီးမားသည့်ခေါင်းအုံးကြီးနှစ်အုံး၊ အဲဒီအပေါ်အမှ ပွမ်းစောင်ထူထူကြီးတစ်ထည်တို့က အစဉ်အတိုင်းဖိထားကြသာမို့ ဟွာန့်ခမျာလည်း ဝူးဝါးဝူးဝါးအသံလွဲလျှင် ဘာမှမထွက်နိုင်ပြီ။ သတ်နှစ်ဖက်ကိုမြှောက်ကာ အပေါ်က ဝန်စည်စလယ်တစ်ထပ်ကြီးကို ကြိုးကြိုးစားစားဖယ်ရှားပစ်ရသည်။

အပေါ်ကအရာတွေ ဘေးဖယ်ချလိုက်ပြီးသည့်တိုင်



www.burmeseclassic.com

www.burmeseclassic.com



ဒွာန်မှာ ချက်ချင်းပြန်မထနိုင်။ အသက်ရှူကျပ်ထားသည့်ဒဏ်ကြောင့် လူက ဖုတ်လိုက်ဖုတ်လိုက်နဲ့ မောပန်းနွမ်းနယ်နေသည်။

"မင်းကလည်းကွာ ... ဘယ်လိုဖြစ်ရတာလဲ ... "

"ကုလားထိုင်နဲ့ ခလုတ်တိုက်သွားတာကိုး ... "

"အဲဒါကိုပြောတာ မဟုတ်ဘူး ... ငါ့အပေါ် ခေါင်းအုံးတွေ ပိနေတာမြင်သားနဲ့ ကူဖယ်ပေးဖော်မရတာကိုပြောတာ"

"ခေါင်းအုံးပိလို့တော့ မသေလောက်ဘူးထင်တာကိုး ... ဒီဟာလေးလောက်တော့ ကိုယ့်ဘာသာဖယ်နိုင်လိမ့်မယ်ထင်လို့ ... "

"ဖယ်နိုင်ပါ့မလား ... ဒါ ဆင်အုံးတဲ့ခေါင်းအုံးလောက်ရှိတဲ့ဟာ ... "

"ဆင်က ခေါင်းအုံးနဲ့အိပ်တယ်လို့ မကြားဖူးပါဘူး ... "

တော်တော်လည်း တွက်ကတ်မဲ့ကောင်မလေး ...။ စကားတစ်ခွန်းတောင် အတင်စီးမခံ။ (စကားရစ် ရှပ်ကလေးကတော့ တော်တော်လှသား)

"ကြီးလွန်းလို့ တမင်တင်စားပြီးပြောတာကွ ... ဒါမျိုးကြီးနှစ်လုံးတောင် ... စောင်ကလည်း ငွမ်းစောင်အထူကြီးကွ။





မြန်မာပြည်ရာသီဥတုက ဒီလောက်ထူတဲ့စောင်မျိုးလိုအပ်လို့လား ... "

"အညာစောင်ပါးလေးတစ်ထည်လည်းပါသေးတာပဲဟာ ... လိုရင်လိုသလိုသုံးဖို့ပေါ့ ... ဒီကလူတွေက အအေးကြောက်တတ်ကြလို့ ... အခုလိုမိုးတွင်း အေးအေးဆိုရင်ပဲ ဒီလိုငွမ်းစောင်မျိုးခြုံပြီး ကွေးကြပြီ ... ဆောင်းတွင်းချမ်းတဲ့အချိန်ဆို ဒါမျိုးနှစ်ထည် ... မဟုတ်ရင် ငွမ်းကပ်တစ်ထပ်ပါခြုံသေးတာ ... "

"အွတ် ... "

အညာသားပေမဲ့ အအေးမကြောက်တတ်သောဒွာန်ကတော့ ကောင်မလေးစကားကြားရုံနဲ့တင် ရင်ဘတ်ပေါ်တစ်ခုခုက လေးလေးပင်ပင်နဲ့ လာဖိထားခံလိုက်ရသလို အင့်အင့်ကြီးဖြစ်သွားပါလေရော။

ဒါပေမဲ့လည်း ကိုယ်က ဒီအိမ်မှာ ဧည့်သည်။ အိမ်ရှင်တွေက စေတနာနဲ့ စီစဉ်ပေးတာကို ဝေဖန်ဖို့လည်းမကောင်း။ ကန့်ကွက်စရာအကြောင်းလည်းမရှိ။ ပေါ့ပေါ့ပါးပါးခြုံဖို့အညာစောင်တစ်ထည်လည်းပါသေးသည်ဆိုတော့ အဆင်ပြေနေသားပဲ။



www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ ... ကျေးဇူးပါပဲ ... ဒါတွေထားသာထားခဲ့လိုက်တော့ ... ကျွန်တော့်ဘာသာ ကြည့်စီစဉ်ပါ့မယ် ..."

"ဘိုးဘိုးကမှာလိုက်တယ် ... အိပ်ရာပါတစ်ခါတည်းခင်းပေးလိုက်တဲ့ ..."

"ဘိုးဘိုး ..."

"အင်းလေ ... ရှင့်ကိုဖိတ်ထားတဲ့ ဦးအောင်သူရထွဋ်ခေါင်ဆိုတာ ကျွန်မအဘိုးပေါ့ ..."

"ဩော် ... ခင်ဗျားက ဒီမှာနေတာပဲပေါ့ ..."

"ဒီအိမ်မှာတွေ့တာ ဒီမှာမနေလို့ ဘယ်သွားနေရမလဲ"

"ခင်ဗျားမိဘတွေရောလား ... အိမ်မှာ လူကြီးတွေမတွေ့မိလို့ ..."

တောင်မလေးမျက်နှာက သုန်မှုန်သွားကာ ...

"မတွေ့ဆိုမရှိလို့ပေါ့ ... ကျွန်မမိဘတွေကနယ်မှာ ... ရှင်ဟာ တော်တော်စပ်စုတာပဲ ..."

"အခုမှ တစ်ခွန်းလား နှစ်ခွန်းလားမေးရပါသေးတယ်ဗျာ၊ ပြီးတော့ ကျွန်တော်က တကယ်လည်းစပ်စုတာ ... စပ်စုတယ်ဆိုတာထက် ကိုယ်ရောက်နေတဲ့နေရာအကြောင်း





သေသေချာချာစုံစုံစေ့စေ့သိချင်တာမျိုးပဲ ..."

"ရှင့်နာမည် မိဗွာန် ... ဝမ်းတွင်းကနေ ကျောင်းသာတက်တာ ... အစက အဆောင်မှာတွားနေတယ် ... ရှင့်အဖေက ဘိုးဘိုးနဲ့ မိတ်ဆွေဆိုတော့ ဘိုးဘိုးက ရှင့်ကို ဒီအိမ်မှာလာနေဖို့အတင်းခေါ်တာနဲ့ လာနေမယ် ... ဒါတော့ ကျွန်မသိတယ် ..."

"ကဲ ... ဒါ မတာရှားရာမရောက်ဘူးလား ..."

"ရှင် ... ဘာကိုလဲ ..."

"ခင်ဗျားကျတော့ ... ကျွန်တော့်အကြောင်းသိခွင့်ရှိပြီး ... ကျွန်တော်ကျတော့ ခင်ဗျားအကြောင်း ဘာမှမသိတာလေ"

"လိုအပ်လို့လား ..."

"နာမည်လေးလောက်တော့ ခေါ်ဖို့ပြောဖို့လိုအပ်တာပေါ့"

"ကောင်းပြီ ... ဒါဆိုပြောပြမယ် ... ကျွန်မနာမည် မေစွမ်းအင် ... ဘိုးဘိုးရဲ့ တစ်ဦးတည်းသောမြေးတာ ... ညီအစ်မဝမ်းကွဲတွေထဲမှာတော့ ကျွန်မက စတုတ္ထ ... အဖေက ဝန်ထမ်းဆိုတော့ နယ်လှည့်သွားနေရတာ ... မေမေတဖေဖနောက် လိုက်နေရတော့ ... ဘိုးဘိုးက ကျွန်မကို



www.burmeseclassic.com

တစ်နေ့ရာတည်းမှာ အတည်တကျ ကျောင်းတက်စေချင်တာနဲ့ ယောင်ယယ်လေးတည်းက ခေါ်ထားတာ ... ကျွန်မ တဂ္ဂသိုလ်မှာ ဓာတ်ယနစ် ... ဗိဆစ်အဓိကနဲ့ ... ကဲ ... ရှင် ဘာထပ်သိချင်သေးလဲ"

"အာ ... မလိုတော့ပါဘူး ... ပြည့်စုံပါတယ် ... အလုပ်ဝင်ဖို့ စီစီဖောင်ဖြည့်ရင်တောင် ဒီလောက်ပြည့်စုံမှာ မဟုတ်ဘူး ... မေစွမ်းအင် ... မေစွမ်းအင့် ... ခင်ဗျားက ဗိဆစ်မေဂျာဆိုတော့ နာမည်နဲ့ လိုက်ဖက်ပါတယ် ... မှတ်မိလွယ်တယ် ..."

ကောင်မလေးက ဘာကြောင့်ရယ်မသိ ...။ ဌာန်ကိုမျက်စောင်းထိုးကာ သူမအစီအစဉ်နဲ့ သူမ အိမ်ရာစင်းကျင်းပြင်ဆင်ပေးနေလေသည်။

ကောင်းလိုက်တဲ့ရေကူးကန်ကြီးဗျာ။

ကန်ပတ်လည်က ကြွေပြားတွေက အပြာရောင်လဲ့လဲ့တောက်ပြောင်ချောမွတ်နေသည်။ ကြွေပြားတွေကြောင့်မို့ပင် ကန်တွင်းက ရေအရောင်ကလည်း ပြာလဲ့ကြည်လင်လို့နေသည်။ ကန်တွင်း အဆင်းအတက်လှေကားလက်ရမ်းက စတီးရောင်ပြောင်ထက်ကာ လက်ကိုင်ဖုလုံးကလေးက ဖန်သားအကြည်အပြောင့်လေးတွေနဲ့ စိန်တုံးလေးသဖွယ်။

ရေကန်ပတ်ပတ်လည်ကို (အပြင်ကအလွယ်တကူမမြင်နိုင်အောင်) အရွက်စိမ့်စိမ့် ချုံပင်အလတ်စားတွေနဲ့ ဝိုင်းပတ်ကာကွယ်ထားသည်။ ထိုအပင်တွေကို ဌာန်က ဘာအပင်မှန်းမသိ



www.burmeseclassic.com

www.burmeseclassic.com



သော်လည်း ပန်းပွင့်သေးသေးဖြူဖြူလေးတွေပွင့်ကာ ရနံ့မွှေးကြိုင်လှတာကိုတော့ သတိထားမိသည်။

ချုံပင်တွေရဲ့အတွင်းမှာတော့ ကျောက်စရစ်ခဲအရွယ်သေးသေးလေးတွေခင်းလျက် ဘွန်ဇိုင်းပင်မျိုးစုံကို ကြွေပန်းအိုးဒီဇိုင်းဆန်းဆန်းကလေးတွေထဲထည့်ကာ ချထားသည်။

ရေကန်ဘေးက ကွက်လပ်မှာတော့ ခရင်း(မ်)ဘက်ငါးလုံးလောက်ကို ထီးကျားရောင်စုံကြီးတွေအောက်မှာ ချထားသည်။ ခရင်း(မ်)ဘက်တစ်ခုစီရဲ့ဘေးမှာ သံခုံအဖြူကလေးတွေတစ်လုံးစီလိုက်ချထားတာကတော့ အနားယူရင်း အစားအသောက်စားချင်လျှင်တင်ဖို့၊ ဒါမှမဟုတ် တခြားပစ္စည်းတွေတင်ချင်လည်းတင်နိုင်ဖို့ဖြစ်လိမ့်မည်။

ရေကူးကန်ကြီးရဲ့အကျယ်အဝန်းက သာမန်အိမ်သုံးကန်တွေထက် ပိုပြီးကြီးမားကျယ်ပြန့်ကာ ပြိုင်ပွဲတွေကျင်းပချင်လျှင်တောင် ကျင်းပလို့ရလောက်သည်။

သူဌေးတွေများတော့ ဘယ်လည်းခေချနိုင်ပေတာပဲ။ ဒီခြံထဲမှာ ရေကူးကန်ကတစ်ခု။ တင်းနစ်ကွင်းတစ်ခုရှိသည့်အပြင်အိမ်ထဲမှာလည်း အားကစားခန်းဆိုတာ သက်သက်ရှိသေးသည်တဲ့။





တော်တော်အားကစားလိုက်စားကြပုံရသည် ...။

ဟုတ်တော့လည်းဟုတ်လောက်ပါရဲ့။ ဒီအိမ်သားအဖြစ်နဲ့ သူတွေ့ဖူးထားသော ကောင်မလေးနှစ်ယောက်စလုံးဟာ အနေတော်အရပ်အမောင်းကလေးတွေနဲ့ ကိုယ်လုံးကိုယ်ပေါက်က တကယ့်အပျံစားလေးတွေ။ နောက်ထပ်ဘယ်နှစ်ယောက်လောက် ဒီအိမ်မှာရှိနေသေးပြီး ဘယ်လောက်လှသလဲဆိုတာ မသိနိုင်သေး။ (ဦးအောင်သူရထွဋ်ခေါင်ကလည်း ဒီအိမ်မှာလာနေဖို့ သူ့ပဲအတင်းအဓမ္မဖိတ်ခေါ်ထားသည့် ဌာန်ကို သူ့အိမ်သားတွေနဲ့ကျတော့ မိတ်ဆက်မပေး)

ဌာန်က တစ်ခြံလုံးကို လှည့်ပတ်ကြည့်ပြီးတဲ့နောက်ဗိုက်ဆံချမ်းသာတာနဲ့အမျှ အပိုဆာဒါးတွေ တော်တော်ချဲ့ထွင်နိုင်တာပဲလို့ ခပ်မဲ့မဲ့ကလေးတွေးလိုက်ချင်သည်။

ရေကန်နှုတ်ခမ်းဘောင်နဲ့ တညီတည်းရှိနေသော ရေမျက်နှာပြင်ကို လက်နဲ့ အသာထိခတ်ကြည့်လိုက်သည်။ လှိုင်းဂယက်ဝိုင်းဝိုင်းကလေးတွေ တစ်ခုပြီးတစ်ခု ဝဲထလာတာကိုကြည့်ကောင်းနေခိုက် ...

"ဗိုး ... ဗိုး ... အား ... အု ..."

ဘာသံကြီးပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



သကော်တာမကွဲပြားသော အသံကြီးတစ်ခုကို မလှမ်းမကမ်းကကြားရသည်။ ဌာန်က အလန့်တကြားလှည့်ကြည့်လိုက်ချိန်မှာ ကိုယ့်ဆီအမြန်နှုန်းနဲ့ ရွေ့လျားလာနေသော အရိပ်တစ်ခု ...

ထပြေးရမလား။

အချိန်မမီတော့။ ဆောင့်ကြောင့်ထိုင်လျက် အနေအထားကနေ မတ်တတ်ရပ်ဖို့ ကြိုးစားလိုက်ချိန်မှာပဲ ထိုအရိပ်က ထင်ထားတာထက် ပိုမိုလျင်မြန်စွာ အနားရောက်လာခဲ့ပြီး ဌာန့်ကို အရှိန်နဲ့ ဝင်တိုက်ပစ်လိုက်တော့သည်။

အိခနဲ့နွေးထွေးသွားသော ခံစားချက်တစ်ခု၊ ပြီးတာနဲ့ လူက အရှိန်နဲ့ လွင့်ထွက်သွားကာ ရေကန်ထဲသို့ ပထမကြားလိုက်ရသည်က ဌာန့်ကိုယ်ကြီး ရေထဲပြုတ်ကျသည့် ဝုန်းခနဲအသံ။ ဒုတိယခံစားလိုက်ရတာက အေးစက်သောရေရဲ့ အထိအတွေ့။ တတိယက ...

အညာသားဖြစ်သော ဌာန်ဟာ ရေမကူးတတ်ပါ။ ရေကို ကြောက်လှတယ်မဟုတ်ပေမဲ့ ကျယ်ဝန်းလှသည့် ရေကူးကန်ကြီးအလယ်သို့ ဝုန်းခနဲ တွန်းချခံလိုက်ရသည့်အခါမှာတော့ ကိုယ်ရေမကူးတတ်ဘူးဆိုသည့်အသိကြီးနဲ့ ထိတ်လန့်တုန်လှုပ်လာရတာပင်။





"ဘောကွင်းကို မြန်မြန်ဆွဲလိုက်လေ ... ဘေးမှာ ညာဘက်ဘေးမှာလေ ... လက်တစ်ကမ်းစာပဲလိုတယ် ..."

သတိပေးသည့် အသံစာစာလေးတစ်ခုကို ဘယ်နေရာကမှန်းမသိ ကြားလိုက်ရသည်။ မျက်လုံးထဲရေတွေဝင်ကာဘာကိုမှ မမြင်ရလောက်အောင် ကျိန်းစပ်နေတာမို့ အသံရှင်ပြောသည့် ဘောကွင်းဆိုသည့်အရာကို စိတ်မှန်းနဲ့ဘဲ လှမ်းစမ်းကြည့်ရသည်။

တော်သေးတာပေါ့။ လက်ကို နှစ်ချက်လောက်ရွေ့လိုက်ရုံနဲ့ ခပ်အိအိ၊ ခပ်ချောချော၊ ခပ်လုံးလုံးအရာတစ်ခုကို စမ်းမိလေလို့။

ဘောကွင်းကို အမြန်ဖက်တွယ်လိုက်နိုင်တာမို့ ဌာန်တို့ရေတိမ်နစ်မည့်ဘေးက လွတ်မြောက်သွားပေတော့တာ။ မဟုတ်လျှင် အညာသားမို့ဌာန်တစ်ယောက် ရေကူးကန်ထဲမှာ နစ်ပြီးသေရှာပြီဆိုသည့် သတင်းကြီးက သေပြီးတာတောင် အရှက်ရချင်ဖွယ်။

ဘောကွင်းကြီးဖက်မိပေမဲ့လည်း ဘာမှဆက်မလုပ်တတ်တော့ လူက ရေလယ်ကောင်မှာ ပေါလောပေါလောကြီး။

"ဒီဘက်ကိုယက်ပြီးကူးလာခဲ့လိုက်လေ ..."



www.burmeseclassic.com

"ကျွန်တော် ရေမကူးတတ်ဘူးဗျ ..."

"ရေကူးတာ ဘာခက်လို့လဲ ... ခြေနှစ်ချောင်းကို အပေါ် မြှောက်ပြီး ခတ်လေ ... လက်တစ်ဖက်က ဘောကွင်းကို ဖိုက်ထားပြီး နောက်တစ်ဘက်က ဆန့်ထုတ်ပြီး ယက်လိုက်၊ ပြီးရင် ခြေထောက်တွေကို ..."

"ဒီအချိန်ရေကူးသင်တန်းဖွင့်ရမဲ့အချိန် မဟုတ်ဘူးဗျ ခင်ဗျား ဆင်းကယ်နိုင်ရင်ကယ် ... မကယ်နိုင်ရင်လည်း ကယ်နိုင်မဲ့ သူကိုသွားရှာခဲ့ဗျာ ..."

"ဟွန့် ... ယောကျ်ားဖြစ်ပြီး ကိုယ့်အခက်အခဲတောင် ကိုယ် တိုင်မဖြေရှင်းတတ်ဘူး ... ကယ်ပါ ... ကယ်ပါနဲ့ ကယ်ပါ ကြီးလားမသိဘူး ..."

"ဘာပြောတယ်ဗျ ... ခင်ဗျား ..."

"ရှင်ပဲ ကယ်ပါ ... ကယ်ပါဆို ..."

ဌာန်က ကုန်းပေါ်က မိန်းကလေးကို တော်တော် ကြီးပြောပစ်လိုက်ချင်ပြီ။ ဘယ့်နှယ်။ သူတိုက်ချလို့လည်း ကိုယ့်အာ သာ လွတ်လွတ်ကျွတ်ကျွတ်နေလျက်သားကနေ ရေထဲပြုတ်ကျ



သေးသည်။ သူကလည်း မကယ်တင်သည့်အပြင် လူကိုလှောင်လား ပြောင်လား၊ နှိမ်လားချလားနဲ့။

ဒါပေမဲ့ စိတ်လိုက်မာန်ပါပြောလိုက်လို့လည်း မဖြစ် သေးပါ။ ကိုယ်က ရေထဲမှာ ဘောကွင်းတစ်ကွင်းနဲ့ ပေါလောပေါ လောမျောနေရတာ။ အနီးအနားမှာလည်း သူမကလွဲလို့ အကူအညီ တောင်းစရာလူမရှိ။ သူမကို ရန်လုပ်လိုက်မိလို့ စိတ်ဆိုးသွားပြီး ထိုယ့်ကိုပစ်သွားလျှင်ဒုက္ခ။

"လာပြီ ... လာပြီ ... ဒါတော့ အလကားနေရင်း ရေစိုရပြီ"

သူမှလာ၍။ ဌာန်လည်း အလကားနေရင်း ရေစိုခံ လိုက်ရတာပဲ။ သူမကမှ ကိုယ့်အပြစ်ကို ကိုယ်ဆေးကြောဖြည့်ဆည်း ဖို့ရေစိုရတာ။ ဌာန်က ဘာအကြောင်းမှလည်းမရှိဘဲ သူမက နမော် နဲ့ဝင်တိုက်မိလို့ အကြောင်းမဲ့ရေစိုခံရတာ။

"ကဲ ... ရှင် ဘောကွင်းကိုကိုင်ပြီး ကိုယ်ကိုဖော့ထား ... ခြေထောက်ကိုအသာလေးလိုက်ခတ်ပေး ... ဘောကွင်းကို ဈွန်မရှေ့ကဆွဲသွားမယ် ..."

ကိုးလိုးကန့်လန့်တွေ၊ အငြင်းပွားမှုတွေ၊ ဆူပူမှုတွေ

www.burmeseclassic.com



ပေါက်မှုတွေ များစွာဖြစ်ထွန်းလာပြီးမှ ဌာန်တို့ ကန်ဘောင်ပေါ်ပြန်ရောက်တော့သည်။

"ဪ ... မောလိုက်တာ ... အသက်တောင်ထွက်လောက်တယ် ... 'ဒါကြောင့် ဆိုရိုးစကားရှိတာ ... ရေနစ်တဲ့သူကို မကယ်နဲ့ဆိုတာ ..."

"ခင်ဗျားကြောင့်နစ်ရတာလေ၊ ကိုယ့်ကြောင့်လူတစ်ယောက် အကောင်းကြီးကနေ သေသွားတာကို လက်ပိုက်ကြည့်နိုင်လောက်အောင် ခင်ဗျား လူမှုရေးစိတ်ဓာတ် ခေါင်းပါးသလား ... ရက်စက်သလား ..."

"ရှင့်ဘာသာရေမကူးတတ်ဘဲ ရေကန်နားလာနေတာကိုး"

"ရေမကူးတတ်တဲ့သူ ရေကန်နားမလာရဆိုတဲ့ ဥပဒေရှိလို့လား ... ဒါမှမဟုတ် ဒီအိမ်တစ်အိမ်ထဲမှာပဲ ဒီဥပဒေရှိတယ်ဆိုရင်တော့ အပြင်လူတွေသိအောင် ဆိုင်းဘုတ်ထောင်ပြီး သတိပေးထားဖို့ကောင်းတယ် ..."

"ဥပဒေရှိလို့တော့ မဟုတ်ဘူးပေါ့ ... ရေကန်နားလာတယ်ဆိုမှတော့ ရေထဲပြုတ်ကျဖို့ ချန့်(စ်)ကတော့ရှိနေတာ



ပဲ ... ဒီတော့ ရေမကူးတတ်တဲ့လူတစ်ယောက်က ရေကန်နား ဒီလောက်နီးနီးလာနေဖို့ မသင့်ဘူးပေါ့ ..."

"ကိုယ့်ဘာသာ နေရုံနဲ့တော့ ရေထဲပြုတ်ကျမလား၊ ခင်ဗျားလို ရှုပ်ပလာ ရှုပ်ပလာနိုင်တဲ့သူမျိုးတွေကြောင့်သာ အခုလို တိုက်တာပဲ ... အော ... သဘောပေါက်ပြီ ... ဒါကြီးစီးလာပြီး အရှိန်မသတ်နိုင်တာကိုး ..."

ရေကန်ဘေးမှာ စက်ဘီးပြားကြီး ...။ မရွှေချောက စက်ဘီးကို အမြန်စီးလာပြီး အရှိန်မထိန်းနိုင်ဘဲ ဌာန့်ကိုဝင်တိုက်မိတာ။

ဒါကြောင့် သူမ ဘယ်ကပေါ်လာမှန်းမသိလိုက်ဘဲ အနားကို လှစ်ခနဲရောက်လာပြီး ဝုန်းခနဲဝင်တိုက်သွားတော့တာ ကိုး။

"စက်ဘီးစီးရတာရှားလို့ဗျာ ... ဒီလိုအန္တရာယ်များတဲ့နေရာမျိုးမှာများ လာစီးရတယ်လို့ ..."

ယောကျ်ားလေးတစ်ယောက်လို ဆံပင်တိုတို၊ ဘေးနှစ်ဖက်ဆံပင်က မျက်လုံးတစ်ဖက်ကို ရှည်ကျဖုံးအုပ်ကာ ရုပ်ကလေးလှသလောက် ဂျစ်ကန်ကန်ပုံပေါက်နေသည့် ကောင်မလေးက ...

www.burmeseclassic.com

www.burmeseclassic.com



"ရှားတယ်ရှင် ... ဒီခြံထဲမှာ ဟိုနေရာပန်းအိုး ... ဒီနေရာ မြက်ခင်း ... ဟိုနားအလှရေကန် ... ဒီနားကျောက်တုံးနဲ့ ရှုပ်ယှက်ခတ်နေတာ ... ဒီရေကန်ပတ်ပတ်လည်ပဲ မြေညီ တာချောတာရှိတယ် ... ဘိုးဘိုးကလည်း စကိတ်ကွင်းတစ် ကွင်းသက်သက်လုပ်ပေးပါဆိုတာ လုပ်ပေးမယ် ပေးမယ်နဲ့ ခုထက်ထိကို လုပ်မှမပေးသေးဘဲ ..."

"ခင်ဗျားရော ဦးအောင်သူရထွဋ်ခေါင်ရဲ့ မြေးပဲလား"

"ဒါပေါ့ ... ကျွန်မက နံပါတ်ငါးမြောက်မြေး ..."

"ဩော ... ကျွန်တော် တစ်ခါမှမတွေ့ဖူးသေးဘူး ... ခင်ဗျား နဲ့ မေသီပွဲ ... အဲလေ ... မေစွမ်းအင်နဲ့က ဘာတော်လဲ"

ကောင်မလေးက ဤခန့်အမေးကို ပြန်မဖြေခင် နှာ ခေါင်းကို အရင်ရှုံ့လိုက်ပြီးမှ ...

"အလကားနေရင်း ဘဝင်မြင့်နေတဲ့ မေစွမ်းအင်လား ... ဘာတော်ရမလဲ ... ဘိုးဘိုးရဲ့ မြေးတွေပါဆိုမှ ညီအစ်မဝမ်း ကွဲတွေပေါ့ ..."

ကောင်မလေးကြည့်ရတာ မေစွမ်းအင်ကို သိပ်ပြီး ကြည့်လို့ရပုံမပေါ်ပေ။ ဤခန့်မြင်သလောက်တော့ မေစွမ်းအင်က





သိပ်ကြီးဆိုးဝါးပုံမရှိပါဘူး။ သူမလေးကိုက စွာတာတာ၊ ဂျစ်ကန်ကန် နဲ့ ဘယ်သူနဲ့မှ တည့်မည့်ပုံမရှိတာ။

"ဘယ်သူက အကြီးလဲ ..."

"ရှင် တော်တော်စပ်စုပါလား ... သူက အကြီးမို့လို့ ဘိုးဘိုး ရဲ့ စည်းမျဉ်းအရ ပြန်ပြောခွင့်မရှိတဲ့ ဘာဖြစ်ဖြစ် အောင့် အည်းသည်းခံနေရတာပေါ့ ... အကြီးဆိုပေမဲ့ သိပ်ကွာလှ တာတော့ မဟုတ်ပါဘူး ... ဘိုးဘိုးရဲ့သားသမီးတွေကိုက မတိမ်းမယိမ်းတွေဆိုတော့ ... အိမ်ထောင်ကျတာလည်း မတိမ်းမယိမ်းပဲ ... ကျွန်မနဲ့ ကျွန်မအောက်က တစ်ယောက် ဆို တစ်လတည်းမွေး ရက်ပိုင်းပဲကွာတာ ... မေစွမ်းအင် ကတော့ ကျွန်မထက် သုံးလကြီးတယ် ... ဟွန့် ... မေမေ ကလေ ... ကိုယ့်သမီးလေးကို လေးလလောက်သာ စော မွေးလိုက်ရင် ခုလောက်ရှိ မေစွမ်းအင်ထက် အကြီးဖြစ်ပြီး သူ့ကို အနိုင်ကျင့်ခွင့်ရနေလောက်ပြီ ..."

ဒါကြောင့်လည်း ဘုရားသခင်က သူမကို အကြီးဖြစ် ခွင့်မပေးတာပေါ့လို့ ဤခန့်စိတ်ထဲကပြောနေမိသည်။ ရသည့်အခွင့် အရေးကို အလွဲသုံးစားလုပ်ပြီး ကိုယ့်အောက်ကလူကို မတရားအနိုင်



www.burmeseclassic.com

www.burmeseclassic.com



ကျွင့်ချင်သူတစ်ယောက်ကို ဘုရားသခင်က ဘယ်မှာလာပြီးအား ပေးအားမြှောက်လုပ်မှာလဲ။

"ဒါနဲ့ စကားမစပ် ခင်ဗျားနာမည် ဘယ်လိုခေါ်လဲ ..."

"ဘာလုပ်မလို့လဲ ..."

"သိထားသင့်တယ် ထင်လို့ပေါ့ ... ကျွန်တော်က ဦးအောင်သူရထွဋ်ခေါင်ရဲ့ ဖိတ်ခေါ်မှုနဲ့ ဒီအိမ်မှာနေပြီး ကျောင်းတက်မလို့လေ ..."

"သိသားပဲ ..."

"သိတယ်ဆိုလည်း ပြီးရောပေါ့ဗျာ ... ကျွန်တော် ဒီမှာ ခပ်ကြာကြာလေးနေဦးမှာဆိုတော့ ခင်ဗျားနဲ့ နောက်ထပ်ဆုံမှာပဲ ... ခေါ်ပြောရမှာပဲ ... အဲဒီအခါကျ နာမည်မှမသိရင်ဖြင့် ... စကိတ်စီးတဲ့အစ်မကြီးလို့ခေါ်ရမလား ... ဒါမှမဟုတ် ဦးအောင်သူရရဲ့မြေးနံပါတ်ငါးရေလို့ ခေါ်ရမလား ..."

"ဟား ... ဟား ... ရတယ် ... ကြိုက်သလိုခေါ်ပေါ့"

ကောင်မလေးက ခပ်ပေါ့ပေါ့အနိုင်နဲ့ပိုင်းပြီး ထွက်သွားသည်။ သို့သော် ကံကောင်းချင်တော့ သူမကောက်ယူလိုက်သည့် စကိတ်ဘုတ်ပြားရဲ့ အောက်ဘက်မျက်နှာပြင်မှာ (ကိုယ့်ပစ္စည်းကိုယ်ညွှာခြောက်စွာ) ရေးထိုးထားသော နာမည်တစ်ခုကို ဗွာန်က တွေ့လိုက်ရသည်။

"နှင်းထွေးနေခြည် ..."

နာမည်ကို ခပ်ကျယ်ကျယ်အသံထွက်အောင် အော်ခေါ်လိုက်တော့ ကောင်မလေးက လှည့်ကြည့်သည်။

သူမနာမည်ကို ဗွာန်က အပိုင်ကြီးခေါ်ချလိုက်နိုင်တာမို့ ကောင်မလေးတော့ တော်တော်လန့်ဖျပ်အံ့ဩသွားမှာပဲလို့ ထင်လိုက်ပေမဲ့ မဟုတ်။ သူမက တစ်ခွန်းတောင် ပြန်မထူး။ အံ့ဩဟန်လည်းမပြ။ အသိရခက်စွာ လှို့ဝှက်သောအပြုံးတစ်ခုသာ ပြုံးလျက် ရှာခနဲပြန်လှည့်သွားသည်။

ဘယ်လိုကောင်မလေးမျိုးလဲ။ ပုံစံကိုက ဂျစ်ကန်ကန် ပေကတ်ကတ်နဲ့ ပေါင်းရသင်းရခက်မည့်ပုံ။ သူများအပေါ်မှာလည်း စိတ်ပုတ်စိတ်ယုတ်က ထားလိုက်သေးသည်။

နာမည်ကကျတော့ နှင်းထွေးနေခြည်တဲ့ ...။ ဘယ်လောက်တောင် နူးညံ့ပျောင်းနွဲ့ပြီး ချစ်စရာကောင်းလိုက်သလဲ။

မေစွမ်းအင်က လူနဲ့နာမည်နဲ့ လိုက်သလောက် ဒီတစ်ယောက်ကျတော့ နာမည်နဲ့ လူနဲ့ တခြားစီ။

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် အခုလိုတခြားစီဖြစ်နေတာကကိုပဲ သူမနာမည်ကို ပိုပြီးမှတ်မိလွယ်စေတာပေါ့။

နွေးနေခြည်။ နွေးနေခြည်။





တွေ့လိုက်ရပြန်ပါပြီ လှစ်ခနဲ အရိပ်လေး။

ဗွာနီ ဒီအိမ်ကို စရောက်ကတည်းက ခန်းဆီးနောက် ကွယ်တံခါးနောက်ကွယ်၊ ဗီရိုနောက်ကွယ် စသည့်နေရာတွေကနေ ရိပ်ခနဲ ရိပ်ခနဲ အရိပ်ကလေးတစ်ခု ပုန်းလျှိုးပျောက်ကွယ်သွားတတ်တာကို သတိထားမိနေသည်။

အခုလည်း ရေမိုးချိုး အဝတ်အစားသစ်တွေလဲပြီး ညနေစာစားဖို့ ထမင်းစားခန်းဘက်ထွက်လာသောဗွာနီ့ကို စာကြည့်ခန်းဟုသိထားသော အခန်းထောင့်ကွယ်ကနေ အရိပ်ကလေးတစ်ရိပ်က ချောင်းကြည့်နေပြန်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဒီအိမ်မှာ အိမ်သားဘယ်နှစ်ယောက်ရှိသလဲ ဗွာန်က အသေအချာမသိ။ ဦးအောင်သူရထွန်းခေါင်ဟာ သားသမီးတွေ အများကြီးရှိပြီး မြေးတွေလည်းအများကြီးရှိတာကိုတော့ ဖေဖေ ပြောထားလို့ရော ကာယကံရှင်ဦးအောင်သူရထွန်းခေါင်ကိုယ်တိုင် က ပြောပြထားလို့ရောသိသည်။

ဦးအောင်သူရထွန်းခေါင်ရဲ့မြေးတွေထဲမှာ အကြီးဆုံး တစ်ယောက်ပဲ ယောကျ်ားလေးဖြစ်လျက် ကျန်သည့်မြေးတွေအား လုံး မိန်းကလေးတွေပဲဆိုတာရယ်။ မြေးအကြီးဆုံးယောကျ်ားလေး က နိုင်ငံခြားကို မိဘတွေနဲ့ အတူလိုက်သွားပြီး ... ကျန်သည့် မြေး မိန်းကလေးတွေအားလုံးကတော့ အကြောင်းအမျိုးမျိုးနဲ့ အဘိုးဖြစ် သူရဲ့အိမ်မှာပဲ နေကြသည်ဆိုတာရယ်၊ အဲဒါတွေကိုတော့ ဗွာန် ဒီအိမ် စရောက်ရောက်ချင်းပဲ ဦးအောင်သူရထွန်းခေါင်က ပြောပြထားပြီး သား။

ဦးအောင်သူရထွန်းခေါင်နှယ်။ ဗွာန့်ကို အိမ်သားတစ် ယောက်လို သဘောထားပြီး ခေါ်ထားချင်တယ်ဆိုရင်လည်း သူ့ မြေးမတွေနဲ့ ခေါ်မိတ်ဆက်ပေးသင့်တာပေါ့။ အခုတော့ ဗွာန့်မှာ





တစ်ခါတွေ့တစ်ယောက်။ နာမည်လည်းမသိ။ အကြောင်းလည်း မသိ။ တွေ့သမျှလူကို နာမည်ပြောပြပါ။ ခင်ဗျားအကြောင်းတွေ ပြောပြပါလို့ လိုက်မေးနေရတော့လည်း ကိုယ်ပဲယောကျ်ားတန်မဲ့ ခပ်ရုရုရောက်သည်။

အခုလည်း သူ့နောက်က တရှစ်ရှစ် လိုက်ချောင်း နေသူဟာ ဘယ်သူလဲမသိ။ ဘာကြောင့်လိုက်ချောင်းနေရတာလဲဆို တာလဲမသိ။

ဗွာန်က ရုတ်တရက် ဆတ်ခနဲအငိုက်ဖမ်းသလို လှည့် ကြည့်လိုက်လျှင် ကိုယ့်ထက်ပိုလျှင်မြန်ပုံရသော နောက်ယောင်ခံ သူအားက ခန်းဆီးစကို ဖျတ်ခနဲလွှတ်ချပုန်းကွယ်လိုက်လေသည်။

ဟူး ... မောပြီ။

တော်ပြီ။ မစုံစမ်းတာပဲကောင်းတယ်။ အချိန်တန် တို့ သူ့အလိုလိုသိချင်သိ။ မသိလာလည်း ကိစ္စမရှိ။ ဒီအိမ်မှာ လူတွေ ဘယ်နှယောက်များတာ။ တခြားသိချင်စရာလူတွေလည်း မနည်းမနော ရှိ နေသေးသားပဲ။

ထမင်းစားခန်းထဲ ဗွာန်ရောက်သွားလျှင် လူသောင်း

www.burmeseclassic.com



ရှင်းနေသောစားပွဲမှာ ဖွယ်ဖွယ်ရာရာပြင်ဆင်ထားပြီး အုပ်ဆောင်းနဲ့ အုပ်ထားတာကိုသာ တွေ့ရသည်။

ဒီလောက်လူများသည့်အိမ်မှာ ဘာကြောင့်ထမင်းစားချိန်ကြီး ထမင်းစားခန်းမှာ လူတစ်ယောက်မှမရှိတာလဲလို့ ပဟေဠိဖြစ်မနေကြပါနဲ့။ ဒီအိမ်ကြီးမှာ ထမင်းစားခန်းနှစ်ခုရှိပြီး ဒွာန်အခုဝင်နေသည့်အခန်းက ဧည့်သည်တွေအတွက် သီးသန့်ထားပေးသည့်အခန်း။ မီးဖိုနဲ့တွဲလျက် အမိကထမင်းစားခန်းကျယ်ကြီးထဲမှာသာ အိမ်သူအိမ်သားတွေကစားလေ့ရှိကြတာမို့ပင်။

ဒွာန်က စားပွဲမှာဝင်ထိုင်လိုက်လျှင်ပင် ... အိမ်ကထမင်းချက်အဒေါ်ကြီး (သူမနာမည်ဒေါ်အေးသာဆိုလား) ချက်ချင်းရောက်ချလာကာ ထမင်းပန်းကန်ထဲ ထမင်းခူးထည့်ပေးသည်။ ဟင်းရည်ပူပူတစ်ခွက်လာချသည်။ ဒီလိုချက်ချင်းလက်ငင်း ဆာ့ဗ်လုပ်နိုင်အောင် သူခမျာ ဘယ်အချိန်ထဲက အသင့်ပြင်ပြီးစောင့်နေရသလဲမသိနိုင်။ အားနာစရာတော့ကောင်းသား။

"သား ... ငါ့ရည်တို့စရာစားတတ်လား ... ဒါမှမဟုတ် ငါ့ကြော်တို့ ဘာလဲချောင်ကြော်တို့လိုဟာမျိုးပဲစားသလား။





အတို့အမြုပ် ဘာကြိုက်တတ်သလဲဆိုတာ ပြောထားဦးနော်၊ အသားကတော့ အမဲသားကလွဲရင် အားလုံးစားတယ်ဆိုလို့ အဒေါ်ဘာသာပဲ ကောင်းမယ်ထင်သလို စီစဉ်ထားတာ ... မကြိုက်တာရှိရင် ... ဒါမှမဟုတ် စားချင်တာရှိရင်မှာထားနော် ... "

"ရတယ် ... ရတယ် ဒေါ်ကြီး ... ကျွန်တော်က ဘာမဆိုအကုန်ကြိုက်တယ် ... ပြီးတော့ ကျွန်တော်တစ်ယောက်တည်းစာကို ဒီလောက်စုံစုံလင်လင် ဖွယ်ဖွယ်ရာရာ ထည့်မပေးပါနဲ့ဗျာ ... အသားဟင်းတစ်ခွက် ... အရွက်ကြော်၊ အသုတ်တစ်ခွက်နဲ့ ဟင်းရည်သောက်ဆိုရင်ရပါပြီ ... အရည်သောက်မရှိတောင် ရေနွေးကြမ်းနဲ့လည်း သောက်တတ်ပါတယ် ... နောက်ပြီး ကျွန်တော်ထမင်းစားရင် စောင့်ပြီး ပြင်ဆင်ခူးခပ် မပေးပါနဲ့ဗျာ ... ထမင်းအုပ်သာထားပေး၊ ကိုယ့်ဘာသာ ခူးစားလိုက်ပါ့မယ် ... ဟင်းရည်လည်း အေးချင်အေးပါစေ တစ်ခါတည်းခပ်သာထည့်ထားပေးလိုက် ... ကျွန်တော်က ... ဧည့်သည်သဘောမျိုးနဲ့ ရောက်လာတာ



www.burmeseclassic.com

www.burmeseclassic.com



မှ မဟုတ်တာ … နေ့တိုင်း ဒီလိုချည်းလုပ်ပေးနေရတော့ ဘယ်သက်သာမလဲ”

“ဒါပေမဲ့ ဆရာကြီးမှာထားတာကရှိတော့ … ”

“ဟုတ်သားပဲဒေါ်ကြီးရဲ့ … သူ့ကို မီးဖိုထဲကို့ နောက်ဖေး က ထမင်းစားခန်းတို့လည်း ပြထားလေ … ဘယ်ဟာကို ဘာခွန်းနဲ့ခပ်ရမလဲ … မီးခလုတ် … လက်နှိုး … အားလုံး ပြထားပေးလိုက်တော့ သူ့ကိုယ်တိုင် ဝင်ခပ်နိုင်တာပေါ့ … အဲဒါမှ သူလည်း ဒီအိမ်မှာ အိမ်သားတစ်ယောက်လို နေသား ထိုင်သားကျသွားမှာ … မဟုတ်ရင် တစ်လျှောက်လုံး ဧည့် သည်ကြီးလို တောင့်တောင့်ကြီးနဲ့ အနေခက်တာပေါ့”

ထမင်းစားခန်းထဲသို့ ပန်းကန်တချို့လာထားသော ကောင်မလေးတစ်ယောက်က ဝင်ပြောလိုက်တာပင်။

ဆံပင်ရှည်ရှည်ကို ကျစ်ဆံမြီးတစ်ချောင်းထဲ ခပ်ဖွဖွ ကျစ်ထားပြီး လည်ပင်းချွန်၊ လက်စက၊ ခါးတင်ပုံစံ ရိုးလှသောအကျႌ နဲ့ ထဘီဆင်တူ ချည်သားအပွင့်ဝတ်စုံလေးနဲ့ ခပ်ရိုးရိုးရှင်းရှင်းပုံစံ ကောင်မလေး။





မျက်နှာထားလေးက တည်ပေမဲ့ကြည်သည်။ တင်း မာမနေ။ စကားပြောပုံက ပြတ်ပေမဲ့ စေတနာပါမှန်းသိသာသည်။ နောက်ပြီး လူကြီးလေးတစ်ယောက်လို မြင်တတ်တွက်တတ်သည့် ပုံ။ ကိုယ်နဲ့မဆိုင်ဘဲ ရဲရဲတင်းတင်းဝင်ပြောလိုက်တာပေမဲ့ ဝင်ရှုပ် သည့်ပုံမပေါက်ဘဲ လူကြီးတစ်ယောက်က ပြဿနာကို ဝင်ဖြေရှင်း ပေးသလိုမျိုး နေရာလေးယူတတ်သည်။

လှတာကတော့ ရှေ့နှစ်ယောက်အတိုင်းပါပဲ။ သူမ က မြန်မာဆန်ဆန် ခပ်အေးအေးဆိုတော့ တစ်မျိုးအမြင်ဆန်းနေ သေးသည်။

“ကျွန်မနာမည် လှိုင်ထိပ်ထားလို့ခေါ်ပါတယ် … ဘိုးဘိုးရဲ့ မြေးထဲမှာ နံပါတ်နှစ် … ကိုကိုကြီးအောက်ကပေါ့၊ ဘိုးဘိုးရဲ့ သမီးအကြီးဆုံးကမွေးတာ … ”

ရှားမှ၊ ဒီအိမ်ရောက်ကတည်းက နာမည်လေးသိရဖို့ အရေး အာပေါက်အောင်မေးရမြန်းရ၊ စပ်စုတယ်လည်းအပြောခံရ၊ ဒီကောင်မလေးကျတော့ … ခုနကတောင် မမေးရသေးခင် သူ့ အကြောင်းပြောပြနေပြီ။

“ကျွန်မက မြန်မာစာအဓိကနဲ့ ဘွဲ့ရပြီးပြီ … မေမေကကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



ယယ်ယယ်လေးတည်းက ဆုံးသွားပြီ ... ဖေဖေက နောက်အိမ်ထောင်ပြုလိုက်တော့ ဘိုးဘိုးက သူ့မြေးကို သူစိမ်းနဲ့ မထားနိုင်ဘူးဆိုပြီး ခေါ်မွေးထားလိုက်တာ ...''

''ဟုတ်ကဲ့ ... ကျွန်တော့်နာမည်က ...''

''ကျွန်မ သိပြီးပါပြီ ... ကိုဌာန်နဲ့ကို လိုအပ်တာမှန်သမျှ ကူပေးဖို့ ဘိုးဘိုးက မှာရင်းနဲ့ အိမ်လုံးပြောပြထားပြီးသား ...''

သူမက အံ့ရပြီးသားဆိုတော့ အခုမှ တတိယနှစ်တက်သည့် ဌာန်နဲ့ထက် အသက်ကြီးမှာပေါ့။

''ကျေးဇူးတင်ပါတယ်ဗျာ ...''

''ကြိုမှ ကိုဌာန်နဲ့ကို ညီမတွေနဲ့လည်း မိတ်ဆက်ပေးဦးမယ်၊ ကိုဌာန် ဘယ်သူတွေနဲ့ဆုံပြီးပြီလဲ ...''

''နှစ်ယောက်ပါပဲ ... တစ်ယောက်က မေစွမ်းအင်၊ နောက်တစ်ယောက်က နုဝေးနေခြည် ...''

လှိုင်ထိပ်ထားရဲ့ စင်ရော်တောင် မျက်ခုံးလေးကွေးတက်သွားကာ လေးကိုင်းနှုတ်ခမ်းလေးက ဝလုံးလိုဝိုင်းစက်သွားသည်။

''နုဝေးနေခြည်နဲ့ တွေ့ပြီးပြီ ... ဘယ်တုန်းကလဲ ...''





''ဒီနေ့မနက်ကတင်ပါပဲ ...''

လှိုင်ထိပ်ထား မျက်နှာပေါ်မှာ ... ဟုတ်ရဲ့လားလို့ သံသယဝင်သည့်အရိပ်။ နောက်တော့ ပါးနပ်သည့် မိန်းကလေးပီသစွာ သူမရဲ့ ဧဝေဝါနိုင်မှုကို ဖုံးကွယ်ပစ်လိုက်လျက် ...။

''ဒါဆိုလည်း ကျွန်တော့်ညီမလေးတွေနဲ့ ကြိုရင်ကြိုသလို မိတ်ဆက်ပေးမယ်လေ ... ဪ ... အတော်ပဲ ... ခင်မနဲ့ ခင်ပရေ ... ခဏလာဦး၊ ဒါက ကျွန်မရဲ့ အငယ်ချွဲညီမလေးတွေလေ ... အမြွှာတွေပေါ့ ...''

''ဟုတ်ကဲ့ ... ကျွန်တော့်နာမည်က ...''

''သိပြီးသား ...''

အမြွှာလို့မပြောရ ... ဖြေတော်တောင်ဖြိုင်တူ။ ရုပ်ကလေးတွေကလည်း ခပ်ဆင်ဆင်။ အသက်ကလေးတွေကတော့ တော်တော်ငယ်ကြဦးမည်။ နုနယ်ပျိုမျစ်သော မျက်နှာလေးတွေမှာ သဘောကောင်းစွာ အပြစ်ကင်းစင်ခြင်းကပါ တွဲလျက်အထင်အရှား။

''တက္ကသိုလ်မတက်ကြရသေးဘူးပေါ့ ...''

''အခုမှ ကိုးတန်းပဲရှိသေးတာ အစ်ကိုကြီးကလည်း ...''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် … ဒါကြောင့် မျက်နှာလေးတွေ ဒီလောက်နုတာ သိသာနေတာပဲ … ဘယ်ကျောင်းမှာ တက်ကြတာလဲ … "

"ကမာရွတ်နှစ်မှာလေ … နှစ်ယောက်စလုံး စာသိပ်တော်တာ … ဘိုးဘိုးရဲ့ မြေးထဲမှာတော့ ဆရာဝန်ဖြစ်ဖို့မျှော်လင့်ချက်ထားနိုင်တာ သူတို့နှစ်ယောက်ပဲရှိတယ် … "

"ကောင်းတာပေါ့ … ညီမလေးတို့ စာတွေဘာတွေမသိရင် ကိုကြီးကိုလာမေး … ကိုကြီးက သချာနဲ့ ရူပဗေဒ သိပ်ရေတာ … ဘိုင်အိုနဲ့ ဓာတုက မပ်ညံ့ညံ့ထဲကပဲ … "

"ဒါဆို မြန်မာစာ၊ အင်္ဂလိပ်စာတော့ ကျွမ်းတယ်ပေါ့နော်"

"ဖွတ်ချီးပဲ … "

"ခစ် … ခစ် … အစ်ကိုကြီးက ရယ်ရတယ်တော့ … "

ချာတိတ်မလေးတွေဆိုတော့လည်း ဘယ်လောက်မှ မကြီးကျယ်သည့် ဟာသလေးတစ်ခုကိုပဲ ခိုးခိုးခစ်ခစ်နဲ့ ရယ်မဆုံး ဒါကြောင့် လူကြီးသူမတွေက ပြောကြတာ။ ဒီအရွယ်ဟာ သစ်ရွက်လှုပ်တာမြင်ရုံနဲ့ ရယ်ချင်တတ်သည့်အရွယ်တဲ့။





ဘာပဲပြောပြော ဒီတစ်ခါသုံးယောက်မှူးကြီး သိခွင့်ရလိုက်တယ်ဆိုတော့ တော်တော်ဟုတ်တာပဲ။ ထိုသုံးယောက်စလုံးဟာလည်း ရိုးသားဖြူစင်ကာ ခင်ချင်စဖွယ်တွေဆိုတော့ … ဒွာန်အတွက်က ကျေနပ်ချင်ဖွယ်ရာပဲပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ဖုန်းလာနေတယ်ဆိုသဖြင့် ဩာန် တော်တော်ပဲ

ဩသွားရသည်။

ဖေဖေပဲ ဖြစ်မလား။ သိပ်တော့မဟုတ်နိုင်။ ဖေ

ဟာ သူ့သားတစ်ယောက်ကို နိုင်းစရာတွေ တစ်ပုံတစ်ပင်ဖြစ်မ

မချင်း သတိရတတ်တာမဟုတ်။ (အတူတူပါပဲ။ ဩာန်ကလည်

ဖေဖေ့ကို ငွေတောင်းစရာတွေစုပုံလာတော့မှပဲ သတိတရဖုန်းဆ

တတ်သူပင်။) လောလောဆယ်တော့ ဖေဖေနိုင်းစရာအပုံလိုက်

ရှင်းပေးပြီးထားတာ သိပ်မကြာသေးဘူးဆိုတော့ နောက်ထပ်

စရာတွေ ဒီလောက်မြန်မြန်ဆန်ဆန်ကြီး ထပ်ပြီးစုပုံလာ

အကြောင်းမရှိ။



ဒါဆို ဘယ်သူဖြစ်မလဲ။ သူ ဒီမှာပြောင်းနေသည်ဆို

တာ သိသူရှားသလို ဒီအိမ်ကဖုန်းနံပါတ်ကိုလည်း ဘယ်သူ့ကိုမှ

မပေးခဲ့။

ကဲပါလေ။ တွေးနေကြာတယ်။ မတွေးနေမကြာ

ဘူး။ ဖုန်းအမြန်သွားကိုင်လိုက်ပါမှ ပဟေဠိက အဖြေညှိပြီးသားဖြစ်

မှာ

"ဟုတ်ကဲ့ ... အမိန့်ရှိပါခင်ဗျာ ... ကျွန်တော် ဩာန်ပါ"

ကိုယ့်ဖုန်းမဟုတ်ဘဲ မှားနေမှာစိုးလို့ ဩာန်က နာမည်

အပြည့်အစုံကို သေသေချာချာပြောလိုက်တာပင်။

"ဟေ့ကောင် ... အောင်မယ် ... ခင်းကများ စကားကို

လှလှလိုချလိုပြောလို့ ... "

သိပြီ။ ဒီအသံကြားလိုက်တော့မှပဲ တောင်းကောင်း

ကြီးသိသွားပြီ ...။ တစ်ဖက်က ဖုန်းဆက်သူဟာ ကျော်ကျော်ဗ။

ပြဿနာကောင်။

"မင်းက ... ဘယ်လိုလုပ် ငါ့ဖုန်းနံပါတ်ကို ရသွားတာ

လဲ ... "

www.burmeseclassic.com



"မင်းအဘိုးကြီးဆီကပေါ့ ... အဲဒေါင်ကိုသွားရှာတော့ မင်းပြောင်းသွားပြီဆိုစာနဲ့ ငါလည်းဘာလုပ်ရမှန်းမသိတာနဲ့ မင်းအဖေဆီ လှမ်းမေးတော့ သူက ဒီဖုန်းနံပါတ်ပေးလိုက်တာ ..."

"အဖေကလည်းကွာ ... မင်းလိုကောင်ကို ဘာဖြစ်လို့များ ဖုန်းနံပါတ်ပေးလိုက်ရတာလဲ မသိဘူး ... လာနှောင့်ယှက်နေတော့မှာပဲ ..."

"ဟား ... ဟား ... မင်းသွားနေတဲ့အိမ်မှာ ကောင်မလေးတွေအများကြီးရှိတယ် မဟုတ်လား ... ဟေ့ကောင် ... မှန်မှန်ပြော ... မင်းတစ်ယောက်ထဲ ဝမ်းသာအားရကြံစည်နေတယ် မဟုတ်လား ..."

တစ်ဘက်ကတော့ စွတ်အထင်ကြီးနေပြီ။ ဒီမှာဖြင့် ကောင်မလေးတွေအားလုံးကိုတောင် စုံအောင်မတွေ့ဘူးသေး။ တွေ့ဖူးသမျှတွေနဲ့ကလည်း တစ်ကြိမ်သာဆုံဖူးတာ ဘယ်လောက်မှ ရင်းနှီးခွင့်မရသေး။

သို့သော် အခွင့်အရေးရသမိုက် ကိုယ့်ကို တစ်ဘက်က အထင်ကြီးအောင် ရောချထားဦးမှ။





"ဒါကတော့ကွာ ... ဟဲ ... ဟဲ ... ဟဲ ..."

"ဘာ့ဟဲဟဲလဲ ... မင်း ဘော်ဒါစိတ်ကိုမရှိဘူး ... မြို့မှာတုန်းကတော့ ကောင်မလေးတွေနောက်လိုက်ရင် ... မင်းနဲ့ ငါ အတူတူပဲလေ ... မင်းရွှောင် ငါ့ဆီက အကြံဉာဏ်တွေယူရသေးတယ် မဟုတ်လား ... မေ့သွားပြီလား ..."

"မမေ့ပါဘူး ... အခုဟာက နှစ်ယောက်တိုင်ပင်ပြီးကြံစည်ရမဲ့ကိစ္စမျိုးမှ မဟုတ်တာ ... အဖေက ငါ့ကို သူ့မိတ်ဆွေအိမ်မှာ နေစေချင်လို့ ပြောင်းနေခိုင်းတာမျိုးပဲ ... မင်းကို ဘာဆိုင်လို့ အဖော်ခေါ်ရမှာလဲ ..."

"ဩော် ... မင်းက ဒီလိုလေသံမာတယ်ပေါ့ ... ဟုတ်လား။ အနည်းဆုံးတော့ ကိုယ့်သူငယ်ချင်းကို လာလည်ဖို့ဖိတ်တာတို့ ကောင်မလေးတွေနဲ့မိတ်ဆက်ပေးတာတို့လောက်တော့ လုပ်သင့်တာပေါ့ ... အင်းလေ ... ငါထင်တယ် ... မင်းကိုယ်တိုင်လည်း ဘယ်အခြေအနေမှ မဟုတ်သေးတော့ ငါ ပြောသလိုလုပ်ပေးဖို့ အစွမ်းအစမရှိသေးဘူးပေါ့ ..."

ဒီလိုအနှိမ်ခံရတော့လည်း ... ဌာနက မခံချင်ပြန်



www.burmeseclassic.com

www.burmeseclassic.com



"ငါက သူများအိမ်ကပ်နေရတာဆိုတော့ မကောင်းတတ်ဘူးထင်လို့ပေါ့၊ ခေါ်မိတ်ဆက်ပေးတာလောက်များတော့ ဘယ်အချိန်လုပ်လုပ်ရတယ် ..."

"အေး ... ဒါဆို မင်းဆီ ငါ တစ်နေ့လာလည်ဦးမယ် ..."

"ဘာလို့လဲကွ ... အာကြောင့်လာလည်ရမှာလဲ ... သူများအိမ်ကြီး အားနာစရာမို့ပါကွာ ..."

"မလာလို့မဖြစ်ဘူး ... မင်းကိုပြောလိုက်တဲ့ ဝတ္ထုစာအုပ်ဟာလေ ... အဲဒါ ငါ့အဒေါ်ကို သူချစ်ချစ်ကြီးက လက်ဆောင်ပေးထားတာမို့တဲ့ ... ငါ့အဒေါ်က ပြန်လိုချင်နေတယ် ... ငါ့ကို ပြန်ယူပေးဖို့ချည်းပဲ တဖွဖွပြောနေတာ ... မင်းနဲ့သာ အမြန်ဆုံးမတွေ့ရရင် ငါ့နားရွက်တွေ ပူပြီးကျက်သွားလိမ့်မယ် ..."

"ငါ လာပေးမယ်လေ ... မင်းအဆောင် ငါ သိနေတာပဲတာ ..."

"မလာနဲ့ ... မလာနဲ့ ... တလောက အဆောင်မှာ ပစ္စည်းပျောက်မှု အကြီးအကျယ်ဖြစ်တာ နှစ်ခါတောင် ... တရား





လည်းမမိဘူး ... အဆောင်ပိုင်ရှင်က ထင်တာတော့ ... အဆောင်သားထဲကပဲ တစ်ယောက်ယောက်က ယူထားပြီး ဧည့်သည်လာလုပ်တဲ့သူနဲ့ ထည့်ပေးလိုက်သလားပေါ့နော်၊ သိသိချင်း ဘယ်သူမှ အပြင်ပေးမထွက်ဘဲ ဝိုက်ရှာတာဘဲ၊ အဲဒီနေ့မှာ အဆောင်ကို ဧည့်သည်အဝင်အထွက်ကလည်း များ၊ နောက်ဆုံး ရှာမတွေ့တော့ အဆောင်ရှင်က ဘာမှ မပြောပေမဲ့ အထင်ခံရတဲ့သူတွေက ကိုယ့်ဧည့်သည်လာရင်တောင် မျက်နှာပျက်ပျက်တွေနဲ့ ဖြစ်နေကြရရော ..."

"ဒါဆိုလည်း မင်းဆီလာရင် ငါတို့ ထိုင်နေကျ လက်ဖက်ရည်ဆိုင်မှာ ဆုံကြမလား ..."

"ဘယ်လိုဖြစ်နေတာလဲ ... မင်းဆီကို ငါလိုက်လာမှာ တော်တော်စိုးရိမ်နေတယ် ဟုတ်လား ... အေးပါကွာ ... မင်းမှ မခေါ်ချင်လည်း ငါ မလာတော့ပါဘူး ... ငါ့စာအုပ်လေးသာ လာပေးဖြစ်အောင်ပေးပါတော့ ..."

ဟူး ...။ တော်ပါသေးရဲ့။ ကျော်ကျော် ဒီလောက်နဲ့ လက်လျှော့သွားပေလို့။ ဒီငရွှပ်ကောင်က ကောင်းရာကောင်းကူပြီး



www.burmeseclassic.com

www.burmeseclassic.com



အလုပ်တွေမှာ ဝီရိယရှိချင်မှရှိမည်။ သူများကို ဒုက္ခပေးဖို့ ပြဿနာရှာဖို့အတွက်ဆိုလျှင်တော့ ဝီရိယရော၊ ဇွဲရော၊ လုံ့လရော ကောင်းမှကောင်း။ ဒီဇာတ်ကောက်လွယ်လွယ်နဲ့ လက်လျှော့သွားတော ဘုရားမ တာပါပဲ။



ရေကန်နားတပ်လိုက်တာနဲ့ ကိုယ့်ရှေ့က ၅ှိုးခနဲ ပျော်သွားသည့် အရိပ်တစ်ခုကို မြင်လိုက်ရပြီ။

ဒီတစ်ခါတော့ ကိုယ်က ဦးအောင်မြင်လိုက်ရတာ ခါ ဗွာနွှာ ပြုံးမိသွားသည်။

ထုံးစံအတိုင်း နတွေးနေခြည်တို့ ရေကန်နားမှတ် ထား ကတ်စီးနေပြန်ပြီပေါ့။

ဗွာနိက အသာလေး စောင့်ကြည့်နေလျှင် ချာတိတ် ထား ဂိုယ့်မျက်စိရှေ့တင် နောက်တစ်ခေါက် ဖြတ်သွားပြန်သည်။ တကြိမ်စလုံး ဗွာနိကို တွေ့သွားပုံမရသေး။

www.burmeseclassic.com



လှန့်လိုက်ဦးမှပါပဲ။

တတိယအကြိမ် ... ကောင်မလေး ပြန်ဖြတ်ချိန်လောက်ရောက်လျှင် ဌာန်က သူမ သွားနေရာ လမ်းကြောင်းနဲ့ ပိုနီးသော ချုံပင်တစ်ခုနားကို ကပ်လိုက်လျက် ကိုယ့်ရှေ့က အရိပ်လေး ဖြတ်သွားတာနဲ့ ...

"နုထွေးနေခြည် ..."

"အောင်မယ်လေး ..."

ဟား ... ဟား။ ဘယ်ရမလဲ။ ခုတော့ လန့်သွားပြီမဟုတ်လား။ အသံတွေဘာတွေ ထွက်အောင်ကို အော်နေပြီ။

"ဘယ်သူလဲ ... ဒီနားမှာ ဘယ်သူလဲ ငါ့နာမည်ကို အော်တာ ခုချက်ချင်းထွက်လာခဲ့စမ်း ..."

အောင်မယ်လေး။ အသံက မာလှပါလား။ ခုနစောက လန့်သွားသည့်အရှိန်နဲ့ ပေါင်းထားလို့လား မသိ။ အသံကြီးက လိုအပ်တာထက် နှစ်ဆလောက် ပိုပြီး တင်းမာသယောင် ဖြစ်နေသည်။

ဌာန်က ချုံပင်အကွယ်လေးကနေ စပ်ဖြဲဖြဲမျက်နှာလေးနဲ့ အပြင်ကို ထွက်ရပ်လိုက်သည်။





ကောင်မလေးတော့ သူ့ကိုတွေ့လျှင် တအံ့တသြ ဖြစ်သွားမှာပဲလို့ ကြိုတင်တွက်ဆထားလိုက်ပေမဲ့ အကယ်တမ်း အံ့သြသွားရသူက ဌာန်သာလျှင် ဖြစ်လေသည်။

မွေးပွအသား ခါးစည်းပါဝတ်ရုံကိုဝတ်လျက် ဆံပင်အားလုံးကို သိမ်းစုကာ ပလတ်စတစ်ခေါင်းစွပ်လေး စွပ်ထားသော မိန်းကလေးက သူ ထင်ထားသည့် နုထွေးနေခြည်မှ မဟုတ်တာဘဲ။

"ဟာ ... ဆောရီးပဲဗျာ။ ကျွန်တော်က နုထွေးနေခြည်မှတ်လို့ လှမ်းခြောက်လိုက်တာ စိတ်မရှိပါနဲ့နော် ..."

"ဘာပြောတယ် ... နုထွေးနေခြည် မှတ်လို့ဆိုတော့ ကျွန်မက ဘယ်သူမို့လို့လဲ ..."

"ဒါတော့ ကျွန်တော် ဘယ်သိမလဲဗျ ... ကျွန်တော် သိတာ နုထွေးနေခြည် မဟုတ်ဘူးဆိုတာပဲ သိတာ ..."

"ရှင် ဦးနှောက်မှ ကောင်းသေးရဲ့လား ... ကျွန်မကို နုထွေးနေခြည် မဟုတ်ဘူးလို့ ပြောရအောင် ရှင့်ကို ဘယ်သူက ဘာပြောထားလို့လဲ ..."



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားနဲ့ပတ်သက်ပြီး ကျွန်တော့်ကိုဘယ်သူကမှ ဘာမှ ပြောမထားပါဘူး … ပြောထားစရာအကြောင်းလည်း မရှိဘူးလေ … ခင်ဗျားကို ကျွန်တော်မှ မသိတာ … "

"ကျွန်မကို မသိဘူးလည်းဆိုသေး … ကျွန်မနာမည်လည်း တတွတ်တွတ်ပြောသေး … ပြီးတော့ အဲဒါ ကျွန်မနာမည် မဟုတ်ဘူးဆိုပြီးတော့လည်း အတင်းအဓမ္မ ပြောနေသေးတယ် … ရှင် ဘယ်လိုလူလဲ … "

"ခင်ဗျားနာမည်ကို ကျွန်တော်က ဘယ်တုန်းက သိထားလို့ တတွတ်တွတ်ပြောနေနိုင်မှာလဲ … "

"နုဖွေးနေခြည်ဆိုတာ ကျွန်မနာမည်ပဲလေ"

"ဟာ … မဖြစ်နိုင်တာ ခင်ဗျားကလည်း … "

"အလို … ကိုယ်တိုင်က ကိုယ့်နာမည်မို့လို့ ပြောနေတာကို ဘာလို့မဖြစ်နိုင်ရမှာလဲ … "

"ဟုတ်မှ မဟုတ်တာ … "

"ရှင်က ဘာနဲ့ သက်သေပြမှာလဲ … "

"နုဖွေးနေခြည်ဆိုတာ … ဆံပင်တိုတို ကုပ်ဝဲလေးနဲ့





ယောက်ျားလေးလိုလို ပုံစံပါ … ခင်ဗျားလို ဆံပင်ရှည် ကောက်ကွေးကွေးနဲ့ မိန်းကလေးလို့ နုနုရွရွ မဟုတ်တာ"

ဆံပင်ကို ရေစစ္ဆာဝင်း ဆံပင်ပုံစံမျိုး လိမ်ကွေးကွေး သေးသေးလေးတွေ ကောက်လျက် ရွှေရောင်တောက်တောက် ဆိုးထားတာမို့ ကြွေသားဖြူရောင် အသားအရေရယ်၊ မျက်ဝန်းပြာလဲ့လဲ့လေးတွေရယ်နဲ့ တွဲဖက်လိုက်လျှင် တကယ့်အိုမကာလေးလို ပဲ လှပချောမောလွန်းသော (ဒီအိမ်မှာ သူ မြင်ဖူးခဲ့သမျှ မိန်းကလေးတွေထဲမှာတော့ အချောဆုံး အလှဆုံးပဲ ဖြစ်သည်။) မိန်းကလေးအား ဘယ်လိုပဲကြည့်ကြည့် ဟိုကျစ်ဆွေးမကလေးနဲ့ တစ်ခြေးသားမှ မတူပါ။

"သေချာပါတယ် … ဟိုနေ့က ကျွန်တော် တွေ့ခဲ့တဲ့ နုဖွေးနေခြည်ကို အခု ဒီပုံဖြစ်အောင် ပြောင်းရမယ်ဆိုရင် နတ်ရေကန်ထဲ စိမ်ချလိုက်နိုင်မှပဲ ဖြစ်မှာ … "

"ဟိုနေ့က နုဖွေးနေခြည်နဲ့ တွေ့ခဲ့တယ်ဆိုတော့ ဘယ်မှာ တွေ့ခဲ့တာလဲ … နာမည်ချင်းတူရုံနဲ့ လူတစ်ယောက်တည်း ဖြစ်ရမယ်လို့တော့ ပြောလို့ရမလား … "



www.burmeseclassic.com

www.burmeseclassic.com



"ဒီအိမ်တစ်အိမ်ထဲမှာတော့ နုဝေ့ဇွေးနေခြည် နှစ်ယောက်
မရှိနိုင်ပါဘူး မဟုတ်လား ..."

"ဟုတ်တယ် ... မရှိဘူးလေ၊ တစ်အိမ်လုံးမှာ ဒီနာမည်ပိုင်
တာဆိုလို့ ကျွန်မတစ်ယောက်တည်းပဲ ရှိတယ် ... ဒီရပ်
ကွက်ထဲမှာတောင် ... ဒီနာမည်မျိုး ကျွန်မတစ်ယောက်
ရှိမှာ ..."

ကောင်မလေးပြောနေပုံက တိကျပြတ်သား နိုင်လ
လွန်းလှ၍ ဗြာန်ပင် အတော်ကြီး အတွေးရောက်သွားသည်။

"ခင်ဗျားနာမည် နုဝေ့ဇွေးနေခြည်ဆိုတာတော့ သေချာတယ်
နော် ..."

"အခုပြောတယ် ... ကိုယ့်နာမည်ကို မဟုတ်မဟုတ် ယိ
ပြောရလောက်အောင် ကျွန်မက အားယားနေတယ် ထ
လို့လားဟင် ... ရှင့်ကို ကျွန်မစိတ်နဲ့ ဒီလောက် သည်းခံပြ
ပြောနေတာတောင် လွန်လှပြီ ... ဘယ့်နှယ် ... ဘယ
မှန်းမသိတဲ့ လူတစ်ယောက်ကိုများ အချိန်ပုပ်ခံပြီး နော
ပြောင်နေရဦးမယ် ..."



"ကျွန်တော်က ဝမ်းတွင်းက လာတာပါ ..."

"ရှင့်ကို ဘယ်သူက မေးသေးလို့လဲ ..."

"မသိဘူးလေ ... ခင်ဗျားပဲ ဘယ်ကမှန်းမသိဘူးဆိုလို့"၊

"အဲဒါ ရှင့်ဇာတိကို မေးတာမဟုတ်ဘူးရှင့် ... ကဲ ... တော်
ပါပြီ ... ရှင့်နဲ့ ပြောရတာ ပင်ပန်းတယ်၊ ကျွန်မကို ရှင် ဘယ်
သူထင်ရင်လည်း အရေးမကြီးဘူး ... အဲ ... တစ်ခုတော့ရှိ
တယ် ... တခြားတစ်ယောက်ကိုတော့ ကျွန်မနာမည်
သွားမခေါ်နဲ့ ... သည်းမခံနိုင်ဘူး ..."

"အဲဒါကြောင့် ဖြေရှင်းနေရတာပေါ့ ... ကျွန်တော်က
ခင်ဗျားမဟုတ်တဲ့တစ်ယောက်ကို နာမည်ခေါ်ဖို့ရှိနေတာ၊
ဘုမသိဘမသိတော့ အပိတ်ပင့်မခံနိုင်ဘူး ... ခင်ဗျားနာမည်
တကယ် ဟုတ်မဟုတ်ဆိုတာ သေချာအောင်တော့လုပ်မှ
ဖြစ်မယ် ..."

ကောင်မလေးက ကျွတ်ခနဲ စုပ်သတ်ကာ ...

"ရှင့်ကိုပဲ အရင်မေးပါရစေဦး ... ဒီအိမ်က ဘယ်သူကများ
ရှင့်ကို ... သူ့နာမည် နုဝေ့ဇွေးနေခြည်ပါလို့ ပြောသွားတာ
လဲ ..."

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူကမှ မပြောဘူး ..."

"ရှင်ပြောတော့ ကျွန်မ မဟုတ်တဲ့ တခြားတစ်ယောက်ကို နဲ့တွေ့နေခြည်လို့ ထင်နေတယ်ဆို ..."

"ဟုတ်တယ်လေ၊ အဲဒီတစ်ယောက်ရဲ့ စကိတ်ပြားအောက်မှာ ... နဲ့တွေ့နေခြည်လို့ နာမည်ထိုးထားတာကို ကိုယ် ဘာသာဖတ်ပြီး ..."

"ပြော ... ပြော ... ရှင်က အဲဒီတစ်ယောက်ကို စကိတ် စီးနေတာ တွေ့ခဲ့တယ်ပေါ့ ..."

"ဟုတ်တယ် ... အဲဒီတုန်းက ..."

"တော်ပြီ ... တော်ပြီ ... သဘောပေါက်ပြီ ... အလိုရှင် ... ကိုယ့်ပစ္စည်းလည်း ခိုးသုံးခံရသေးတယ် ... ကိုယ့်နာမည် ကိုလည်း တခြားတစ်ယောက်လို့ အထင်ခံရသေးတယ် ... ဒီမှာ ... ရှင်တွေ့ခဲ့တဲ့ စကိတ်ပြားမှာ နဲ့တွေ့နေခြည်လို့ နာမည်ထိုးထားတာတော့ အမှန်ပဲ ... ဘာဖြစ်လို့လဲဆိုတော့ အဲဒါ ကျွန်မ စကိတ်ပြားကိုး ..."

"ဒါဖြင့် ကျွန်တော် တွေ့ခဲ့တဲ့ တစ်ယောက်က ခင်ဗျား စကိတ်ပြားကို ယူစီးနေတာပေါ့ ..."





"အစစ်ပဲ ... ကျွန်မက ဆီးဂိမ်းပြိုင်ပွဲမှာ ရေကူးဝင်ပြိုင်ဖို့ ပါသွားတာ ... ဒီနေ့မနက်မှပြန်ရောက်တယ် ... ဒီတော့ ဟိုနေ့က ရှင်တွေ့တဲ့သူဟာ ကျွန်မတော့ လုံးဝမဖြစ်နိုင် တော့ဘူး ... ဒါပေမဲ့ ဘယ်သူလဲဆိုတာ ကျွန်မသိပါတယ်၊ ကိုယ့်ပစ္စည်းတော့ နမြော်ပြီး သူများပစ္စည်းကျ အားမနာ ပါးမနာ သုံးတတ်တဲ့သူ ဒီအိမ်မှာ တစ်ယောက်ပဲရှိတယ်"

"ဟုတ်လား ... ဘယ်သူများလဲ"

"ဂျမ်းဂျမ်း ..."

"ဂျမ်းဂျမ်း ... ဟုတ်လား ... ခင်ဗျား လင်ကွန်းတီးပြနေ တာလား ..."

"မဟုတ်ဘူး ... သူ့နာမည် ဂျမ်းဂျမ်းပဲ ... မွေးကတည်းက ဆိုးလွန်းကြမ်းလွန်းလို့ဆိုပြီး သူ့မိဘတွေက နာမည်ပြောင် ခေါ်ရင်းကနေ နာမည်အတည်မှည့်ရသေးခင်ဘဲ နှစ် ယောက်လုံး တစ်ပြိုင်တည်းဆုံးသွားတာလေ ... ဒါနဲ့ ... ကျန်တဲ့သူတွေက မိဘတွေပေးခဲ့တဲ့နာမည်အတိုင်းပဲ ထား လိုက်ပါတော့မယ်လေဆိုပြီး ထားရာက ဂျမ်းဂျမ်းလို့ပဲ တွင်သွားတာ ..."



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုလား။ အဲဒီလိုဆိုတော့လည်း ကောင်မလေးက သနားစရာ။

"ကဲ ... ရှင့်အမှား ရှင်သိပြီ မဟုတ်လား ... ကျွန်မ လူတစ်ယောက်ကို ဒီလောက်စကားများများပြောပြီး မဖြေရှင်းဖူးဘူး ... ကျွန်မနာမည်ကို ရှင်အလွဲသုံးစားလုပ်နေမှာစိုးလို့ ပြည့်စုံအောင် ရှင်းပြနေရတာ ..."

"ကျွန်တော့်နာမည် မိဒ္ဓာန်ပါ ..."

"ရှင့်နာမည် ကျွန်မ သိပြီးသားပဲ ... ဘာလို့ ပြောပြနေရမှာလဲ ... မေးမှမမေးတာ ..."

"ခင်များပဲ ပြည့်စုံအောင် ရှင်းပြတယ်ဆိုလို့ ကျွန်တော့်နာမည်ကို ပြည့်စုံအောင်လို့များ ထင်နေသလားလို့ ..."

မိန်းကလေးက ကြိုကြိုဖန်ဖန် နောက်စရာလားဆိုသည့် မြင်ကတ်ကတ်အကြည့်မျိုးနဲ့ ဒွာန်ကိုကြည့်သည်။

"တော်လောက်ပြီ ... ရှင်နဲ့စကားဆက်ပြောစရာကြောင်းဘာမှမရှိတော့ဘူး ... ရှင့်မှာလုပ်စရာ တစ်ခုပဲရှိတယ် ... နွေးနေခြည်ဆိုတဲ့ နာမည်ကိုမေ့ပစ်လိုက် ..."

"ခင်ဗျားကိုတွေ့တော့ရော ဘယ်လိုခေါ်ရမလဲ ..."

"ခေါ်စရာမလိုဘူး ... ရှင်နဲ့ကျွန်မ တစ်သက်လုံးမှာ ပြောစရာ ဒါအကုန်ပဲ ..."

"မဟုတ်တာ ... ကျွန်တော်က ဒီအိမ်မှာ အကြာကြီးနေဦးမှာ ... ခင်ဗျားလည်း ဒီအိမ်မှာနေတာပဲ မဟုတ်လား ... နောင်ကျ တစ်ချိန်ချိန်တွေ့ကြဦးမှာပဲ ... နာမည်တော့ခေါ်ရဦးမှာပေါ့ ..."

"မလိုဘူး ... နောင်လည်း နာမည်ခေါ်ပြီး နှုတ်ဆက်ရစကားပြောရလောက်အောင် တွေ့မှာမှ မဟုတ်တာ ... ရှင့်လို ... အချိန်တန်ပြန်သွားမဲ့လူမျိုး မပြောနဲ့ ဒီအိမ်မှာ ယယ်ငယ်လေးတည်းက တစ်သက်လုံး အတူနေလာတဲ့ သူတွေနဲ့တောင် ... ကျွန်မက သိပ်စကားပြောဖူးတာ မဟုတ်ဘူး ..."

လွန်ပုံပါဗျာ ... ။ ရုပ်ကလေးလှသလောက် ဘဝင်ကခေါင်ခိုက်နေလိုက်တာ။

"ကောင်းပြီဗျာ ... ခင်ဗျားကိုတော့ နောင် ထပ်တွေ့လို့ နာမည်ခေါ်စရာအကြောင်းရှိလာရင်တောင် နွေးနေခြည်လို့ မခေါ်တော့ဘူး ... ဒေါ်မာနလို့ပဲ ခေါ်တော့မယ်"







www.burmeseclassic.com

www.burmeseclassic.com



"ဟော့ ... ရှင် ..."

ဒီတစ်ခါတော့ ဈာန်က အနိုင်နဲ့ဗိုင်းကာ သူမဘာမှ ပြန်မပြောနိုင်ခင် အရင်ဦးအောင် ထွက်လာခဲ့လိုက်တော့သည်။



"ဒီမှာ ကောင်လေး ... တံခါးဖွင့်ပေးဦး ..."

အထက်စီးဆန်လှသည့် စကားသံကြောင့် ဈာန်က တော်တော်လေး ဗီလင်အောက်သွားသည်။

တိုင်းရင်းဖြစ် နိုင်ငံခြားသားသံ ခဲလှသော ထိုအသံပိုင်ရှင်ဟာ စက်ဘီးရဲ့ကယ်ရီယာခုံမှာ အရောင်စွဲတေ ညစ်ထေးသော သစ်သားဗန်းကြီးတစ်ဗန်းကိုတင်လျက်၊ သူကိုယ်တိုင်ကလည်း သူ့ဗန်းထက် အရောင်မနိမ့်သော စွပ်ကျယ်ချိုင်းပြတ်၊ ဘောင်းဘီတိုအပွနဲ့ ရွှေသွားတဝင်းဝင်း။ အဲ ထိပ်ပြောင်ကြီးကလည်း တဝင်းဝင်းတပြောင်ပြောင်ပါပဲလေ။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုပုံစံနဲ့ လူကြီးတစ်ယောက်က ... ကိုယ့်ကို အထက်စီးလေသံနှင့် လာခေါ်သည်ဆိုတော့ စဉ်းစားကြည့်ကြပါ။ ဘယ်သူမဆို အခံရခက်မှာပဲပေါ့။

သို့သော် ကိုယ်က ဒီမှာညှိသည်။ အခုလာသူက အိမ်ရှင်တွေနဲ့ ဘယ်လိုပတ်သက်နေမှန်းမသိ။ ဒီအိမ်မှာ ဘယ်လောက်အရေးပါ အရာရောက်မှန်းမသိဆိုတော့ ကိုယ့်အိမ်ကိုယ့်ရာမှာလို သဘောထား ဆက်ဆံလို့မရပြန်ပါပေ။

"လာပြီ ... လာပြီ ..."

ဌာန်က တံခါးဖွင့်ပေးဖို့ မျှင်းရိပျှင်းတွဲလျှောက်သွားနေခိုက် ခပ်သွက်သွက် အော်သံနှင့်အတူ တဖုတ်ဖုတ်ပြေးလွှားလာသော ခြေသံလေးက သူ့ကိုကျော်တက်သွားသည်။

"နောက်ကျလိုက်တာ ဦးပေါက်ဖော်ကြီးရယ် ... ဒီမှာ အားလုံးက ... စည်စည့်ကို ဝိုင်းပြီး မေတ္တာပို့ကုန်ကြပြီရှင့် သိရဲ့လား ..."

"လာမှာပေါ့ ကလေးမရဲ့ ... ကလေးမက သေချာလုပ်ပေးဆိုလို့ ရေဆေးတာကအစ ခါတိုင်းထက် အချိန်ပိုယူထားတာ ... ပြုတ်တော့လည်း ပိုနူးအောင်ပြုတ်ရသေးတာ"



"တအားများ နူးပြကုန်အေးလားဟင် ..."

"စားကောင်းယုံပေါ့ ..."

"လာ ... လာ ... အိမ်ထဲဝင် ... ခြံထဲမှာ အရိပ်ကောင်းတဲ့ နေရာရှာထားတယ် ... လာကြဦးပေါ့ ... ဦးပေါက်ဖော်ကြီး ရောက်လာပြီ ..."

ကောင်မလေးက ဌာန့်အားကနေ ငှက်ကလေးတစ်ကောင်လို လှစ်ခနဲ ပြန်ပြေးပြန်သည်။ အိမ်နားအထိ တောက်လျှောက်ပြေးသွားပြီးမှ တံခါးဝနားရောက်တော့ ...

"အားလုံး မြန်မြန်ထွက်လာကြနော် ... ခုံတွေလည်း ယူခဲ့ ..."

အော်စရာရှိတာ အော်ပြီး တစ်ခါ ဦးပေါက်ဖော်ထံ ပြန်လှည့်ပြေးလာပြန်ကာ

"ဦးပေါက်ဖော်ကြီး လာ ... ဒီခြံထဲမှာ ဘယ်တော့မှ နေပျောက်မထိုးမဲ့နေရာ ရှိတယ် ..."

နှစ်ယောက်သား ဌာန့်ရှေ့ကနေ ဖြတ်သွားကြပြန်သည်။ ဒီတစ်ခါလည်း ကောင်မလေးက ဌာန်ရှိနေတာကို သတိ

www.burmeseclassic.com

www.burmeseclassic.com



တောင် ထားမိပုံမပြ။ ဦးပေါက်ဖော်ကြီးကသာ 'ငါဘာကောင်လဲ ဆိုတာ သိပြီ မဟုတ်လား' ဆိုသည့် မာန်တက်သည့်ရုပ်ကြီးနဲ့ ခပ်ကြွားကြွားကြည့်သွားသေးတာ။



သူတို့နှစ်ယောက် ခြံထောင့်က အရွက်စိပ်စိပ် အရိပ်ကောင်းကောင်း မရမ်းပင်ကြီးအောက်လည်းရောက်ရော အိမ်ထဲက နေ ကောင်မလေးတစ်အုပ် တစုန်းဂုန်း ပြေးထွက်လာကြပါလေရော။

ရှေ့ဆုံးကထွက်လာသူမှာ (နဖွေးနေခြည်ဟုအမှာန် ကထင်ခဲ့သော)ဂျမ်းဂျမ်း။ သူမနောက်က မေစွမ်းအင်။ နောက်တော့ လှိုင်ယိုင်ထားနဲ့ ခင်မျ ခင်ပတို့ အမြွာညီအစ်မ။ ပြီးတော့ သူ မတွေ့ဘူးသေးသည့် ကောင်မလေးတစ်ယောက်။ နဖွေးနေခြည်ကိုတော့ မတွေ့ရ။ ဖြစ်လောက်ပါတယ်လေ။ သူမကိုယ်တိုင် ပြောထားသားပဲ။ အိမ်သားတွေနဲ့သူမဟာ ဆုံခဲလှသည်ဆိုတာ။

www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးတွေဟာ လက်ထဲကိုယ်စီ ယူလာသော ပလတ်စတစ်ခွံပုလေးတွေနဲ့ ဦးပေါက်ဖော်ကြီးနားဝိုင်းထိုင်လိုက်ကြသည်။ (အဲဒီအချိန်မှာ ဦးပေါက်ဖော်ကြီးက သူ့ပစ္စည်းတွေကို ခင်းကျင်းနေရာချပြီး သူကိုယ်တိုင်လည်း ခုံတစ်လုံးနဲ့အကျအန ထိုင်နေပြီ)

အြော် ... ဟော်။ အခုမှပဲ ဦးပေါက်ဖော်ကြီး ဘာဆိုတာ ဗျာနက်သိတော့သည်။ (ပညာရှိတို့ပြေးကြည့်ရင်တွေးကြည့်တာ ထွက်မှန်းထယ်ဆိုတဲ့သဘောပေါ့)။ ပျို့တိုင်းကြိုက်တဲ့နှင်းဆီနိုင်အဲလေ တုတ်ထိုးဆိုင်ရှင်ကြီးပဲ။

သူ့ရှေ့ကဇန်းထဲမှာ အမျိုးအမျိုးအဖုံဖုံစုံလှပါတဲ့ ကလီစာတွေ။ ဓားတစ်ချောင်းနဲ့ တရှပ်ရှပ်လှီးလိုက်၊ တုတ်တွေနဲ့ ထိုးလိုက်နဲ့ စက်တပ်သလို တရစပ်လှုပ်ရှားနေတာတောင် ဝယ်လိုအားကိုရောင်းလိုအားကမလိုက်နိုင်။ ကောင်မလေးတွေထံက ဟိုဟာပေးပါဦး၊ ဒီဟာပေးပါဦးဆိုသည့်အသံတွေဟာ ထွက်လို့ကိုမဆုံး။

"လျှာ ... လျှာပေးပါဦး ... အာ ... အဲဒီအချွန်ဝိုင်းကြီးကိုပြောတာမဟုတ်ဘူး ... စည်စည်က လျှာဖျား





နဲ့ပေါ့ပေါ့လေး ပြောတာတ်တာမျိုးဆို သိပ်မုန်းတာ ... လျှာရင်းသားပေး ... အဲဒါက မှ အရသာအီဆိမ့်လေးနက်တာ ..."

"အလယ်မှာအဆီကင်းလေးထည့်ထားတဲ့ အသည်းရောကုန်ပြီထင်တယ် လှီးပေးပါဦး ..."

"ဦးနှောက်ကို သံပရာရည်လေးဆမ်းထားတာလုပ်ပေးပါ ..."

"နားရွက် ... အရိုးနုများတဲ့နေရာကလှီးပေးပါ"

"အူမကြီးကွင်းတွေက သေးလိုက်တာ ... အဆီများများနဲ့ ဝဝလေးမရှိတော့ဘူးလား ..."

တစ်ယောက်တစ်မျိုး ပြောနေကြတာကို နားထောင်ပြီး တော်တော်လည်း စစ်စစ်ပေါက်ပေါက်၊ စုံစုံစေ့စေ့သိနိုင်တဲ့ကောင်မလေးတွေပါလားလို့ ချီးကျူးရမလိုပင်။ ဝက်သားတုတ်ထိုးတစ်ဗန်းလုံးကို လက်ညှိုးထိုးထား ဒါကဘာအသား၊ ဟိုဟာကဘာအသားရယ်လို့ တန်းခနဲ နာမည်တပ်ပြီးပြောနိုင်ကြတာ။

"ဟယ် ... ဗျာနီ ... လာထိုင်လေ ... စားပါလား ... ဝက်သားစားတယ်မဟုတ်လား ..."

အားလုံးထဲမှာ တို့ကနန်း၊ ဆိတ်ကနန်းလောက်စားပြီး အရင်ဆုံးတော်လိုက်သော လှိုင်ထိပ်ထားက ဗျာနီကိုမြင်သွား

www.burmeseclassic.com



သည်။ ဒီတော့မှ သူတို့ခွေးသေကောင် လင်းတဆွဲသလို ရုတ်ရုတ်သဲသဲဖြစ်နေတာကို ကြည့်ကောင်းကောင်းနဲ့ ကြည့်နေမိသော ဥာန်လည်း ငါများရိုင်းသွားပြီလားလို့ အားနာသွားရသည်။

"နေပါစေ ... မစားတော့ပါဘူး"

"မလှိုင် ... အဲဒါ ကိုဥာန်ဆိုတာလား ... ဟုတ်လား ... လာလေ ... လာစားပါ ... ဒီမှာအများကြီးပိုသေးတာ ... စည်စည်တို့က လက်ရည်အကျပိုင်းရောက်ပြီ ... "

အကျပိုင်းသာရောက်တာ ပါးစပ်အပြည့် ပလုတ်ပလောင်းဝါးရင်း လက်တစ်ဖက်စီမှာလည်း တုတ်ထိုးတစ်ချောင်းစီ တော့ ကိုင်ထားသေးသ၏။

"နေပါစေ ... ကျွန်တော်"

"အားမနာပါနဲ့ ... လာပါဆို ... "

ကောင်မလေးက ... ရဲရဲတင်းတင်းပဲ ဥာန့်လက်ကို ဖျတ်ခနဲဆွဲကာ သူမဘေးကလွတ်နေသော (စောစောက လှိုင်ထိုင်ထားထိုင်ထားခဲ့သည့်)ခုံမှာဝင်ထိုင်စေလိုက်သည်။

"ကျွန်မနာမည် ဝေဝေစည်တဲ့ ... ဘိုးဘိုးရဲ့မြေး ... ဒီနေ့ ကျွန်မမွေးနေ့မို့ ညီအစ်မတွေကို စပါယ်ရှယ်ဖိတ်ကျွေးတာ





စားသာစား ... အားနာစရာရှက်စရာမလိုဘူး ... ပြီးတော့ လက်ဆောင်လည်းပေးစရာမလိုဘူး ... "

ကောင်မလေးက သူမဘာသာ အရင်ဆုံးမိတ်ဆက်လိုက်သေးသည်။

မျက်နှာလေးက ပြည့်ပြည့်ဖောင်းဖောင်းအစ်အစ်နဲ့ ခန္ဓာကိုယ်လေးကလည်း (ညီအစ်မတွေအားလုံးထဲမှာတော့)အဝဆုံးကလေး။ မျက်နှာထားလေးကတော့ ပြုံးချိုနေကာ သွက်လက်ဖြီး သဘောကောင်းမည့်ပုံပင်။

"ဥာန် ... ရော့ ... ဒါစား ... အဲဒါကောင်းတယ်"

ခင်မလား ခင်ပလားမသိ။ အမြွာထဲကတစ်ယောက်က အူမကြီးတစ်ကွင်း ကမ်းပေးသည်။ နောက်တစ်ယောက်ကလည်း ...

"ရော့ ... လျှာစား ... အာစလျှာစသွက်အောင်"

"ဟော့ ... သူများယူမှာကို ဘာလို့ လာလုရတာလဲ ... ဖယ်"

ဟိုဟာစားပါ၊ ဒီဟာစားပါနဲ့ ဝိုင်းစေတနာပိုနေကြချိန်မှာ တုတ်ထိုးတစ်ချောင်းကို လှမ်းယူတော့မည့် ဥာန့်လက်ကို



www.burmeseclassic.com

www.burmeseclassic.com



ပုတ်ချတားဆီးလိုက်သူကလည်းရှိသေးသည်။ တခြားလူဟုတ်ပါရိုးလား။ ဂျမ်းဂျမ်းပေါ့။

"ခြော် ... ဒေါ်လင်းကွင်း ..."

"ဘာလဲရှင့် ... သူများကို ဘယ်လိုခေါ်လိုက်တာလဲ"

"ခင်ဗျားနာမည်က ဂျမ်းဂျမ်းမဟုတ်လား ... အဲဒါ လင်းကွင်းရိုက်တဲ့အသံနဲ့မတူဘူးလား ..."

"ရှင်နော် ... ကျွန်မမိဘမှည့်ပေးထားတဲ့နာမည်ကို မစော်ကားနဲ့ ..."

"တော်ပြီ ... တော်ပြီ ... ရန်ဖြစ်မနေကြနဲ့တော့ ... ဒီမှာ ကိုဗျာန် ... တုတ်ထိုးစားရင် ကြက်သွန်ဖြူလေးလည်း တွဲစားဦး ... ကိုလက်စထရောကျအောင် ..."

မေစွမ်းအင်က မျက်နှာတည်တည်နဲ့ဝင်ပြောသည်။ သူမရှေ့က ကြက်သွန်ဖြူခွက်ကိုလည်း ဗျာန့်ရှေ့တွန်းပို့ပေးလိုက်သေးသည်။

ဂျမ်းဂျမ်းက 'တွေ့လား ... ဆရာကြီးဝင်လုပ်နေပြီ' ဆိုသည့်သဘောမျိုးနဲ့ ဗျာန့်ကို မေးဆတ်ပြနေပြန်သည်။

သူတို့တွေကို ဗျာန်က စိတ်မဝင်စား။ ဗျာန် စိတ်ဝင်





စားတာက သူမတွေ့ဘူးသေးသော ကောင်မလေးကိုပင်။ နှုတ်ခမ်းတောက်ဖြစ်ပုံရသော ဆံပင်တွေကို ကပိုကရိုစုကာ ခေါင်းပေါ်ခပ်မြင့်မြင့်မှာ ထုံးဖွဲ့ထားသည်။ ဆံနွယ်ခွေကောက်တောက်အစုလေးတွေက ဟိုကပြန်ကျ၊ ဒီကပြန်ကျ။ သူမရဲ့ဆံထုံးကို ငွေရောင်တန်းလန်းကြိုးလေးတွေပါသော ဆံထိုးလေးတစ်ချောင်းလည်း စိုက်ထိုးထားလိုက်သေးသည်။

ဖော်ထားတာကလည်း အနက်ရောင်ဝမ်းဆက် ...။ အပေါ်အင်္ကျီက ခါးမှာစည်းကာ အောက်ကို ဖားဖားတလေးကားသွားပြီး အင်္ကျီလည်ပင်း၊ လက်ဖျား၊ ရင်ဘတ်တွေမှာ အတွန့်ကလေးတွေတပ်ထားသည့် ရယ်ဒီမိတ်။ အောက်ကခြေးချွန်ကတ်ရှည်ကလည်း ပြောင်လက်မှောင်နက်နေသည်။

မျက်နှာလေးကတော့ ဝါဝါဝင်းဝင်းနဲ့ အတော်လှသားပင်။ သို့သော် သူမအလှက ရိုးသားဖြူစင်မနေ။ သမြေသီးမှည့်ရောင် နှုတ်ခမ်းဆိုးဆေးကြောင့်လားတော့မသိ။ မှော်ဆန်သလိုလို ထင်ရသည်။

ဗျာန် လှမ်းကြည့်နေတာကို လှိုင်ထိပ်ထားကမြင်သွားတာမို့ သူမတာဝန်ကိုကျေပွန်စွာ ...



www.burmeseclassic.com

www.burmeseclassic.com



"မိတ်ဆက်ပေးရဦးမယ် ... သူက ဒဏ္ဍာရီတဲ့ ... နာ ... နာရေ ... ဒါခွာနီမေ့ပဲ ... နာနာက ကျွန်မရဲ့အောက်က ညီမဆိုပါတော့ ..."

"ဟုတ်ကဲ့ တွေ့ရတာဝမ်းသာပါတယ် ..."

"ကျွန်မလည်းဝမ်းသာပါတယ် ... သွားစရာလေးရှိလို့ သွားလိုက်ဦးမယ် ခွင့်ပြုပါဦး ..."

အစကတည်းက တစ်နေရာရာသွားဖို့ ရည်ရွယ်ထားတာ ဟုတ်သလား မဟုတ်သလားတော့ မပြောတတ်။ လိုင်ထိပ်ထားကလည်း မိတ်ဆက်ပေးလိုက်ရော ကောင်မလေးက ဖြတ်ခနဲထကာ ထွက်သွားပါလေရော။

သူမရဲ့ခြေလှမ်းတွေက သိမ်မွေ့သလောက် သွက်လက်လှသည်။ လှမ်းနေတယ်မထင်ရတဲ့နှင့်ကိုမွေ့လျားနှုန်းက မြန်ဆန်လွန်းသည်။

ချက်ချင်းပဲ ခြံဝရောက်သွားကာ စောလေးအတွင်းမှာ မျက်စိရှေ့က ပျောက်ကွယ်သွားတော့သည်။

"ကိုဒွာနီ ... ဘာတွေအံ့ဩနေတာလဲ ... မမနာကိုလား"

"ဟုတ်တယ်ခင်မရဲ့ ... သူကတစ်မျိုးပဲနော် ..."





"ခင်မ မဟုတ်ဘူး ... ခင်ပပါ ... တစ်မျိုးတော့တစ်မျိုးပဲ၊ ဒါပေမဲ့ ... ဘာတစ်မျိုးလဲဆိုတာ ဘယ်သူကမှ မပြောနိုင်ဘူး ..."

"သူက ဟယ်ရီပေါ်တာနဲ့ကျောင်းနေဖက်လေ ..."

"ဘာရယ် ..."

"ဟင်း ... ဟင်း ... ခင်မတို့က အဲဒီလိုပဲနောက်ပြောင်ပြီးပြောကြတာပဲ ... သူ့ပုံစံကလည်း မှော်ဆရာမကြီးလိုလို ပဉ္စလက်ဆရာမကြီးလိုလို မျက်နှာထားရော နေပုံထိုင်ပုံ ဝတ်ပုံစားပုံရော ... အပြောအဆိုအပြုအမူတွေရော ..."

"ခင်မရယ် ... ဘာတွေလျှောက်ပြောနေတာလဲ ... နာနာ့အကြောင်းလည်းသိသားနဲ့ ..."

လိုင်ထိပ်ထားက သူမတို့မိသားစုအတွင်းရေးတွေ သူများသိကုန်မှာစိုးလို့ ဝင်တားမြစ်လိုက်တာ။ ဌာနီကတော့ နည်းနည်းလောက်လေးသိလိုက်ရတာကို အားမရနိုင်ပါ။ စားကောင်းနေဆဲ ဝက်သားတုတ်ထိုးကိုပင် စွန့်လွှတ်လိုက်ကာ ...

"သူကရော ... မိဘတွေနယ်ပြောင်းသွားလို့ ဒီမှာနေတာလား ..."



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး ... သူ့မိဘတွေက မနိုင်တော့လို့ စိတ်ညစ်လို့ ဘိုးဘိုးဆီပို့ထားတာ ..."

"ဟာ ... ဘာများမနိုင်တာလဲ ..."

"တခြားဆိုတာတော့မဟုတ်ဘူး ... အိမ်မှာ အမွေးတိုင်တွေ ထွန်း ... ထူးထူးဆန်းဆန်းပုံတွေအရုပ်တွေ၊ ပစ္စည်းတွေ ထား၊ ညညလည်း မအိပ်ဘဲ တချုတ်ချုတ်နဲ့လုပ် ... အိမ်တံခါးကြီးဟင်းလင်းဖွင့်ခဲ့ပြီး ခြံထဲ ဘာမှန်းမသိ ဆင်းလုပ်နေတုန်း သူခိုးဝင်လို့ ကြီးကြီးတွေတို့ အတော်ပါသွားဖူးတယ် ... ကျောင်းစာလည်း မယ်မယ်ရရမကျက်ဘဲ တစ်နေကုန် အခန်းအောင်းပြီး လုပ်ချင်တာတွေ လုပ်နေတာပဲ ... သူ့အခန်းများ သွားဖွင့်ကြည့်လိုက်ရင် ဖယောင်းတိုင်တွေ အချိန်ပြည့်ထွန်းပြီး အမွေးတိုင်နံ့တွေနဲ့ မှောင်ကလည်း အမှောင်ချထားသေး ... ပြီးတော့ သူကိုယ်တိုင်လည်း ဘာတွေလုပ်မှန်းမသိ ... ကြာတော့ ... ကြီးကြီးတွေ ယောကျ်ား ဘဘစိုးက သူ့ကို မနိုင်တော့တာနဲ့ ဘိုးဘိုးပဲ ထိန်းပေးပါဆိုပြီး လာအပ်သွားတာ"

"ဒီရောက်တော့ရော ..."





"ဒီရောက်တော့ ဘိုးဘိုးဆီမှာ နှစ်ခုခွင့်တောင်းတယ် ... သူ့အခန်းကို လုံခြုံမှုအပြည့်ရချင်တယ်တဲ့ ... ပြီးတော့နဲ့ တံခါးကို ပတ္တာနှစ်ဆင့်တပ်ပြီး ဆိုးလက်(စ်)သော့ကြီးနှစ်ခုဆင့်ခပ်တော့တာပဲ ... နောက်တစ်ခုကတော့ ဘာအကြောင်းပြချက်မှမပေးဘဲ အပြင်ထွက်ခွင့်တဲ့ ... အဲဒါတွေရမှနေတယ်၊ ခုတော့ သူ့အခန်းထဲကလွဲရင် အပြင်မှာတော့ ကျူးကျူးကျော်ကျော် ဘာပဋိလက်ဆန်ဆန်မှမလုပ်ပါဘူး ..."

"ထူးတော့ထူးဆန်းသားပဲနော် ..."

"နောက်ပြီး သူ့ကို ဘိုးဘိုးရဲ့ တကယ့်မြေးလို့ထာပြောကြတာ တကယ်ကမဟုတ်ဘူး ... မမနုက ကြီးကြီးတွေတို့ရဲ့ မွေးစားသမီး ..."

"ဟုတ်လား ..."

ခင်ပကာ လေသံလေးကိုလျှော့ကာလျှို့လျှို့ဝှက်ဝှက်ကလေးပြောလိုက်တာပေါ့။

စောစောကစည်ကားနေသည့် တုတ်ထိုးဝိုင်းတအခုတော့ တစ်ယောက်တစ်နေရာထသွားကြပြီမို့ ခြောက်သွေ့သွားကာ အစားပုတ်မလေး စည်စည်တစ်ယောက်တည်း ထိုင်ကျန်ရစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



လှိုင်ထိပ်ထားကလည်း အိမ်အလုပ်တွေရှိသေးတာမို့ ပြန်တက်သွားခဲ့ပြီ။ ဂျမ်းဂျမ်းနဲ့မေစွမ်းအင်တို့နှစ်ယောက်သားကလည်း ကြက်သွန်ဖြူဟာ ကိုလက်စထရောကျစေသည်မကျစေဘူးဆိုတာ ငြင်းခုန်ရန်ဖြစ်ကြရင်း ကိုယ်တွေ့ထားသည့်အကိုးအကားကိုသက်သေပြမည်ဆိုပြီး ကွန်ပျူတာဆီရောက်သွားပြီ။

ဌာနီက အမြွာလေးနှစ်ယောက်ကို မသိမသာခေါ်ထုတ်ကာ ကိုယ်သိချင်တာတွေ အစ်အောက်မေးကြည့်နေတာ။ သိပ်ကြီး ကြိုးကြိုးစားစားအစ်အောက်စရာတော့ဖြင့်မလိုပါ။ ကလေးပီပီနဂိုကတည်းကပြောချင်ဆိုချင် လူရာဝင်ချင်လှသော ကောင်မလေးနှစ်ယောက်က ဦးဆောင်ပြီးတော့ကို ပြောပါလေရော။

"မမနှာ ရောက်လာပုံကလည်း သိပ်ထူးဆန်းတာပဲတဲ့ ... သူ့ကို မမွေးစားခင်မှာ ကြီးကြီးဆွေက တစ်လလောက်ဆက်ပြီး အိပ်မက်တစ်မျိုးထဲကိုမက်တာတဲ့ ... အိပ်မက်ထဲမှာ စုန်းမကြီးတစ်ယောက်က တံမြက်စည်းကြီးစီးပြီး သူတို့အိမ်ရှေ့တံခါးဝကိုဆင်းလာတာတယ်တဲ့ ... ဝတ်ရုံကစုတ်ပြဲပြီးတစ်ကိုယ်လုံးလည်း ဒဏ်ရာတွေနဲ့တဲ့ ... သူ့လက်ထဲမှာရက်သားလောက်ပဲရှိမဲ့ကလေးကိုပိုက်ထားတာ ... ကြီးကြီး





ဆွေကိုတွေ့တော့ ကျွန်မသေတော့မှာမို့ ကျွန်မကလေးလေးကို မွေးပေးပါဆိုပြီး ပေးသွားသတဲ့ ..."

"နောက်နေ့ မနက်မိုးလင်းတော့ အိမ်ရှေ့မှာ ကြိမ်ခြင်းတောင်းကလေးနဲ့ ဂွမ်းစောင်တစ်ထပ်ကြီးနဲ့ ထွေးထားတဲ့ ကလေးလေးတစ်ယောက်ကို တွေ့တာပဲတဲ့ ... ထူးဆန်းတာတစ်ခုက ကလေးကို ထုပ်ထားတဲ့ဂွမ်းစောင်က အနက်ရောင်တဲ့ ... ကလေးကိုယ်ပေါ်က အဝတ်အစားတွေကလည်း အနက်ရောင်ပဲ ... နောက်ပြီး ကလေးလည်ပင်းမှာဘာကျောက်နဲ့လုပ်ထားမှန်းမသိတဲ့ပုံစံအရမ်းဆန်းတဲ့ လော့ကတ်နဲ့ဆွဲကြိုးတစ်ကုံးလည်းဆွဲထားသေးတယ်တဲ့ ..."

"ဂမ္ဘီရအစီအရင်တွေပေါ့ ..."

"ထင်ရတာပဲ ... အဲဒါကြောင့် သူ့နာမည်ကို ဒဏ္ဍာရီလို့မှည့်လိုက်ကြတာ ..."

"ကလေးဘဝကရော ... ထူးဆန်းတဲ့လက္ခဏာ ပြသေးလား ..."

"တအားကြီးတော့မထူးဆန်းဘူး ... တစ်ခါတလေ စူးရူးဝါးဝါးချော့မရအောင် အော်ငိုတတ်တာတို့ သူ့ကိုလိုက်မိ



www.burmeseclassic.com

www.burmeseclassic.com



ရင့် အကြည့်တစ်မျိုးကြီးနဲ့ အကြာကြီးစူးနေအောင်စိုက်ကြည့်တတ်တာတို့ ...”

“ဒါကတော့ ဆိုးတဲ့ကလေးတချို့ရဲ့ပုံမှန်လုပ်နေကျမျိုးတွေပါ ...”

“နည်းနည်းကြီးလာတော့ သူနဲ့မတည့်တဲ့သူကို ထိခိုက်အဖော်ရာရတာတို့ သူမကျေနပ်တဲ့ပစ္စည်းတွေဆို ဖျက်စီးသွားတာတို့ အဲဒါမျိုးတော့ရှိတာယ် ... သိပ်ကြီးထူးဆန်းလှတယ်တော့ မဟုတ်ဘူးပေါ့ ...”

“အင်း ... တိုက်ဆိုင်တာတွေနဲ့ သံသယဝင်ချင်စရာကောင်းတာမျိုးပေါ့ ... မယ်မယ်ရရပြောစရာတော့လည်း မဟုတ်လှဘူး ...”

“ဘာပဲဖြစ်ဖြစ် ခင်ပစိတ်ထင်တော့ သူ့ကို လူကြီးတွေကစိုင်းပြီး ဘာထင်တယ် ... ညာထင်တယ်ဆိုတော့ သူလည်းစိတ်ထဲဆိုက်ကိုဝင်လာတယ်ထင်ပါရဲ့ ... နေပုံထိုင်ပုံတွေကဂမ္ဘီရဆန်ဆန်တွေဖြစ်လာပါလေရော ...”

ဟုတ်တော့လည်း ဟုတ်လောက်သည်။ သူမကိုလာမစ်သွားစဉ်က (မရှိရှိတာနဲ့ ထုပ်ပိုးပေးလိုက်ရလို့ပဲ အနက်ရောင်





တွေဖြစ်နေသလားမသိ) အဝတ်အစား၊ အသုံးအဆောင်တွေကိုကြည့်ပြီး ... လူကြီးတွေက ဘာတာညာညာထင်ကြ၊ အဲဒီရှိရင်းစွဲသံသယကြောင့် ပုံမှန်ကလေးတွေ လုပ်နေကျအပြုအမူတွေတောင်မှ သူမကလုပ်တော့ ထူးဆန်းတာတွေလို့ထင်ကြ၊ အဲဒီနှယ်ယယ်လေးတည်းက ဘာဘာညာညာ သမုတ်ခံလာရတော့ သူမလည်း 'ငါ ထူးဆန်းမှုဖြစ်တော့မယ်' လို့ စိတ်ထဲစွဲပြီး လျှောက်လုပ်နေတာလား မသိ။

ဘိုးဘိုးနဲ့မြေးအရင်းတွေထဲမှာ ကိုယ်တစ်ယောက်တည်း မွေးစားမြေးဖြစ်နေပါလျက် မျက်နှာသာပေးတာတော့ အတင်းဆုံးထားနိုင်တာကိုတော့ ချီးကျူးရမှာပင်။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက် ... ဒေါက် ... ဒေါက်"

တံခါးခေါက်သံခပ်ဆတ်ဆတ်တစ်ခု။

ကျောင်းပိတ်ရက်မို့ ဇိမ်နဲ့နှပ်နေလိုက်ဦးမည်ဆိုသည့် စိတ်ကူးပျက်သွားသည်။ ဒွာန်တို့အိပ်ရာက မထမဖြစ်ထလိုက်ရပြီ။

တံခါးသွားဖွင့်လိုက်တော့ မေစွမ်းအင်။

ဟိုတစ်နေ့က ခေါင်းအုံးတွေလာပေးစဉ်ကတော့ အိမ်နေရင်းမို့ အဝတ်အစားခပ်လတ်လတ်နဲ့ လှုပုံကခပ်ရိုးရိုး။ ဒီကနေ့တော့ အဝတ်အစားကလည်း တောက်ပြောင်သားနားကာ လူကလည်း ပြင်ဆင်ထားလိုက်သေးသည်။





"ကိုယ်ရောင်ကိုယ်ဝါတောက်ပလှပါလား ဘယ်ကပြန်လာတာလဲ ..."

"ပြန်လာတာမဟုတ်ဘူး ... အခုမှသွားမလို့"

"ဩော် ... ဒါဖြင့်သွားလေ ..."

"ဟဲ့ ... ရှင်က ဘာလို့ပြန်လှည့်သွားရတာလဲ ... ဒီမှာဖြင့် ဘာမှမပြောရသေးဘဲနဲ့ ..."

"မသိဘူးလေ ... ခင်ဗျားပဲ အပြင်သွားတော့မှာဆိုတော့ ကျွန်တော်နဲ့ ပြောစရာအကြောင်း မရှိတော့ဘူး ထင်တာပေါ့ ..."

"ဘာမှသာပြောစရာမရှိရင် ရှင့်အခန်းတံခါးကိုလာခေါက်ပါ့မလားရှင် ... ဘာလဲ ... ကျွန်မအလှပြင်ပြီး ဘယ်လိုနေသလဲလို့ ရှင့်ကိုထင်မြင်ချက်လာတောင်းတယ်လို့များ ထင်နေသလား ..."

"ဖြစ်လောက်တယ် ..."

"ရှင်နော် ... ကျွန်မ ကိစ္စရှိလို့လာခေါ်တာရှင့် ... ရှင်ကားမောင်းတတ်တယ်မဟုတ်လား ..."



www.burmeseclassic.com

www.burmeseclassic.com



"ကားကတော့ အစုံမောင်းတတ်တယ် ... ကစားကွင်းမှာ စီးတဲ့တိုက်ကားကစပြီး အဖွေ့ကုန်တင်ကားအဆုံးပဲ"

"ကဲပါ ... တော်ပါတော့ ... ဘိုးဘိုးရဲ့အိမ်စီးကားတွေထဲက တစ်စင်းစင်းကိုမောင်းတတ်ရင်ပဲတော်ပါပြီ ..."

"ဘာကိစ္စရှိလို့လဲ ..."

"ဘွန်မသွားစရာအရေးကြီးလို့ ... စာမေးပွဲအတွက်အရေးကြီးတဲ့ လက်တွေ့သင်တန်းရှိတာ ဒီမနက်မှသိရလို့ အဲဒါ ရှင်လိုက်ပို့ပေးနိုင်မလား ..."

"ခင်ဗျားက ကားမမောင်းတတ်ဘူးလား ..."

"မမောင်းတတ်ဘူး ... ဘိုးဘိုးက သူ့မြေးတွေ ကားမောင်းတတ်ရင် ကိုယ့်ကားကိုယ်ယူမောင်းပြီး သွားချင်လာချင်တဲ့ စိတ်တွေဖြစ်မယ်တဲ့ ... ဒီမှာ အတူနေတဲ့မြေးတွင် ကိုးယောက်ရှိတာဆိုတော့ ကားကိုးစီးလည်းဝယ်မထားနိုင်ဘူးလေ ... ဒီတော့ ကားလုကြအောင်နဲ့ စိတ်ဝမ်းကွဲမယ်တဲ့ ... အိမ်မှာကားကသုံးစင်း ... ကားမောင်းတဲ့သူနှစ်ယောက် ထားပေးထားတယ် ... ခရီးချင်းတူ အချိန်ချင်းတူရင် အတူ





တူထွက် ... မတူရင်တော့ တစ်ယောက်တစ်စင်းပေါ့ ... နောက်ပြီးအရေးကြီးတဲ့သူကို အရေးမကြီးတဲ့သူက ညှာရမယ့် ... အဲဒီလိုစည်းကမ်းထားတာ ..."

"မေစွမ်းအင်တို့ဘိုးဘိုးက တော်တော့တော်သားပဲနော် ... မြေးတွေအားလုံးကိုခေါ်မွေးထားပြီး သေသေဝပ်ဝပ်လေး ဖြစ်အောင် ထိန်းချုပ်နိုင်တာ ..."

"ကဲ ... ရှင် ... ဘိုးဘိုးကိုချီးမွမ်းခန်းဖွင့်မှာလား ... ကျွန်မကို လိုက်ပို့မှာလား ..."

"ပို့တာပေါ့ဗျာ ..."

မေစွမ်းအင်လို မိန်းကလေး ချောချောလှလှလေး တစ်ယောက်နဲ့ အတူတွဲပြီးသွားရတာများ ဌာန့်အတွက် ဘာများ အကျိုးယုတ်လို့လဲ။

မေစွမ်းအင်ဟာ မျက်နှာထားကလေးတည်ပြီး ... အပြောအဆိုလေးမာသယောင်ရှိပေမဲ့ စိတ်ထားကတော့ မဆိုးလှပါဘူး။ ဟိုကောင်မလေး ဂျမ်းဂျမ်းပြောသလောက်လည်း ဆရာကြီးလုပ်ပြီး ကိုယ့်ကိုယ်ကိုယ် ဘဝင်မြင့်နေတာမျိုးတော့မဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဘက်ကအဆင်ပြေအောင်ပြောတတ်လျှင် သူမကလည်း ပြေပြေလည်လည်ကလေးပြန်ပြောတတ်သားပင်။

မေစွမ်းအင်ကို သင်တန်းလိုက်ပို့ပေးပြီး ခဏစောင့်ပြန်ကြိုလာခဲ့ပြီးလျှင် ...

"ကျေးဇူးပါပဲ ကိုဌာန်ရယ် ... ဒီလက်ရေတွေ့သင်တန်းက အလွတ်ခံလို့မဖြစ်လို့ပါ ... အိမ်မှာက ကားနှစ်စင်းနဲ့ကား မောင်းတဲ့သူနှစ်ယောက်စလုံးကလည်း မအားဘူးဖြစ်နေတာ ... ကိုဌာန်ရှိနေလို့အဆင်ပြေသွားတာပေါ့ ..."

"ကျွန်တော့်ကြောင့် အဆင်ပြေသွားတယ်ဆိုရင် 'ဝမ်းသာရမှာပေါ့ဗျာ ..."

"ကိုဌာန် တစ်ခုခုစားပါလားဟင် ..."

"ကျေးဇူးဆပ်တဲ့သဘောဆိုရင်တော့ နေပါစေတော့"

"မဟုတ်ပါဘူး ... ကျေးဇူးဆိုတာ အကြွေးလိုမျိုးဆပ်လို့ကျေသွားတာမှမဟုတ်တာ ... ဆပ်တဲ့သဘောတော့ ... မဟုတ်ပါဘူး ... ကျေးဇူးတင်တဲ့သဘောသက်သက်ပဲ"

"ကောင်းတာပေါ့ ... ဒါဆိုရင်တော့ ဟဲဗီးတွေမစားတော့





ပါဘူး ... ကြေးအိုးသောက်ပြီး ဟမ်ဘာဂါနဲ့မစ်(ခ်)ရှိတ်လောက်ပဲသောက်ရင်ကောင်းမလား ..."

"အောင်မယ် ... သူများကိုမတတ်နိုင်ဘူးအောက်မေ့လို့လား ..."

"မထင်ပါဘူးဗျာ ... သူဌေးကြီးရဲ့ မြေးသူဌေးမလေးပဲဟာ၊ ဘယ်သူက အထင်သေးရဲမှာလဲ ..."

"လူတွေကလည်းပြောလိုက်ရင် ဘိုးဘိုးချမ်းသာထာကိုပဲနာမည်ကြီးတပ် ... တပ်ပြီး တကယ်တမ်းကျတော့ မေစွမ်းမိဘတွေက ဝန်ထမ်းတွေပဲဟာ ... တအားကြီး ဘယ်ရှိပါ့မလဲ ... ပြောကြတဲ့ပုံက ဘိုးဘိုးဆီကအမွေကိုမျှော်လင့်သလိုဖြစ်နေတယ် ... တကယ်က မိဘအမွေဆိုတာ ခံစားထိုက်မှ ခံစားရတာပါ ... ဘိုးဘိုးရဲ့အမွေကို မေစွမ်းမိဘတွေတောင်ရသင့်မရသင့် မသေချာသေးတာ မေစွမ်းနဲ့ကျ ပိုဝေးတာပေါ့ ..."

"ကျွန်တော်က ဘာရယ်မဟုတ် နောက်လိုက်တာပါဗျာ ... စိတ်ထဲ ဘယ်လိုသဘောမှမရှိပါဘူး ..."



www.burmeseclassic.com

www.burmeseclassic.com



"ကိုဌာန် ကြေးအိုးသောက်မယ်ဆို ... မွန်းပဲ ဝင်လိုက်မလား ..."

"ဟာ ... အလကားနော်၊တာ ကြေးအိုးမသောက်ပါဘူး။ အအေးဖြစ်ဖြစ် ကော်ဖီဖြစ်ဖြစ်ဆိုတော်ပါပြီ"

"ဒါလည်းရတာပဲ ... ဒီဆိုင်မှာ ကော်ဖီနဲ့မုန့်တွေလည်းရတယ်လေ ... မေစွမ်းတို့သူငယ်ချင်းတွေတော့ လာနေကျပဲ ..."

"ဒါဆိုလည်း ဒီမှာပဲထိုင်ကြတာပေါ့ ..."

အင်းလျားကန်ဘောင်နဲ့မျက်နှာချင်းဆိုင်က လီဗွော်ရောင်ဆေးသုတ်ထားသော မွန်းဘေကာရီဆိုင်ကလေးမှာပဲ ဝင်ထိုင်ကာ ကော်ဖီနှစ်ခွက်နဲ့ ဆင်းဒဝစ်ချ်တစ်ပွဲ မှာစားလိုက်ကြသည်။

သေသေချာချာစကားပြောကြည့်တော့မှ မေစွမ်းအင်ဟာ နာမည်နဲ့လိုက်အောင် ညှို့ငင်နိုင်သော အစွမ်းသတ္တိတစ်မျိုးရှိသည်လို့ ဌာန်က ခံစားလိုက်မိသည်။

မျက်ဝန်းတောက်တောက်ကလေးတွေရယ်၊ အ...
အဝိတ်ကျနသေသပ်တဲ့ နှုတ်ခမ်းလှုပ်ရှားမှုတွေရယ်၊ စကား...





တိုင်းမှာ လက်ညှိုးကလေးတစ်ချောင်းထောင်ပြီး ဇွကာဝိုက်ကာလှုပ်ရှားတတ်တဲ့အမူအရာကလေးရယ်။

ရယ်တော့မရယ်ကြနဲ့ခင်ဗျာ။ ဌာန်ကတော့ မေစွမ်းအင်အနားမှာရှိနေရတာကို စတင်ရင်ခုန်မိပြီပဲ။



www.burmeseclassic.com

www.burmeseclassic.com



ထွက်လာပြီးကာမှ ဒီလိုညမျိုးဟာ လမ်းလျှောက်ဖို့ ကောင်းသည့် ညမျိုးမဟုတ်ဘူးလို့ ဥာန်က ပြန်တွေးမိသွားသည်။

ဘယ့်နှယ်။ လကွယ်ညဖြစ်တဲ့အတိုင်း မှောင်လိုက်တာ မည်းမည်းကိုတုတ်လို့။ ခါတိုင်းနေ့တွေဆိုရင်တော့ လမသာလည်း ခြံထဲကနေရာအနှံ့အပြားမှာ မီးတိုင်တွေထွန်းထားသေးတာမို့ အလင်းရောင်ရှိတန်သလောက်ရှိသည်။ ဒီနေ့ကတော့ မီးပျက်နေခိုက်မို့ အိမ်ထဲကိုပဲ မီးစက်မောင်းပြီး မီးပေးထားတာ။ ခြံထဲမှာတော့ မီးတိုင်တွေထွန်းမထားနိုင်။

မှောင်ရတဲ့ကြားထဲ လေကလည်း ငြိမ်လိုက်သေး။ အိမ်ထဲမှာ အိုက်လို့ဆင်းလာပါတယ် ခြံထဲရောက်တော့လည်း ထူး





မခြားနား။ ညလေညှင်းက သယ်ဆောင်လာတဲ့ ပန်းရနံ့လေးတွေကို ခံစားဖို့နေနေသာသာ အသက်ရှူစရာလေတောင် ကောင်းကောင်းမရှိချင်။

ရေနားသွားလျှင်တော့ အအေးဓာတ်လေးပိုရမှာပဲ ဆိုသည့် စိတ်ကူးနှင့် ဥာန်တာ ရေကူးကန်ရှိရာသို့ မှန်းပြီးထွက်လာခဲ့လိုက်ပါသည်။

နဂိုကထက်တော့ မဆိုစလောက်အေးပေသား။ ဒါပေမဲ့ မှောင်တာကခက်သည်။

တော်ပါပြီကွာ။ မှောင်ကြီးထဲတော့ ဘာလုပ်မှာလဲ။ ဖွတ်ခြင်းပေါက်လေးဖွင့်ပြီး ဝင်အိပ်နေလိုက်တာကမှ အကျိုးရှိဦးမယ်။ ပြန်မယ်။

ဥာန်က စိတ်ဒုံးဒုံးချလိုက်ကာ အိမ်ဘက်သို့ပြန်လှည့်သည်။ သို့သော် ... ကံကဆိုးချင်တော့။

ရေကန်ပေါင်မှာ ဘယ်သူကများနမော်နမဲ့နဲ့ ဆပ်ပြာတုံးချထားခဲ့သလဲတော့မသိ။ ဥာန်ကတော့ ထိုဆပ်ပြာတုံးတိုမှ တည့်တည့်တက်နင်းမိကာ ...

"အား ... လာကြပါဦးဗျို့ ... လုပ်ကြပါဦး"



www.burmeseclassic.com

www.burmeseclassic.com



ဗွာန့်အော်သံသည် ခပ်စိပ်စိပ်ရိုက်ထားသောအခါင်းနပ်တွေကြား မြုပ်ဝင်သွားသည်။ လူကိုယ်တိုင်ကတော့ ဟန်ချက်ပျက်ကာ ရေကူးကန်ထဲ မြုတ်ကျမြုပ်ဝင်သွားတော့သည်။

အစပိုင်း တစ်ချက်နှစ်ချက်တော့ ယက်ကန်ယက်ကန် ကူးခတ်ကာ လူကရေပေါ် ပေါ်နေလိုက်သေးသည်။ တဖြည်းဖြည်း ခြေကုန်လက်ပမ်းကျလာလျှင် ဒီတစ်ခါတော့ သွားပါပြီရယ်လို့ လူက ချောက်ချားတုန်လှုပ်လာသည်။

ရေတိမ်နစ်တယ်ဆိုတာ ဒါမျိုးပဲလား။ အိမ်တစ်အိမ်ရဲ့ ရေကူးကန်တစ်ကန်ထဲမှာ နစ်ပြီးသေရလိမ့်မယ်လို့များ သူ တစ်သက်မှာ အိပ်မက်တောင် မမက်ခဲ့ဖူး။

ဗွာန် ... မင်းတော့ သွားပြီ။ မိန်းမလေးတောင် မရလိုက်ဘဲ ... ရည်းစားတောင် မယ်မယ်ရရ မထားလိုက်ရဘဲ မရှူမလှ အသက်ပျောက်ရတော့မယ်။

ရှက်စရာကောင်းလိုက်တဲ့သေခြင်း။ နောက်တစ်နေ့ မနက် မိုးလင်းတဲ့အခါ အိမ်သားတွေ ရေကန်နားကိုရောက်လာချိန်မှာ သူက ရေထဲမှာ ပေါလောမျောလျက်သားကြီး။ ကောင်မလေးတွေက သူ့ကိုဝိုင်းကြည့်နေကြဦးမည်။ ထိုအချိန်မှာ သူ့မျက်နှာကြီး





ဘတွန့်လိမ်ကာ ရေတွေဝင်ပြီး၊ ဖောင်းပွဖောသွပ်နေမလား။ ကြည့်ရျော်ရှုရျော်မှ ဖြစ်ပါ့မလား။ အောင်မယ်လေးလေး။ တွေးကြည့်လိုက်ရုံနဲ့ သေရမှာတောင် ဝန်လေးလှပါရဲ့။

လူတစ်ယောက်ဟာ သူတကယ်သေရတော့မယ်ဆိုတာကို သိသည့်အချိန်မှာ ဘာတွေများ တွေးတတ်ကြပါသလဲ။ ဘုရားတရားလား၊ ကိုယ်ပြုခဲ့ဖူးသည့်ကောင်းမှု၊ မကောင်းမှုတွေကိုလား၊ ကိုယ်စိတ်ပူပင်နောက်ဆံငင်ရမည့်သူတွေကိုလား။

ဗွာန်ကတော့ တကယ့်ကို ပေါက်ကရတွေ တွေးနေမိလေသည်။ သူ့ဘဝရဲ့ရှားပါးတွယ်တာစရာ လူသားတွေဖြစ်သော အဖေနဲ့အမေကိုလည်း သတိမရ။ သူ တစ်ချောက်လုံး ကြီးပြင်းလာခဲ့ရာ မွေးရပ်မြေကိုလည်း သတိမရ၊ သူငယ်ချင်းတွေ၊ ဆရာ ဆရာမတွေ၊ ရန်သူတွေအားလုံး အတွေးထဲပေါ်မလာ။ သူ့အတွေးထဲ ပေါ်လာသည်ကား ဦးအောင်သူရထွဋ်ခေါင်ရဲ့ရောင်စုံ ခြေမလေးများသာ။

တစ်ချက်နစ်သွားလိုက်၊ ပါးစပ်ထဲ ရေတွေဝင်ပြီး အလူးလူးနဲ့ အသက်ရှူတွေကြပ်သွားလိုက်။ အဆုတ်ထဲရေတွေဝင်လာကာ လူက တဖြည်းဖြည်း လေးလံလာသည်။ ခြေထောက်တွေ



www.burmeseclassic.com

www.burmeseclassic.com



လက်တွေရဲ့ စည်းချက်မကျစွာ လှုပ်ရှားမှုတွေဟာ အားအင်ချည့်နဲ့ လျော့ပါးလာသည်။

ရှေ့အောက်က တစ်စုံတစ်ရာက ကိုယ့်ကိုဆွဲချလိုက်သလိုမျိုး လူက တဖြည်းဖြည်း တအိအိအောက်သို့ကျလာကာ ဉာဏ်ရဲ့ပတ်ဝန်းကျင်ဟာ မှောင်သည်ထက်မှောင်မည်းသွားတော့သည်။



မျက်လုံးနှစ်လုံးပြန်ဖွင့်လိုက်သည့်အချိန်မှာ မျက်လုံးထဲ ထိုးဖောက်ဝင်ရောက်လာတာက စူးရှရှ အလင်းရောင်။

သူတစ်သက်မှာ အလင်းရောင်ကို ပြန်မြင်ခွင့်ရလိမ့်မယ်လို့ ဉာဏ်က ဘယ်ထင်ထားမိပါတော့မလဲ။ ရေကန်ထဲ စုံးစုံးမြုပ်သွားစဉ်က မှောင်အတိကျသွားတာနဲ့အတူ သူ့ဘဝလည်း အားလုံးဦးဆုံးသွားပြီလို့ပဲ ထင်ထားခဲ့တော့တာ။

ခုတော့ ဟုတ်ပါရိုးလား။ သူဟာ အသက်လည်းရှိသေး။ ကောင်မလေးတွေ ဝိုင်းကြည့်ချင်စရာကောင်းလောက်အောင် ရေကန်အလယ်မှာ ပေါ်လောပေါ်လောကြီး မျောနေတာ





www.burmeseclassic.com

www.burmeseclassic.com



လည်းမဟုတ်။ လင်းချင်းအခန်းထဲမှာ နွေးထွေးသန့်ရှင်းသော အိပ်ရာထက် သက်သောင့်သက်သာ လဲလျောင်းနေရသည့်အဖြစ်။

"ကျွန်တော် မသေဘူးလားဟင် ..."

ပထမဆုံးမြင်လိုက်ရတာက ဦးအောင်သူရထွန်း့ခေါင်းရဲ့မျက်နှာပဲမို့ သူ့ကိုပဲ သိချင်တာမေးရတော့သည်။ (တစ်ချိန်လုံးမှာလည်း ဦးအောင်သူရထွန်းခေါင်တစ်ယောက်တည်းပဲရှိပါသည်)

"ဘာလို့သေရမှာလဲကွ ... မင်းသေရင် ငါ့အိမ်မှာ လာပြီး သရဲခြောက်နေဦးမယ် ... ငါ့အိမ်လာဘ်ပိတ် နာမည်ပျက်တာပေါ့ ..."

ဆုံးစံအတိုင်းပါပဲ ... ။ ဦးအောင်သူရထွန်းခေါင်တို့ကတော့ လူတစ်ယောက်ရဲ့သေရေးရှင်ရေးကိုတောင် ရယ်စရာဖြစ်အောင်လုပ်လိုက်နိုင်သေးသည်။

"ကျွန်တော် ရေနစ်နေတာကို ဘယ်သူတွေ့သွားတာလဲ ... ဒီလောက်မှောင်ကြီးထဲမှာ ..."

"ဘယ်သူမှမတွေ့ဘူး ..."

"မနောက်ပါနဲ့ ဘဘရယ် ... ကျွန်တော့်ကို ဘယ်သူတွေ့သွားတာလဲဆိုတာ သိချင်လွန်းလို့ပါ ..."





"တကယ်ပြောတာ ... မင်း ရေနစ်နေတာကို တွေ့မိတဲ့သူ ဒီအိမ်မှာ တစ်ယောက်မှမရှိဘူး ..."

"ဒါဖြင့် ကျွန်တော် ရေကန်ထဲကနေ ဒီကိုဘယ်လိုလုပ်ပြီး ရောက်လာသလဲ ... ကဲ ..."

"ဒါတော့ ငါလည်း မပြောတတ်ဘူးကွ ... ငါတို့မင်းကို တွေ့တော့ ထမင်းစားခန်းထဲက စားပွဲပေါ်မှာ စားပွဲခင်းကြီး ပတ်လျက်သားနဲ့ကွ ..."

ဟိုက် ... ။ မြတ်စွာဘုရား။ ဘယ်ဆိုးတဲ့အဖြစ်ပါလား။

တွေ့တော့လည်း သက်သောင့်သက်သာမဟုတ်။ ရေထဲမှာပေါလောကြီး မဟုတ်တာကလွဲလျှင် ထမင်းစား စားပွဲပေါ်မှာ စားပွဲခင်းကြီးပတ်လျက်သားတဲ့လား။ ရှက်စရာတော့ ကောင်းနေတော့မှာပါပဲ။

သူ့ကို စားပွဲပေါ်တင်သွားတဲ့သူဟာ ရေကန်ထဲကနေ ကယ်လာခဲ့တဲ့သူပဲ ဖြစ်ရမည်။ ဒါဆိုလည်း ကြည့်ပျော်ရှုပျော်လေးဖြစ်အောင် ဧည့်ခန်းထဲက ဆိုဖာခုံတို့ ကော်ဇောပေါ်တို့မှာ



www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့် ချမထားခဲ့တာပါလိမ့်။ ထမင်းစား စားပွဲပေါ်မှာတဲ့ဗျာ။ သူမို့ ကြံကြံဖန်ဖန် စဉ်းစားတတ်ပါပေ့။

"ကျွန်တော့်ကို စားပွဲပေါ်တင်ပေးထားတာကတော့ ဘယ်သူလဲမသိတော့ဘူးပေါ့နော်"

"မသိဘူး ... ဒေါ်အေးသာ မနက်စောစော ဆွမ်းထချက်တော့မှ မင်းကိုတွေ့တာတဲ့ ... တော်သေးတယ် ... ရေတွေဘာတွေသုတ်ထားပြီး ခြောက်ခြောက်သွေ့သွေ့ ဖြစ်နေတော့ အသက်အန္တရာယ်မဖြစ်တာ"

"ဒါပေမဲ့ ... ကျွန်တော် ဆရာဝန်ပြဖို့ လိုမယ်ထင်တယ်"

"ပြပြီးပါပြီကောကွာ ... ငါတို့မိသားစုဆရာဝန် ဒေါက်တာစောထွန်းကိုခေါ်ပြပြီးပြီ ... သူက မင်း အအေးမိပြီး ရိုးရိုးဖျားတာတဲ့ ... အဆုတ်အအေးပတ်တာမျိုး မဟုတ်ဘူးတဲ့၊ သောက်ဆေးမဲပေးပြီး မကြာခင် ကောင်းသွားမယ်လို့ပဲ ပြောတယ် ..."

"ဟုတ်ပါ့မလားဗျာ ... ကျွန်တော် ဒီလောက်အကြာကြီး ရေနစ်နေတာ"

"အကြာကြီးတော့ မဖြစ်လောက်ပါဘူး ... မင်းကို ကယ်တဲ့





သူက ရေနစ်နစ်ချင်း ချက်ချင်းကယ်ပြီး ဗိုက်ထဲကရေတွေကိုလည်း ထုတ်ပေးထားတာ ... လူကိုလည်း ခြောက်သွေ့အောင် လုပ်ပေးသွားပါသေးတယ်"

ဘယ်သူများလဲ။

သူ့ကိုကယ်တဲ့သူဟာ အဖြင့်လူတစ်ယောက်တော့ မဖြစ်နိုင်၊ ဒီအိမ်က ကောင်မလေးတစ်ယောက်ယောက်ပဲ ဖြစ်မည်။ ဘယ်သူဘယ်ဝါဆိုတာ ဘာကြောင့် လျှို့ဝှက်ထားရသလဲဆိုတာတော့ တွေးလို့မရ။ ကျေးဇူးတင်မခံချင်လို့ပဲလား၊ နောက်ပြောင်ချင်တာမျိုးလား။

"မင်းကိုကယ်ခဲ့တဲ့သူကိုတော့ မင်းကောင်းကောင်း ကျေးဇူးတင်သင့်တယ်ကွ ... ညဘက်မှောင်မည်းမည်းကြီး သူသာမကယ်ရင် မင်း ခုလောက်ဆို သေချာပေါက်သေနေပြီ"

မှန်လိုက်တာ။ သေပါတယ်ဆိုမှ သေချာပေါက် သေတာပဲပေါ့။

ဦးဉာဏ်ကတော့ ကျေးဇူးကန်းတယ်ပဲဆိုဆို ကိုယ့်ကိုအသက်ကယ်ခဲ့သည့် သကောင့်သမီးကို ရာနိုင်နှုန်းပြည့်တော့ ကျေးဇူးမတင်နိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်ကိုကယ်ပြီးမှတော့ သေသေချာချာ ကောင်းကောင်းမွန်မွန်လေး ထားခဲ့သင့်သည်။ ဖြစ်ကတတ်ဆန်း ထားချင်သလို ထားခဲ့လိုက်တော့ ကျန်ခဲ့တဲ့သူမှာ ကသိကအောက် မဖြစ်ပေဘူးလား။

အမြင်ကတတ်ချင်စရာကောင်းတဲ့ ကျေးဇူးရှင်ကိုတွေ့အောင်တော့ ရှာရမည်။ တွေ့လျှင် ကျေးဇူးတင်စကား မပြောခင်မှာ ဘာကြောင့် အပြည့်အဝ မကူညီဘဲ ကမောက်ကမလုပ်ထားခဲ့တာလဲဆိုတာကိုတော့ မေးဖြစ်အောင် မေးရဦးမည်။





"ရှင်သောက်ဖို့ ဆန်ပြုတ်တဲ့ ..."

"ဟွန့် ... စိတ်ပျက်စရာကြီးဗျာ ... အဖျားပျောက်တာ နှစ်ရက်တောင်ရှိပြီ ... ခုထက်ထိ ဆန်ပြုတ်ကမ္ဘာက မထွက်ရသေးဘူး ..."

"ဒါတော့ မတတ်နိုင်ဘူးလေ ... ကျွန်မ စီစဉ်တာလည်း မဟုတ်ဘူး ... ဒေါ်အေးသာ စီစဉ်ပေးတဲ့အတိုင်း ယူလာလို့ပေးတာပဲ ..."

"စေတနာမရှိလည်း မပို့ပါနဲ့ဗျာ ... ထမင်းစားခန်းထဲမှာပဲ ထားလိုက်ပါ ... ကျွန်တော် ထွက်သောက်ပါ့မယ်"

www.burmeseclassic.com

နုထွေးနေခြည်က မျက်နှာကို ရှုံ့မဲ့ပစ်လိုက်ကာ

"ရှင် တော်တော် အောက်ကလီအာ … အာကလီအောက် ပြောတတ်တာပဲ … ဘယ်သူတွေတော့ ရှင့်ကို ဆန်ပြုတ်ပြုတ်ပေး … အိုဗာတင်းဖျော်လာပေး … ဆေးလာတိုက်နဲ့ ပြုစုချင်မလဲ … ရှင်က ကိုယ့်အိမ်ကိုလည်းမဟုတ် … အဖေလည်းမဟုတ် … ဘိုးဘိုးက သူ့ညှီသည်ကို အလှည့်ကျ ပြုစုပေးရမယ်လို့ မှာထားလို့သာပေါ့ … "

ဒါကြောင့်ကိုး။ ဌာန် နေမကောင်းစဖြစ်ကတည်းက စွတ်ပြုတ်ဆန်ပြုတ်၊ အိုဗာတင်း၊ ဟောလစ်၊ သစ်သီးဖျော်ရည် စသည်ဖြင့် စားစရာတွေကို သူ့အချိန်နဲ့သူ လာပို့ပေးပေမဲ့ တစ်ခါလာပို့လျှင် တစ်ယောက်။ အစုမှ သဘောပေါက်တာက ဦးအောင်သူရ ထွန့်ခေါင်ရဲ့အစီအစဉ်ကိုး။ ညှီသည်ကိုလည်း တာဝန်ကျေချင်သည်၊ သူ့ရဲ့မြေးမလေးတွေကိုလည်း တစ်ယောက်တည်းက ဒိုင်ခံကာ ပြုစုပေးရတာမျိုး မဖြစ်စေဘဲ အလှည့်ကျတာဝန်ပေးထားတော့ တစ်ယောက်တည်းထွက်ပြီးတော့လည်း မပင်ပန်း၊ လူအမြင်လည်း တင့်တယ်တာပေါ့။

တခြားသူတွေ အလှည့်တုန်းကတော့ နေကောင်း





လား၊ ဆန်ပြုတ်လေးပူတုန်းသောက်လိုက်ဦး စသည်ဖြင့် ဖော်ဖော်ရွေရွေရှိသေးသည်။ နုထွေးနေခြည် အလှည့်ကျမှ 'ငါ့ကို ဒါမျိုးခိုင်းရသလား" ဆိုသည့်ပုံမျိုးနဲ့ မျက်နှာထားက တင်းနေလိုက်တာ။

ရုပ်အချိုးကတော့အမြင်ကတ်စရာကောင်းမှကောင်းပဲ။ ဒါပေမဲ့ ခွင့်မလွှတ်မဖြစ် ခွင့်လွှတ်ရမှာပေါ့လေ။ ဒီလောက် ချောမောလှပသည့် ကောင်မလေးကိုမှ ခွင့်မလွှတ်ဘူးဆိုလျှင် ဌာန့်ထက် အပြစ်ကြီးသူများ ရှိဦးမှာလား။

"နုထွေးနေခြည်းတို့လည်း ကျွန်တော့်ကြောင့် အလုပ်ပိုကုန်ကြပြီပေါ့ … "

"ဆန်ပြုတ်ခွက်လေး ယူလာပေးရုံလောက်နဲ့တော့ အလုပ်ပိုတယ်လို့ ပြောလို့မရပါဘူး … ဒါပေမဲ့ သူများအတွက် လုပ်ပေးရတာကို ကျွန်မကတော့ သိပ်သဘောမကျလှဘူးရှင့်"

"အထူးသဖြင့် ကျွန်တော့်အတွက်ဆိုရင်ပေါ့ … ဟုတ်လား"

"ရှင့်ကိုမှ အထူးတလည်ဆိုတာမျိုးတော့လည်း မဟုတ်ပါဘူး … အဲဒီလိုဖြစ်ရအောင် ရှင်က ဘာမို့လို့လဲ … ကျွန်မက ကိုယ့်အတွက်မဟုတ်ဘဲ … ကိုယ့်အကျိုးအတွက် မဟုတ်ဘဲ ဘာမှမလုပ်ချင်ဘူး … အဲဒါပဲ ပြောတာ"

www.burmeseclassic.com



အပြောအဆိုကလည်း ညင်သာချောမွေ့ပါမှ ...။ ဘယ်သူ့ကိုဖြစ်ဖြစ် ဂရုမစိုက်ဘူးဆိုတဲ့ ပုံစံဟာ မိန်းကလေး တစ်ယောက်မှာ ရှိသင့်ရှိထိုက်သော သိမ်မွေ့နူးညံ့မှုတွေကို ပျက်စီးစေသည်။

ဌာန်က ဆန်ပြုတ်ကို တစ်ဇွန်းခပ်သောက်လိုက်သည်။ အောင်မယ်။ ဒီနေ့ ဒေါ်အေးသာကြီးပဲ ပိုပြီးလက်စွေ့သွားတာလား၊ ဒါမှမဟုတ် ဆန်ပြုတ်ယူလာပေးသူကြောင့်ပဲလား မသိ။ သောက်နေကျ ကြက်သားဆန်ပြုတ်က အရသာပိုကောင်းနေသလိုလို။ (အရင်နေ့တွေက စားစရာယူလာပေးကြသော ကောင်မလေးတွေသာ ကြားလျှင်တော့ ဌာန့်ကိုဆန်ပြုတ်အိုးထဲ ဝိုင်းနှစ်ကြမလားမပြောတတ်)။

"ဒီနေ့ ဆန်ပြုတ်က တော်တော်သောက်လို့ကောင်းတာပဲ၊ ယူလာပေးတဲ့သူ့ရဲ့ စေတနာထင်တယ် ..."

"ရှင်မရွှဲနဲ့နော် ... ကျွန်မက စကားကိုဖြောင့်ဖြောင့်စင်းစင်း ပြောတာပဲကြိုက်တယ် ..."

"တကယ်ပြောတာပါဗျ ..."





"ကျွန်မ စေတနာမပါဘူးဆိုတာလည်း ဒီလောက်ပြောထားသားနဲ့ ..."

"ဘာပဲဖြစ်ဖြစ် ကျွန်တော် ခံစားချင်သလို ခံစားမှာပေါ့"

အနှောင့်အသွားမလွတ်သော ဌာန့်စကားတို့ ခပ်ရေးရေး သဘောပေါက်သွားပုံနဲ့ နုထွေးနေခြည့်မျက်နှာ တင်းခနဲဖြစ်သွားသည်။

တစ်မျိုးတော့တစ်မျိုးပဲ။ ဒီကောင်မလေးနဲ့ အချိုးအစားမပြေပြစ်စွာ စကားပြောနေရတာကို ဌာန့်က သဘောကျနေမိပြီ။ မေစွမ်းအင်နဲ့တုန်းက စကားပြောကောင်းလို့ ငေးမောသဘောကျခဲ့ရတာကတစ်မျိုး။ နုထွေးနေခြည်ရဲ့မာနမျက်နှာ လှလှလေးကို ငေးမောနှစ်မြိုက်နေရတာက တစ်မျိုး။ ဘယ်တစ်ယောက်အပေါ် ပိုမိုသလဲဆိုတာ မနည်းတွေးယူရလိမ့်မည်ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားခန်းထဲဝင်လိုက်တာနဲ့ ဂလုံဂလွမ်ဆူညံသော အသံတွေကို ကြားလိုက်ရသည်။

ကြည့်လိုက်တော့ ဇလုံကြီးတစ်လုံးနဲ့ ပုလင်းမျိုးစုံကို စားပွဲပေါ်ချကာ အလုပ်ရှုပ်နေသော စည်စည်။

ဝေဝေစည်ဆိုသည့် ကောင်မလေးဟာ တွေ့လိုက်တိုင်း အစားတစ်မျိုးမဟုတ် တစ်မျိုးစားနေတာပင်။ သူမမို့လို့လည်း တစ်ချိန်လုံး အစားအသောက်ကိစ္စ စဉ်းစားနေနိုင်ပါပေသည်။

"စည်စည် ... ဘာတွေလုပ်နေတာလဲ ..."

"အဲ ... ကိုဠာန် ... အတော်ပဲ ... စည်စည် ဗိုက်ဆာလို့





လက်ဖက်သုတ်စားမလို့ အဖော်မရှိတာနဲ့ လက်ဖက်သုပ်က အဖော်လေးနဲ့ စားမှကောင်းတာ ... ကိုဠာန် စားမယ် မဟုတ်လား ..."

ပါးစုံဖောင်းဖောင်းလေးနဲ့ စကားပြောလျှင် အမြဲတမ်းပြုံးနေတတ်သော စည်စည့်မျက်နှာလေးဟာ သေသေချာချာကြည့်တော့ ချစ်စရာ။

ညီအစ်မတွေထဲမှာ ခန္ဓာကိုယ်ပြည့်ပြည့်ကလေးနဲ့ ဝတုတ်တုတ်ကလေးဖြစ်နေပေမဲ့ စည်စည့်မျက်နှာလေးဟာ ဘယ်လိုမှန်းမသိ ချစ်စရာကောင်းနေသည်။ အမြဲပြုံးရွှင်နေတတ်ပုံလေးကြောင့် သူမနဲ့ စကားပြောရတာကိုက ပျော်စရာကောင်းနေသလိုလို။

"ကိုယ်က အခုမှ အဖျားပျောက်တာ ... ထမင်းစားရတာတောင် နှစ်ရက်ပဲရှိသေးတာ ..."

"စည်စည်သိတယ်လေ ... ကိုဠာန့်ကို ဗွတ်ပြုတ်ဈောင်ပို့ပေးရသေးတာပဲ ... အဲဒီထဲကကိုဠာန့်ကို သနားနေတာ ... စည်စည်ကလေ ဘာအစားမဆို စားလိုက်တာပဲဆိုပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



စွပ်ပြုတ်ကိုတော့ အနံ့တောင်မခံနိုင်ဘူးသိလား … ကိုဗွာန်က အဲဒါပဲသောက်ရတယ်ဆိုတော့ စိတ်ညစ်မှာစိုးလို့သာ မပြောတာ … ကိုဗွာန့်အစား တအားစိတ်ညစ်တာပဲ … ကိုဗွာန်သာ နေကောင်းရင်တော့ ခံတွင်းတွေ့မဲ့ အစားအသောက်တွေ ကျွေးဦးမှလို့ တေးထားတာ"

"လက်ဖက်သုပ်က ခံတွင်းတွေ့မဲ့အစားထဲပါလား"

"ကိုဗွာန့်အတွက်တော့မပြောတတ်ဘူး … စည်စည်ကတော့ လက်ဖက်သုတ်ဆို သိပ်ကြိုက်တာ … တခြား ဘာတွေပဲ အစားကောင်းတွေ စားရစားရ လက်ဖက်သုတ်မှ မစားရရင် ဘယ်လိုမှမနေနိုင်ဘူး … "

"စည်စည်ပြောတာနဲ့ စားချင်စိတ်တောင် ပေါက်လာပြီ … တည့်မှတည့်ပါ့မလားမသိဘူး … "

"သန့်သန့်ပြန့်ပြန့် လုပ်ထားတဲ့အစားပဲဟာ … ကိုဗွာန်က တိုက်ဖို့ကြိုက်ဖြစ်တာလည်း မဟုတ်ဘူး … စားလို့ရပါတယ်"

"ဒါဆို ကိုယ် ထမင်းထည့်လိုက်ဦးမယ် … စည်စည်လည်း ဒီဘေးမှာပဲထိုင်စား … ဖြစ်တယ်မဟုတ်လား"





"ဖြစ်တာပေါ့ … ဪ … စည်စည်လက်နဲ့နယ်ရင် မရှုံ့ပါဘူး မဟုတ်လားဟင် … လက်က ဆပ်ပြာနဲ့ သုံးခါတောင် ဆေးထားတာပါ … လက်ဖက်သုတ်က ဇွန်းနဲ့နယ်ရင် စားမကောင်းဘူး … လက်နဲ့အားရပါးရ နယ်မှစားကောင်းတာ ရတယ်မဟုတ်လား … "

"ရတယ် … အငန်သာလျှော့ထည့်ပေါ့ … လဏကာ အငန်ပါဦးမှာ ဆိုတော့လေ … "

"စိတ်ချ … စိတ်ချ"

ဝေဝေစည်က ဇလုံကြီးထဲ လက်ဖက်၊ အကြော်မျိုးစုံ၊ ပုစွန်ခြောက်၊ ဆီ၊ ဆား အစုံထည့်ကာ အားရပါးရနယ်နေသည်။ အားလုံးပြီးသွားတော့ သူမ၏ မေတ္တာနေသော လက်ကို အသင့်ခူးထားသော ထမင်းနဲ့နယ်လိုက်သေးသည်။

"ဆိုင်တွေမှာ လက်ဖက်ထမင်းဆိုပြီး ထမင်းနဲ့လက်ဖက် ရောနယ်ပြီးသား ရောင်းတာစားဖူးလား … ထမင်းက လက်ဖက်ဆီလေးနဲ့ ရောနယ်လိုက်မှ ပိုစားကောင်းသွားတာ … "



www.burmeseclassic.com

www.burmeseclassic.com



"စားဖူးပါတယ် ..."

"ကြိုက်တယ်မဟုတ်လား ... ထမင်းကတော့ စည်စည့် အတွက်ပါ ... ကိုဌာန်က ကိုယ့်ထမင်းပန်းကန်ထဲပဲ ထည့်စားပေါ့ ... ဒီမှာ ငရုတ်သီးစိမ်း ... ကြက်သွန်ဖြူ ... ကြက်သွန်ဖြူက အခွံခွာပေးရမလားဟင် ..."

"ရတယ် ... ရတယ် ... စည်စည် ကိုယ့်ဘာသာစား"

"ကိုဌာန် ... စည်စည့်ကို မရယ်ချင်ဘူးလားဟင် ..."

ဇလုံထဲက လက်ဖက်သုပ်ကို ထမင်းထည့်ထားသော ဇလုံအသေးထဲ တစ်ဇွန်းမောက်မောက်ကြီး ခပ်ထည့်ပြီး ကြက်သွန်ဖြူကိုစွာလိုက်၊ ငရုတ်သီးစိမ်းဝါးလိုက်နဲ့ တဆတ်ဆတ် အလုပ်ရှုပ်နေတော့သည်။

"ဘာကြည့်တာလဲ ..."

"လူတစ်ယောက်အစားစားတာ ... ဒီလောက်ကြည့်ကောင်းမှန်း အခုမှသိလို့"

ဌာန့်ရဲ့ဘာလိုလိုစကားဟာ(တကယ်ကတော့ မရိုးသားတဲ့ရည်ရွယ်ချက်ရှိလို့ ပြောလိုက်တာမျိုးဖြင့် မဟုတ်ပါ။ စိတ်ထဲ





ရှိတဲ့အတိုင်း တကယ့်ကို ရိုးရိုးလေးပြောလိုက်ခြင်းပါပဲ။) တခြားကောင်မလေးတစ်ယောက်ကို ရှက်သွေးဖြာသွားစေမည်ဖြစ်သော်လည်း စည်စည်ကဖြင့် မျက်နှာလေး ပြုံးဖြဲဖြဲဖြစ်ကာ ...

"တခြားသူဆို ဒီလိုဘယ်ကြည့်ကောင်းမလဲ ... စည်စည်မို့ ကြည့်ကောင်းတာ ... စည်စည်က စားနေကျကြောင်ပါး ဖြစ်နေပြီလေ ..."

"တကယ်ပြောတာ ... စည်စည်က အရမ်းအစားစားပေမဲ့ အစားပုတ်တဲ့ပုံမပေါ်ဘဲ အဆင်ပြေပြေလေးနဲ့ကြည့်ကောင်းတယ် ..."

"ဆရာကြီး ... ဒီလက်ဖက်က ဘိုးဘိုးပိုက်ဆံနဲ့ပဲ ဒေါ်အေးသာကြီး ဈေးကသွားဝယ်ထားတာတွေနော် ... စည်စည်ကျွေးတာဆိုပြီး စားကောင်းသောက်ကောင်းအောင် စွတ်မြှောက်မနေနဲ့ ..."

"မြှောက်တာမဟုတ်ပါဘူး ... တကယ်ပြောနေတာပါဆို... အစားကျွေးလို့သာ မြှောက်ရကြေးဆို ဦးအောင်သူရထွန်းခေါင်နဲ့ ဒေါ်အေးသာကြီးကို ကျွန်တော် နေ့တိုင်းမြှောက်ပြောနေရမှာပေါ့ ..."



www.burmeseclassic.com

"ဒါဖြင့် စည်စည်က တကယ်ကြည့်ကောင်းတယ်ပေါ့ ..."

"အစစ်ပေါ့ ..."

"အဲဒီစကားမျိုးကြားရတာ စိတ်ချမ်းသာလိုက်တာ ... ညီအစ်မတွေ အတူတူသွားကြရင်လေ ... တစ်ယောက်တစ်မျိုး ဝိုင်းချီးကျူးခံရတာချည်းပဲ ... မနုထွေးကတော့ အားလုံးထဲမှာ အလှဆုံးမို့ပေါ့လေ ... မလှိုင်ကျတော့ ဣန္ဒြေရှိပြီး ယဉ်ကျေးလွန်းလို့တဲ့ ... မနှာကျတော့လည်း ဆံနွယ်ကြွယ်လို့တဲ့ ... မစွမ်းနဲ့မဂျမ်းတို့ကျတော့လည်း သွက်သွက်လက်လက် ထက်ထက်မြက်မြက်ပုံလေးတွေတဲ့ ... အမြွာနှစ်ယောက်ကျတော့လည်း ချစ်စရာလေးတွေတဲ့ ... စည်စည်ကျတော့ ဘာပြောကြသလဲသိလား ... ဒီတစ်ယောက်ကရော မြေးပဲလား ... သူကကျတော့ ဝတုတ်လေးနော် ... တဲ့ ... ရှေ့က လူတွေအားလုံးကို ချီးကျူးပြီးမှ သူတို့နဲ့ မတူဘူးဆိုတော့ စည်စည်က တုတ်ရုပ်ဆိုးမကြီး ဖြစ်သွားရောပေါ့ ..."

"ဒီလိုတော့ မထင်ပါဘူးဗျာ ... ကျွန်တော့်အမြင်မှာတော့





စည်စည်က အားလုံးထဲမှာ အမွှင့်လင်းဆုံး အရိုးဖြောင့်ဆုံး ခင်ချင်စရာအကောင်းဆုံးပဲလို့ ထင်တယ် ..."

"ဟယ် ... တကယ်"

"တကယ်ပေါ့ ..."

"အရမ်းစိတ်ချမ်းသာသွားပြီ ... စည်စည့်ကို ဗျာနဲ့ကိုတွေ့တွေ့ချင်း ခင်စရာကောင်းတယ်လို့ ထင်မိတာ မမှားဘူး ... အနည်းဆုံးတော့ စည်စည့်ကို အားတက်အောင် ပြောပေးတတ်တယ် ..."

ဝေဝေစည်လေး ... သွက်လက် မြူးရွှင်သွားပုံက တကယ်ပဲ ရိုးသားအပြစ်ကင်းလှပါပေရဲ့။

ဗျာနကလည်း သူမလေး စိတ်ချမ်းသာအောင် အရိုပြောပေးတာမျိုး မဟုတ်ပါ။ စည်စည့်ကို တကယ်ပဲ ခင်မိတာ။ လူတစ်ယောက်နဲ့ စကားပြောနေချိန်မှာ အခုလောက် စိတ်လွတ်လပ်ပေါ့ပါးရွှင်ရတာမျိုး မရှိခဲ့ဖူး။ စည်စည်ဟာ မိန်းကလေးဖြစ်ပေမဲ့ အထိန်းအချုပ်မာန်ဆောင်မှုကင်းသည်၊ ဣန္ဒြေသိက္ခာမဲ့ အရှက်ကင်းတာမျိုးလည်း မဟုတ်။ သူမနဲ့ စကားပြောရတာ စိတ်အေးချမ်းကြည်လင်စရာကို ကောင်းနေတာ။

www.burmeseclassic.com



ဒီလိုအဖော်လေး တစ်ယောက် ကိုယ့်အနားမှာ တစ်သက်လုံးရှိသွားမယ်ဆိုရင် ...

အောင်မယ်လေးဗျာ။ ဇရက်သီးအတောင့်လိုက်ကြီး ယောင်ပြီး ငါးမိသွားတာ တယ်စပ်သကိုးဗျ။





"ကိုကို ... ကိုကို"

"ကိုကိုဥာနံ ... ခဏလေးနေပါဦး"

ခေါ်သံသေးသေးလေးနှစ်ခု။

ပထမတစ်ခွန်းခေါ်တုန်းက ကိုယ့်ကိုခေါ်တယ်တောင် မထင်မိလို့ ဥာနံက လှည့်မကြည့်မိ။ ဟုတ်တယ်လေ။ မိဥာနံဆို တဲ့ သူ့နာမည်ကို ဒီအိမ်က ကောင်မလေးတွေက ဥာနံလို့ခေါ်သူ ခေါ်၊ ကိုဥာနံလို့ ခေါ်သူခေါ်၊ ခေါ်ကြတာပဲဟာ။ ကိုကိုလို့ ဘယ်သူ ကမှ,မှ မခေါ်ဘဲ။

ကိုကိုနောက်မှာ ဥာနံ တစ်လုံးအပိုပါလာတော့မှ ကိုယ့်ကို ခေါ်နေပါလားလို့ သိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းပဲ အသံသေးသေးစာစာကလေးတွေရဲ့ ပိုင်ရှင်ဟာ အမြွာလေးနှစ်ယောက် ဖြစ်ရမည်လို့ ဥာဏ်ကတွေးလိုက်မိပါသည်။

"ကိုကို ဘယ်သွားမလို့လဲ ..."

"လမ်းထိပ်တွင်ပါကွာ ..."

"ဘာသွားလုပ်မလို့လဲ ..."

"စာအုပ်အငှားဆိုင် ..."

"လိုက်ချင်တယ် ..."

"စာအုပ်ဆိုင်များ ဘာထူးဆန်းလို့လဲကွာ ..."

"ခင်ပတို့တစ်သက်မှာ ... စာအုပ်အငှားဆိုင်ကို တစ်ခါမှ မရောက်ဖူးဘူး ... အဲဒါမထူးဆန်းဘူးလား ..."

"ဒါတော့ နည်းနည်းထူးဆန်းတယ် ..."

"ခင်ပတို့တင်မဟုတ်ဘူး ... မဂျမ်းတစ်ယောက်က လွဲရင် ဘယ်သူမှ စာအုပ်ဆိုင်မရောက်ဖူးဘူး ... ဘိုးဘိုးက လိုချင်တာရှိရင် သူ့ကိုပြောတဲ့ ... ဆိုင်ကဝယ်ပေးတယ် ... ဒါမှမဟုတ် ဖတ်သင့်တယ်ထင်တဲ့ စာအုပ်ဆို ဝယ်ပေးထားတယ် ... လစဉ်မဂ္ဂဇင်းသုံးစောင်နဲ့ ဂျာနယ်အတော်များများကို ထွက်တိုင်းလာပို့ပေးဖို့ မှာထားတယ် ... ဒါဆို သူလုပ်ပေးသင့်တာ ပြီးပြီလို့ထင်အော ... လမ်းထိပ်က စာအုပ်အငှားဆိုင်ကို သွားဖို့ကျတော့ ခွင့်မပြုဘူး ... လပ်လျား လပ်လျား သွားကျင့်ရ သွားမယ်တဲ့ ..."

"အားလုံးကပဲ စကားနားထောင်ကြတာယ်ပေါ့ ..."

"မဂျမ်းတစ်ယောက်ကတော့ ခိုးသွားတာပဲ ..."

"သူကတော့ ဘယ်သူမှ တားလို့ဆီးလို့ရမဲ့သူမျိုး မဟုတ်ဘူး၊ တရားဝင်လုပ်လို့ရရင်ရ ... မရရင် ခိုးလုပ်မှာပဲ"

"ခင်မတို့ကရော ..."

"သမီးက ခင်မ မဟုတ်ဘူး ... ခင်ပ"

"ဟုတ်လား ... ညီမလေးတို့နှစ်ယောက်က အရမ်းတူတော့ ခွဲရတာခက်တယ်ကွာ ... ကျန်တဲ့သူတွေရော ဘယ်လိုခွဲလဲ"

"များသောအားဖြင့်တော့ ဆံပင်ကို ခင်မက အလယ်ခွဲပြီး ခင်ပက ရှေ့ချထားလေ့ရှိတော့ ဆံပင်ပုံစံကြည့်ပြီး ခွဲကြတာပေါ့ ... တစ်ခါတလေ စကားပြောပုံကို ကြည့်ပြီး ခွဲတတ်တဲ့သူက ခွဲတယ် ... ကြာကြာပေါင်းကြည့်ရင် ခင်ပတို့





www.burmeseclassic.com

www.burmeseclassic.com



က စကားပြောပုံ အမူအရာချင်းမှမတူတာ ... ခွဲလို့ရပါတယ် ... "

"ဒါဆို ကိုယ်လည်း သတိထားကြည့်ဦးမယ် ... လောလောဆယ်တော့ သေချာပြန်ပြောထားဦး ... ညီမလေးက ခင်ပဟုတ်လား ... ဒီဘက်က ခင်မနော် ... "

ကောင်မလေးနှစ်ယောက်စလုံးက ရွှန်းလက်တောက်ပသော မျက်ဝန်းလေးတွေနဲ့ ဌာန်ကိုကြည့်ကာ ပြိုင်တူခေါင်းညိတ်ပြသည်။

"အိမ်မှာ ခင်မတို့က အငယ်ဆုံးဆိုတော့ ဘယ်သူကမှ သိပ်ဂရုမစိုက်ကြဘူး ... ပြီးတော့ အမြွှာဖြစ်နေတော့ အချင်းချင်း အဖော်ရနေပြီဆိုပြီး ဘယ်သူကမှလည်း လာမတွဲကြဘူး ... နှစ်ယောက်တည်းပဲ အဖော်လုပ်နေရတာ ... "

"နှစ်ယောက်အဖော်ရှိနေတာပဲ ... တော်ရောပေါ့ ... "

"အခုလို အပြင်လေးဘာလေးသွားချင်တော့ ... ကိုယ့်ထက်အကြီးတစ်ယောက်ပါမှ ဖြစ်မှာပေါ့ ... အထူးသဖြင့် အစ်မတွေနဲ့ချည်းနေရတော့ ... အစ်ကိုတစ်ယောက်လောက် လိုချင်တာ ... အစ်ကိုကလည်း နှစ်ယောက်ရှိပါတယ် ...





တစ်ယောက်က နိုင်ငံခြားမှာ ... တစ်ယောက်က နယ်မှာ၊ အဲဒီအစ်ကိုတွေလာမှ ခင်မတို့က အပြင်ထွက်ရတာ ကိုကိုရဲ့ ... "

"ဟုတ်တယ် ... ခင်ပတို့ကို အဖော်လုပ်ပြီး ဟိုဟိုဒီဒီလိုက်ပို့ပေးတဲ့ အစ်ကိုတစ်ယောက် အနားမှာရှိနေရင်သိပ်ကောင်းမှာပဲလို့ အမြဲတမ်းတွေးနေရတာ ... "

အခုတော့ ရပြီဆိုတဲ့သဘောပေါ့။

ကောင်မလေးတွေကလည်း ... စကားပြောတော့လည်းပတ်ပါးနပ်ပေသား။ သူစိမ်းယောကျ်ားလေးတစ်ယောက်ကို အတင်းပဲ အစ်ကိုဖမ်းတော်ပစ်ကာ သူတို့ခိုင်းချင်ရာ ခိုင်းကြတော့မည်။

ချစ်စရာကောင်းသည့် ကလေးမလေးနှစ်ယောက်နဲ့အတူ သွားရလာရတာကတော့ ဘာမှ စိတ်ညစ်စရာမရှိပါ။ ဌာန်စိုးရိမ်တာတစ်ခုက ဦးအောင်သူရထွဋ်ခေါင်က သူ့မြေးတွေကို အပြင်ခေါ်သွားတာ မကြိုက်မှာကိုပါပဲ။

"နောက်လည်း ကိုကို အပြင်သွားရင် ခင်ပတို့ ပျင်းတဲ့အခါလိုက်မယ်နော် ... "



www.burmeseclassic.com

www.burmeseclassic.com



"လိုက်တာကတော့ လိုက်လို့ရပါတယ် ... ဒါပေမဲ့ ခင်ပတို့ ဘိုးဘိုးဆီမှာ ခွင့်တောင်းရမယ် ... ဘိုးဘိုးက ခွင့်ပြုမှလိုက်လို့ရမယ် ..."

"ကိုကိုက တောင်းပေးမှာလား ..."

"အင်း ... တောင်းပေးရမှာပေါ့ ..."

"ဒါဆိုဖြစ်ပါတယ် ... ကိုကို ဒွာန်က သိပ်ချစ်ဖို့ကောင်းတာပဲ ..."

ခင်ပက ခုန်ဆွဆွလေးနှင့် လက်ခုပ်လက်ဝါးတီးကာပြောလိုက်တာပင်။ ဒါကို ခင်မက အမြင်ကတ်သလိုမျိုး မျက်စောင်းထိုးကြည့်လိုက်တာကို ဒွာန်က မြင်ဖြစ်အောင် မြင်မိလိုက်သေးသည်။

အရွယ်ရောက်ကာစ မိန်းကလေးတွေရဲ့ စိတ်လှုပ်ရှားမှုနဲ့ အပြိုင်အဆိုင်စိတ်ကလေးတွေကို သိသာမြင်သာနေတာမို့ ဒွာန့်ရင်ထဲ ခပ်လေးလေးဖြစ်သွားရတာကတော့ အမှန်ပါပဲ။





တွေ့ရပြန်ပြီ။ အရိပ်ကလေး။

ခန်းဆီးနောက်သို့ လှစ်ခနဲ လုံခြုံစွာ ပုန်းခိုသွားသော အရိပ်ကလေးကို တမေ့တမော မျှော်ကြည့်ရင်း ဒွာန့်ရင်ထဲမှာ အားမလိုအားမရ။

ကောင်မလေးတွေ အနားမှာ ဒီလောက်ဝိုင်းနေတာပဲ ...၊ ကိုယ်မမြင်စေချင်လို့ ပုန်းလျှိုးကွယ်လျှိုး လုပ်နေသူ တစ်ယောက်ကို ဘာဖြစ်လို့ ဒီလောက်တောင် သိချင်နေရတာလဲလို့ မေးသူကမေးလာလိမ့်မည်။ သူတို့ အဲဒီလိုမေးလို့ ဒွာန့်မှာဖြေစရာ အဖြေမရှိပါ။ အရောင်မျိုးစုံ၊ ပုံစံမျိုးစုံနဲ့ ပွင့်နေလှနေသည့်ပန်းကလေးတွေဝိုင်းကို နှစ်သက်မြတ်နိုးမိသလိုမျိုး ဒီအိမ်က ပန်း



www.burmeseclassic.com

ကလေးတွေရဲ့ တစ်ယောက်တစ်မျိုး ထူးခြားချက်တွေကို တစ်မျိုးစီ နှစ်သက်မိသော ဌာန်ဟာ ဘယ်သူ့အပေါ် ပိုရမလဲဆိုတာတောင် မဝေခွဲတတ်လောက်အောင် ဖြစ်နေမိတာတော့ အမှန်ပါပဲ။ ဒါပေမဲ့ ကိုယ့်ကို တိတ်တဆိတ် ချောင်းကြည့်နေသူလေးကိုကျတော့ 'ဘယ်သူများလဲ'လို့ သိချင်စိတ်နဲ့တစ်မျိုး စိတ်ဝင်စားမိပြန်ရော။

မာနကြီးသည့် နုထွေးနေခြည်လား၊ ဣန္ဒြေရှင်မလေး လှိုင်ထိပ်ထားလား၊ ကလေးသာသာ အပြာလေးနှစ်ယောက်လား။ ပုဏ္ဏာဆန်သော ဒဏ္ဍာရီလား။ မေစွမ်းအင်နဲ့ ဂျမ်းဂျမ်းလည်းမဟုတ်ဘူးလို့တော့ မပြောနိုင်၊ မိန်းကလေးဆိုတာ ဘယ်လောက်ပဲရဲရင့်ထက်မြက်သည်ဆိုဆို မိန်းမဆန်သော လျှို့ဝှက်သိပ်သည်းမှုကတော့ ရှိကိုရှိမှာပဲ။

"ရှိ ... ရှိ ... ဘေးဖယ် ... ဘေးကို ..."

အိမ်ပေါ်ကိုမော့ကြည့်ရင်း ကိုယ့်အတွေးနဲ့ကိုယ် နစ်မျောနေသော ဌာန်က ဘာသံမှ မကြားမိ။ အသံကို စကြားလိုက်စဉ်မှာ တစ်စုံတစ်ရာက သူ့ကို ဝုန်းခနဲပစ်တိုက်လိုက်ပြီးပြီ။

"ဟ ... ဘာကြီးလဲ ... ဘာဖြစ်တာလဲ ..."

အရှိန်နဲ့ ပစ်ဆောင့်ရုံတင်မက သူ့အပေါ် လာပိနေ





သေးသော အရာဝတ္ထုကြီးကို ဌာန်က ဘာမှန်းရုတ်တရက် မသိနိုင်သေး။

"အောင်မယ်လေး ... နာလိုက်တာ ... ဖယ်ပါလို့ဒီလောက်ပြောနေတာကို ဖယ်မပေးဘူး ... သူများသွားမဲ့လမ်းမှာ အသေကောင်လို တောင့်တောင့်ကြီး လာပိတ်နေတယ်"

ဟောဗျာ။ လူပါလား။

လက်စသတ်တော့ သူ့ကိုပစ်တိုက်လိုက်ပြီး အပေါ် လာပိနေသည့်အရာဟာ လူ။ သေသေချာချာ တိတိကျကျပြောရှင် ဂျမ်းဂျမ်း။

သူနဲ့ကျမှ တိုက်တိုက်ဆိုင်ဆိုင် ဆိုသလိုပဲ ဂျမ်းဂျမ်းစိတ်စီးတိုဝ်း ဌာန်နဲ့တိုးသည်။ တိုးတိုင်းလည်း တိုက်မိကာ လဲပြိုသွားရသည်။

ဒီတစ်ခါ ရောက်နေသာမှာ မဟုတ်လို့ ရေထဲပြုတ်ကျသည့် အန္တရာယ်က လွတ်ကင်းသွားသော်လည်း (ဌာန်က ရောက်နေကြောက်သွားပြီမို့ ရေကန်နား ဘယ်တော့မှ မသွားတော့ပါ။) တလင်းအခင်းပေါ် ပစ္စလက်ခတ် လှဲကျရသည့် ဒဏ်ကလည်း ဆေးလှပါ။

www.burmeseclassic.com



ဒါတောင် ကိုယ်က အပြစ်မတင်ရသေး၊ ဂျမ်းဂျမ်းထံက စွာတေးလန်နေသော အပြစ်တင်သံက အရင်ထွက်လာပြီ။

"ဝင်တိုက်တာက ဘယ်သူလဲ ... ကိုယ့်ဘာသာ နမော်နမဲ့ ဝင်တိုက်ပြီး အလကားသက်သက် ကိုယ့်ကြောင့် အနာခံရတဲ့သူကို ရန်တွေ့ရသလား ..."

ဒွာန်က ပြန်ပြောတော့လည်း အပြစ်ကမလွတ်ပြ ပါ။

"ဟယ်တော် ... ကြည့်စမ်း ... ယောကျ်ားကြီးတန်မဲ့နဲ့ မိန်းကလေးတစ်ယောက်နဲ့များ ပြိုင်ပြီးရန်ဖြစ်သေးတယ် အံ့ပါရဲ့ ..."

ကောင်းပါလေရော။ နေရာတကာ သူမမှာတော့ အပြစ်မရှိ။ တစ်ဘက်လူမှာသာ အပြစ်တွေ တစ်ခုပြီးတစ်ခု ဆင့် ပြီးတော့ကို ဖြစ်နေတော့တာပဲ။

ဒီနေရာမှာ တခြားတစ်ယောက်ဆိုလျှင်တော့ ဒွာန် က စိတ်ပျက်ပျက်နဲ့ပဲ စကားနည်းရန်စဲဆိုသည့် သဘောတရား လက်ကိုင်ထားလိုက်တော့မှာပါ။

ဂျမ်းဂျမ်းဖြစ်နေသည့်အခါကျတော့ ဒွာန်က အ





လိုကို ရန်ပွဲဆက်ချင်နေသည်။ ဂျမ်းဂျမ်းနဲ့ ငြင်းခုန်နေရတာကိုက တစ်မျိုးလေး ရင်ခုန်ချင်စရာကောင်းနေပေတာကိုး။

"မိန်းကလေးက မိန်းကလေးလိုမှ မနေတာ ... ကိုယ့်ကိုယ်ကိုလည်း မနိုင်ဘဲနဲ့ စကိတ်ကလည်း စီးချင်လိုက်တာ လွန်ရော ... ပြီးတော့ ဟိုတိုက်ဒီတိုက်နဲ့ ... စကိတ်စီးချင်တယ်ဆိုလည်း သေသေချာချာ သင်တန်းလေး ဘာလေးတက်ပြီးမှ စီးရင် ပိုကောင်းမယ်ထင်တယ် ..."

ဒွာန်က ခပ်တည်တည်နဲ့ ရန်စလိုက်တော့ ဂျမ်းဂျမ်း ဆွေ့ဆွေ့ခုန်သွားပါလေရော။

"ဘာပြောတယ် ... မီဂျမ်းတို့က အမေဝမ်းကထွက်တာတောင် သူများဝိုင်းဆွဲထုတ်ရတာ မဟုတ်ဘူး ... စကိတ်လေးစီးပြီး ဝိုးဆိုထွက်လာတာ ... စကိတ်စီးတာလောက်များတော့ နိုင်ငံတကာပြိုင်ပွဲတောင် သွားဝင်လို့ရသေးတယ် ..."

"နိုင်ငံတကာပြိုင်ပွဲမှာ ဆုရမယ်ဆိုရင် ကျွန်တော်ကတော့ ဝင်ကန့်ကွက်ရမှာပဲ ... သူစီးတာ ဘယ်လောက်ပဲကောင်းကောင်း လူကိုတော့ လွတ်အောင်မရှောင်နိုင်ပါဘူးဗျ"



www.burmeseclassic.com

www.burmeseclassic.com



"လူက တည့်တည့်ကြီး ဝိတ်နေတာလေ … ကျွန်မအော်သားပဲ … ရှင်က ဘာလို့မရှောင်တာလဲ … ဘာတွေဝေး နေလို့လဲ …"

"ငေးနေတာမှ မဟုတ်တာ … ရှောင်စရာမလိုဘူးထင်လို့ မရှောင်တာပေါ့ …"

"ရှင်ငေးနေတာပေါ့ … သေချာပါတယ် … ခင့်အခန်းကို လှမ်းကြည့်ပြီး ဘာတွေငေးမှန်းမသိ ငေးနေတာ … ဒါမှ မဟုတ်ရှင်တော့ ချောင်းနေတာပဲ ဖြစ်ရမယ် …"

"ဘယ်သူ့အခန်း …"

"ရှင်လှမ်းကြည့်နေတာ ညာဘက်ထောင့်စွန်းနားကို မဟုတ်လား … အဲဒီဘက်မှာ ဘုရားခန်းရှယ် … ဘိုးဘိုးစာကြည့် ခန်းရှယ် … စတိုခန်းရှယ်အပြင် ခင့်အခန်းပဲရှိတာ …"

"ခင် …"

ဂျမ်းဂျမ်းပြောမှ ခွာနက သတိရသွားသည်။ ဟုတ်သားပဲ။ ဒီအိမ်မှာ ဦးအောင်သူရထွဋ်ခေါင်ရဲ့မြေးမလေး ကိုးယောက် ရှိတာ။ ရှစ်ယောက်ကို သူမြင်ဖူးထားပြီးပြီ။ တစ်ယောက်ကိုတော့ နာမည်တောင်မသိ၊ ရှိတယ်ရယ်လို့လည်း သတိမထားမိ။





"သူက ဘယ်သူလဲ …"

"အောင်မယ် … မသိချင်ဟန်ဆောင်နေပြန်ပြီ … ခင်ဆိုတာ ဆောင်းသခင်ကို ပြောတာပေါ့ … ကျွန်မနဲ့ စည်စည် ကြားက တစ်ယောက်ပေါ့ …"

"ကျွန်တော် တကယ်မသိဘူး … ဂျမ်းဂျမ်းတို့ညီအစ်မကိုး ယောက်ရှိတာကို သိတော့သိထားတယ်လေ … ဒါပေမဲ့ … လူတွေကများတော့ ဘယ်သူတွေရှိပြီး ဘယ်သူလိုနေတယ် ဆိုတာ သတိမထားမိဘူးပေါ့ …"

"မသိရင်မှတ်ထား … ဆောင်းသခင်က ဘိုးဘိုးရဲ့မြေးထဲ မှာတော့ အနုံးညံ့ဆုံး … အရှက်တတ်ဆုံး … မထင်ပေါ်ဆုံး ပဲ … ဘယ်မှလည်း မသွားဘူး … ဘယ်သူနဲ့မှလည်း မပေါင်းဘူး … သူ့ဘာသာ အခန်းထဲမှာ တစ်ယောက်တည်း ဝိတ်နေတာများတယ် … အရမ်းရှက်တတ်တယ် … ကျွန်း မာရေး သိပ်မကောင်းတာလည်း ပါတာပေါ့လေ … နည်း နည်းလောက် အပြင်ထွက်မိပြီဆို ဖျားတော့တာကိုး … ဒါ ကြောင့် ရှစ်တန်းနှစ်ကတည်းက ဘိုးဘိုးက ကျောင်းထုတ် ထားလိုက်တာ …"

www.burmeseclassic.com

www.burmeseclassic.com



"သူက ကျန်းမာရေးမကောင်းတော့ မိဘတွေနဲ့အတူမနေဘူးလား ... ဒီလိုလူမျိုးက အဘိုးစောင့်ရှောက်တာထက်စာရင် မိဘအရင်းတွေ စောင့်ရှောက်တော့ ပိုထိရောက်တာပေါ့ ... "

ဂျမ်းဂျမ်းက မျက်နှာညိုညိုလေးနဲ့ ခေါင်းခါယမ်းလိုက်ကာ ...

"ညီအစ်မတွေထဲမှာတော့ ကျွန်မနဲ့ခင်က ကံအဆိုးဆုံးပဲ ... ကျွန်မမိဘတွေက ငယ်ငယ်လေးတည်းက ဆုံးသွားတာလေ ... ခင်ကျတော့ သူ ငါးတန်းလောက်မှာ မိဘတွေကွဲပြီး နှစ်ယောက်စလုံးက နောက်အိမ်ထောင်ပြုလိုက်ကြတာ ... တကယ်တော့ ခင့်အဖြစ်က ကျွန်မထက်တောင် ဆိုးပါတယ် ... ငယ်ငယ်လေးတည်းက မိဘတွေက ရန်ဖြစ်ခဏဖြစ် ... သူထက်ငါဦးအောင် အိမ်ကဆင်းသွားကြ ... တစ်ခါတလေ ကလေးကို မေ့ထားခဲ့ကြတာ ... ညရောက်လို့ အိမ်ပြန်မလာကြတော့မှ ကလေးထိန်းက ဘိုးဘိုးနဲ့ ဘွားဘွားကို ဖုန်းဆက်အကြောင်းကြားလို့ သွားခေါ်ရတာ တွေ့ရှိတာ ... "





ဒါကြောင့် ခင်ဆိုတဲ့ မိန်းကလေးဟာ စိတ်ဒဏ်ရာတွေရပြီး လူတောထဲမတိုးရဲလောက်အောင် အရှက်သည်းပုန်းကွယ်တတ်လွန်းနေတာ ဖြစ်မှာပေါ့။

"အန်ကယ်တိုးနဲ့ အန်တီအက်(စ်)သာတို့ ကွာရှင်းကြတုန်းကဆို ခင်လေး အကြီးအကျယ်နေမကောင်းဖြစ်တာ ... မရတော့ဘူးလားလို့တောင် ထင်တာ ... ပြန်နေကောင်းလာတော့လည်း ခဏခဏကို ပြန်ပြန်ဖျားတတ်တော့တာပဲ"

"ကြားရတာ စိတ်မကောင်းစရာပဲဗျာ ... မိဘတွေကြောင့်မို့ သားသမီးတွေရဲ့ ဘဝထိခိုက်နစ်နာရတာ သိပ်သနားဖို့ကောင်းတာပဲ ... "

ဂျမ်းဂျမ်းက ဘယ်လိုကြံမှန်းမသိ ပြုံးသည်။ ဆောင်းသခင်ဆိုတဲ့ မိန်းကလေးကို ဌာန်က သနားတယ်ဆိုလို့ ဘာဘာညာညာ စွပ်စွဲချင်နေတာမျိုးလား။

ဌာန်ကတော့ ကိုယ်မတွေ့ဘူးသည့် မိန်းကလေးတစ်ယောက်ကို မရိုးမသားစိတ် မပေါ်မိတာအမှန်ပါ။ စိတ်ဝင်စားမှုဝင်စားမှုတော့လည်း ကိုယ့်အနားမှာ တစ်ယောက်တစ်မျိုးဆွဲဆောင်မှုရှိသည့် မိန်းကလေးတွေ ဝိုင်းနေတာ။ အကုန်လုံးကို စိတ်



www.burmeseclassic.com

www.burmeseclassic.com



ဝင်စားလွန်းလို့ ဘယ်သူတစ်ယောက်တည်းကိုပဲ ရွေးချယ်ရမလဲ ဆိုတာတောင် အတွေးရခက်နေသေးတာ။ နောက်တစ်ယောက် မတိုးချင်တော့ပါဘူး။

"ကဲ ... ကျွန်မ သွားတော့မယ် ... နောက်ကို ရှင် သတိ ထား ... သူများသွားလမ်း လာလမ်းမှာ ငေးငေးကြီးဝိုင် မနေမိစေနဲ့ ... စကိတ်နဲ့ တိုက်မိတာက အကြောင်းမဟုတ် ဘူး ... ကားနဲ့ဝင်တိုက်မိရင်တော့ ပြန်လမ်းမရှိ ဖြစ်သွား မယ်နော် ... "

"ကျွန်တော် ကားတိုက်ပြီးသေလို့ကတော့ ခင်ဗျားကို အရင် ဆုံးသရဲခြောက်မှာပဲ ... "

"သြော် ... ကိုယ့်အကြောင်း ကိုယ်သိတော့ သေရင်တောင် ရာမွန်ရာ မရောက်ဘဲ မကျွတ်မလွတ်နဲ့ အပယ်ဘုံရောက် မယ်လို့ ကြိုပြောနိုင်တာပေါ့လေ ... ရပါတယ် ... ကျမ်းကျင် တို့က ဘုရားစာ တရားစာဆို အစုံရတယ် ... နောက်ပြီး ရှင့်အတွက် အလှူလုပ်ပြီး အမျှအတမ်းဝေပေးပါ့မယ် ... စိတ် သာချ ... "





နောက်ဆုံးတော့ ဌာနီပဲ ပါးစပ်ကြီးဟာကာ အရှုံးပေး ကျန်ရစ်ခဲ့ရတာပါပဲ။

ငမိုက်သားကလည်း အဲဒီလို အနိုင်ယူခံလိုက်ရတာ လေးကိုပဲ သဘောကျ ကျေနပ်နေမိသေးတာလေ။

www.burmeseclassic.com



"မင်းရောက်လာတာနဲ့ အတော်ပဲ ... ငါ့မှာ ပြဿနာလေး နည်းနည်းရှိလို့ အကူအညီတောင်းမလို့ ..."

"ဘာလဲ ... ငွေရေးကြေးရေးလား ... ငါလည်းသိပ်တော့ မရှိဘူးနော် ... မင်းသိတဲ့အတိုင်း ငါ့အဖေက ငွေကို အတိ အကျပေးတာကွ ... ငွေတွေများများစားစား လက်ထဲရှိရင် ပျက်စီးမှာစိုးလို့တဲ့ ..."

"ငွေကြေးပြဿနာတော့ ပြဿနာပဲ ... ဒါပေမဲ့ မင်းဆီက ငွေချေးမှာတော့ မဟုတ်ဘူး ..."

ကျော်ကျော်ဇတစ်ယောက်ဟာ စကားပြောလျှင်





ဘယ်တော့မှ လိုရင်းမရောက်တတ်။ သူ့စိတ်တိုင်းကျ ရှည်ရှည်ဝေး ဝေး ကွေ့ကွေ့ဝိုက်ဝိုက် ပြောလိုက်ရမှ ကျေနပ်တတ်သည်။

"ငါ့ဆီက ငွေမချေးရင် မင်းရဲ့ဝှိုလှုံနေတဲ့ငွေတွေ ငါ့ဆီပေး ထားဖို့ပဲဖြစ်မယ် ..."

"မဟုတ်ဘူးကွ ... ငါ ကျောင်းတက်ရင်း အပိုဝင်ငွေရအောင် ကွန်ပျူတာသင်တန်းတစ်ခုမှာ အချိန်ပိုင်းဝင်လုပ်နေတာ မင်းသိတယ် မဟုတ်လား ..."

"သိတယ်လေ ..."

"အေး ... ပြီးခဲ့တဲ့အပတ်ကတော့ ငါ့ကြောင့် သင်တန်းက ကွန်ပျူတာတစ်လုံး တော်တော်ကြီးကြီးမားမားပျက်စီး သွားတယ်ကွာ ... သိန်းဂဏန်းနီးပါးလောက် ငါ ပြန်လျော် ရဖို့ဖြစ်လာတယ် ..."

"ဒါဆို မင်းက ပုစ္ဆည်းပေါင်တာတို့ ဘာတို့ ..."

"ဖြတ် ... ဖြတ်မပြောစမ်းပါနဲ့ကွာ ... ငါက အရေးကြီးတာ ပြောနေတာ ..."

ဩော် ... ။ သူ့ဘာသာ ကွေ့ဝိုက်စကားရည်နေ



www.burmeseclassic.com

www.burmeseclassic.com



တော့ အကောင်း။ ဌာနက တစ်ခွန်းလောက်ကလေးပဲ ဝင်ပြော ပါတယ် ... ။ ဒင်းက ဟိန်းလားဟောက်လားနဲ့။ အကူအညီပေး ကတော့ နီးစပ်နေပြီ။

"ငါ အလုပ်ဝင်လုပ်နေတာကို အိမ်ကို မပြောထားတော့ ပြဿနာဖြစ်တဲ့အခါ ငွေတောင်းဖို့ကလည်း မလွယ်ဘူး အဲဒီတော့ ငါ့နာရီကို အပေါင်ဆိုင်မှာ သွားပေါင်ပြီး ဖြေရှင်း ထားရတယ်ကွာ ... မင်းသိတဲ့အတိုင်းပဲ ဒီနာရီက ... "

"အေးပါ ... မင်းအဖေ သိပ်မြတ်နိုးတဲ့ရာဒိုအစစ် ... ရွှေ ဗိုတင်းကာရက်ပါတယ် ... တန်ဖိုးကသုံးသိန်းကျော်လောက် ရှိမှာ ... မင်းကို တက္ကသိုလ်တက်ရမှာမို့ လူအထင်ကြီးအောင် ဝတ်စားလိုက်တာ ... ဒါတောင် မင်းအမေရဲ့တစ်ချက်လွှတ် အမိန့်နဲ့မို့ရတာ ... မင်းအဖေဆို သူ့နာရီပေးလိုက်ရကို တစ်ပတ်တိတိ ဖျားကျန်ခဲ့တာ ... ဒါတွေပဲ မဟုတ်လား"

ကျော်ကျော်ဇ ပြောလွန်းလို့ သူ့ရဲ့မဟာနာရီရှား ဝင်ကို ဌာနက နားရည်ဝနေပြီ။ ဒီစကားမျိုး ဘယ်သူ့ကို ဘယ်နှ ကြိမ် ပြောဖူးပြီးပြီမှန်း သူ့ဘာသာ ပြန်မမှတ်မိတော့သည့် ကျော်





ကျော်ဇ,ကတော့ သူ့ကိုယ်စား ဌာနက အားလုံးပြောချသွားနိုင် သည့်အတွက် တရှုံ့ရှုံ့တမဲ့မဲ့။

"အေး ... အဲဒါပဲ ... ငါ့အဖေနာရီကို အပေါင်ဆိုင်မှာလည်း ကြာကြာမထားရဲဘူးကွ ... "

"ဒီတော့ ငါက ဘာပြန်လုပ်ပေးရမှာလဲ ... မင်းက ဘယ် လောက်နဲ့ ပေါင်ထားတာမို့လဲ ... "

"ခြောက်သောင်း ... ငါ့မှာစုထားတာလေးနဲ့ ပေါင်းပြီး ပစ္စည်းဖိုးက လျော်ရတာ ... "

"ဒါဖြင့် ငါက မင်းအဖေရဲ့နာရီကို အပေါင်ဆိုင်ကနေ ပြန်လု ပေးရမှာသဘောလား ... "

"ထင်ကြေးတွေ လျှောက်မပြောစမ်းပါနဲ့ဆို ... နာရီဖိုးက ငါ့ဘာသာပေးမှာပါ ... အဲဒီလိုပေးနိုင်ဖို့ ငွေများများစားစား ဘယ်ကရနိုင်မလဲ စဉ်းစားကြည့်တော့ ငါ့အဆောင်လခပဲ ရှိတယ် ... တစ်လတစ်လ အဆောင်ခ မပေးရတော့ဘူး ဆိုရင် ငါ့မှန့်ဖိုးထဲက တချို့နဲ့ပေါင်းရင် သုံးလေးလနဲ့ အကြွေး ဆပ်နိုင်မယ်ကွာ ... "

"ကောင်းသားပဲ ... "



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ အဆောင်ခမပေးနိုင်ရင် အဆောင်ရှင်က ငါ့ကို အလကားတော့ ဘယ်ထားပါ့မလဲ ..."

"ဒါလည်း ဟုတ်တာပဲ ... ဒါဆိုလည်း အလကားနေလို့ရတဲ့ ဘုန်းကြီးကျောင်းပြောင်းကွာ ... ငါတို့မြို့က ဆရာတော် ဦးကေသရက ရန်ကင်းက ကျောင်းတိုက်တစ်တိုက်မှာ ကျောင်းထိုင်ဖြစ်နေတာ ... မင်းဆရာတော်ကိုခွင့်တောင်းပြီး အဲဒီမှာ ခဏနေလိုက် ..."

"ညံ့ဖျင်းလိုက်တဲ့ခေါင်းကွာ ... မင်း ငါ့ကို ဘုန်းကြီးကျောင်းမှာ ကပ်နေဖို့အကြံအစည်ကလွဲရင် မပေးတတ်တော့ဘူးလား ..."

"ဘယ်ပေးတတ်တော့မလဲ ... မင်းရော ငါရော ရန်ကုန်မှာ ဆွေမျိုးနီးစပ်မရှိလို့သာ အဆောင်နေကြရတာပဲဟာ ... ဆွေမျိုးအိမ်သွားနေလို့လည်း ပြောလို့မှမဖြစ်တာ ..."

"ဒါပေမဲ့ မင်းအခု နေနေတာ အဆောင်မဟုတ်ဘူးလေ"

"အင်းလေ ... ဒါကတော့ ငါ့အဖေက သူ့မိတ်ဆွေအိမ်မှာ နေဖို့ စီစဉ်ပေးတာကိုး ... မင်းလည်း မင်းအဖေကိုပြောပြီး





သူ့မိတ်ဆွေတစ်ယောက်ယောက်အိမ်မှာ သွားနေချင်နေပေါ့ ..."

"ငါ့အဖေကို ပြောလို့မရပါဘူးဆို ... ပြီးတော့ ငါ့အဖေ မိတ်ဆွေအိမ်မှာ သွားနေမှတော့ အဆောင်လခ ရပါဦးတော့မလား ..."

ဒါလည်း ဟုတ်တာပဲ။ ကျော်ကျော်ဇ ပြဿနာက မုန့်လုံးစက္ကူကပ် ရှပ်ယှက်ကိုခက်နေတာပဲ။

"ဒါဆိုမင်းက ဘာလုပ်ချင်လို့လဲ ... နေစရာအိမ်လည်းမရှိ အဆောင်မှာလည်း မနေနိုင်ဆိုရင် ဘယ်သွားနေမလဲ"

"မင်းဆီမှာလိုက်နေရင်များ ကောင်းမလားလို့ ..."

"ဟေ ..."

ဖွာန့်မျက်လုံးတွေ ပြူးထွက်သွားသည်။ အံ့ဩလွန်းလို့ ရုတ်တရက် ဘာပြန်ပြောရမှန်းတောင် မသိ။

အကြံ ... အကြံ။ ပက်စက်လိုက်ပါတဲ့အကြံ။ သူ့ခေါင်းမို့လို့ ဒီလိုအကြံကြီး အကြံကောင်းမျိုးတွေ ထွက်ရက်သည်။

"မင်းနေတာ အိမ်ကြီးကလည်းအကြီးကြီး ... ခြံကြီးကလည်း အကျယ်ကြီးဆို ... လူတွေအများကြီးနေတာတောင် ...



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်နဲ့တစ်ယောက် ... သိပ်ခုံကြတာ မဟုတ်ဘူး ဆို ... ”

“ဗကြီးရာ ... အိမ်ဘယ်လောက်ကြီးကြီး ခြံဘယ်လောက်ကျယ်ကျယ် ... အဲဒါ ငါ့အဖေမိတ်ဆွေရဲ့အိမ် ... အဖေ့မျက်နှာကြောင့်မို့သာ ငါ့ကိုခေါ်ထားတာ ... အဲဒီအိမ်ကို ငါလည်းသွားနေတော့မှပဲ ရောက်ဖူးတာ ... အဲဒါကို မင်းကို ခေါ်ထားလို့ရပ့ါမလားကွ ... ”

“မင်းနဲ့အစက မသိလည်း အခုနေလာတာ ကြာပြီ ... အိမ်သားလို ဖြစ်နေလောက်ပါပြီ ... မင်းပြောတော့ အိမ်ရှင်အဘိုးကြီးက သိပ်သဘောကောင်းတာပဲဆို ... ကောင်မလေးတွေနဲ့လည်း အဆင်ပြေတယ်ဆို ... ”

“ဒါက ငါတစ်ယောက်တည်းအတွက်ကိုး ... သူတို့သဘောကောင်းတယ်ဆိုတိုင်း ငါက အခွင့်အရေးတက်ယူလို့ဖြစ်မှါမလား ... ”

“မင်းအခန်းက အကျယ်ကြီးပဲဆို ... ငါ တစ်ယောက်ဝင်နေလို့ အိမ်ပိုလေးမသွားပါဘူး ... တခြားဘယ်မှမသွားနဲ့ဆို



မသွားဘူးကွာ ... အခန်းထဲပဲ အောင်းနေမယ် ... ထမင်းလည်း ငါ့ဘာသာ ဆိုင်ကပဲ ဝယ်စားမှာပါ ... ”

ခက်တော့တာပဲ ...။ ကျော်ကျော်ဗဟာ လွယ်လင့်တကူ သိပ်တွေးတတ်သည်။ သူပြောလိုက်လျှင်တော့ ... ဘာမဆိုဟုတ်လို့။ တကယ်လက်တွေ့ ရင်ဆိုင်ရမှာကျတော့ ထင်သလောက်မလွယ်။

အိမ်ကဘယ်လောက်ပဲကျယ်ကျယ်၊ အိမ်သားတွေဘယ်လောက်ပဲသဘောကောင်းကောင်း၊ တကယ့်ကို မဆီမဆိုင်လူတစ်ယောက်ကိုတော့ ဘယ်သူက အိမ်ပေါ်ခေါ်တင်ထားချင်မလဲ။

“မဖြစ်ဘူးကွ ... အိမ်မှာက ဦးအေးခင်သူ့ရင်သွေးရင်နှစ်ခေါင်ကလွဲရင် ကျန်တာ မိန်းကလေးတွေချည်းပဲဆိုတော့ တစ်စိမ်းယောကျ်ားတစ်ယောက် လာနေလို့ ဘယ်ကောင်းမလဲ”

“မင်းကျတော့ ခွေမျိုးလား ... ”

“ဒါကတော့ သူတို့ကိုယ်တိုင် လိုလိုလားလားနဲ့ခေါ်ထားတာကိုးကွ ... ”

www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကိုလည်း လိုလိုလားလားနေါ်ထားအောင် ပြောကြည့်ပေါ့ ..."

ကျော်ကျော်ဗတို့ကတော့ သူဖြစ်ချင်တာကို မဖြစ်ဖြစ်အောင် လုပ်တော့မည့်ပုံပဲ။ ဒွာနီမှာလည်း ယယ်ယယ်လေးတည်းက ကျော်ကျော်ဗကိုပဲ အားကိုးပေါင်းသင်းလာရတာ ကျော်ကျော်ဗရဲ့ အမိန့်အာဏာဆိုလျှင် မလွန်ဆန်နိုင်သည့်ထုံးစံက ရှိနေပေရာ

"မင်း ပြောတိုပြောပေးရမယ် ... ငါတစ်သက်လုံး မင်းအတွက်အကုန်လုပ်ပေးလာတာ ... မင်းဘက်က ဒီလောက်တော့ ပြန်လုပ်ပေးသင့်တယ် ..."

"ဗကြီးရာ ... မင်းကလည်း ..."

"သိပ်အကြာကြီးမနေပါဘူးကွာ ... သုံးလ ... အလွန်ဆုံးမှ လေးလပဲ ... ငါ့အကြွေးကျေရင် မင်းကဆွဲထားရင်တောင် ငါ မနေတော့ဘူး ... လောလောဆယ်တော့ ငါ့မှာအခက်အခဲတွေ့နေလို့ပါကွ ... မင်းဆီမှာ ဒီတစ်ခါလေးပဲ အကူအညီတောင်းတာပါ ..."

ကျော်ကျော်ဗက ဒီလောက်ပြောနေတော့လည်း





န်ဘယ်လိုမှ မနေနိုင်ပါ။ ယယ်ယယ်လေးတည်းက သူများအပေါ် ယ်ကျတတ်သော ကျော်ကျော်ဗက တောင်းလျှင် သူ့အလွန်မက် ာသည့် အရုပ်၊ စားစရာ၊ စာအုပ်ကအစ အကုန်ပေးခဲ့ရိုးထုံးစံ တိုင်း ဒီတစ်ခါလည်း သူ့တောင်းဆိုချက်ကို အရဲစွန့်ဖြည့်ဆည်း ပဲ ဆုံးဖြတ်ချက်ချရလေသည်။



www.burmeseclassic.com

www.burmeseclassic.com





ရုတ်တရက် နှာခေါင်းထဲဝင်လာသော မွှေးရနံ့စူးရှ ပြင်းပြင်းတစ်ခုကြောင့် ဌာန်ခြေလှမ်းတွေ ရပ်သွားရသည်။

အနံ့ကတော့ သူ့ရှေ့နားက ဂိုဒေါင်လိုလိုတိုက်ခန်း ကလေးဆီက လာတာပဲ။

ဒီနေရာကြည့်ရတာ လူလည်းမနေဘဲပစ္စည်းဟောင်း တွေသာစုပုံပြီး ပစ်ထားသည့်နေရာမျိုးပါ။ ဘာကြောင့်များအမွှေးနံ့ က ထွက်နေရတာလဲ။ အနံ့ကလည်း အမွှေးတိုင်၊ ဒါမှမဟုတ် အနံ့ ရှိသော ဖယောင်းတိုင်တစ်ခုခုကို လတ်လတ်ဆတ်ဆတ်ထွန်းထား သည့် အနံ့မျိုး။





စပ်စုတယ်ပဲပြောပြော ဌာန်က သိချင်စိတ်ကိုမထိန်း ချုပ်နိုင်ပါ။ ဂိုဒေါင်လေးရှိရာသို့ အသာလေးချဉ်းကပ်သွားမိတော့ သည်။

ဂိုဒေါင်တံခါးက အစိုင်အမာပိတ်ထားသည်။ ဘေး တော်ပတ်လည် တံခါးပေါက်တွေကလည်း အားလုံးပိတ်လျက်။ အတွင်းဘက်မှာလည်း မှောင်နေမည်းမည်း။

စိတ်ထင်လို့ဖြစ်မှာပါလို့ ဖြေတွေးတွေးရအောင်က လည်း ဒီနားရောက်မှ အနံ့က ပိုလို့တောင် ပြင်းထန်လာသေးသည်။

ဟော ... ။ အလင်းရောင်။

မထင်မှတ်ဘဲ အားနည်းဖျော့တော့သောအလင်း ရောင်လေးတစ်ခုကို တံခါးကြားကနေ တွေ့လိုက်ရသည်။ အနည်း ငယ်ကျွဲနေသော ပြတင်းပေါက်သစ်သားချပ်ကြားက ချောင်းကြည့် လိုက်လျှင် အလင်းရောင် ပျပျကလေး။ တဖြည်းဖြည်း မျက်စိကျင့် သားရသွားတော့မှ ဖယောင်းတိုင်လေးသုံးတိုင်ရဲ့ မီးရောင်နဲ့နဲ့လေး အားမှာ အမွှေးတိုင်ထွန်းထားသည့် ခွက်ကလေးတွေ၊ စားပွဲပေါ်မှာ ချက်လျက်သားစိုက်ထားသော ငွေခါးအသေးလေးနှစ်ချောင်း၊ ခရိုင်းတစ်ခု၊ နောက်ပြီး ဖဲချပ်တွေရယ်၊ အဲဒါတွေ ခင်းကျင်းထား



www.burmeseclassic.com

www.burmeseclassic.com



သော စားပွဲဘေးမှာ ခုံတစ်လုံးနဲ့ထိုင်နေတာက အနက်ရောင် ဝတ်

ရှိဒဏ္ဍာရီ။

နေပါဦး။ သူမရှေ့က ပုပ္ပရှုကလေးတွေက

စည့်ရယ်၊ ခင်မနဲ့ခင်ပ အမြွှာညီအစ်မရယ် ...။

"မြန်မြန်ကြည့်ပေးလေ မနာရဲ့ ... ခင်မ မေးထားတာ

"ငါမှ အာရုံမရသေးတာ ..."

"ကြာပြီ ... ဒီထဲကြီးနေရတာ မှောင်မည်းမည်း

စိမ့်နဲ့ ... ပစ္စည်းဟောင်းတွေဆီက ဖုန်နံ့လည်းရသေး

အမွှေးတိုင်နံ့ကလည်း မွှန်ထွန်နေတာပဲ ..."

"မမေးချင်လည်းနေလေ ... နင်တို့သိချင်လှချည်ရဲ့

ငါ့အခန်းကိုဖိတ်တာ ... မသိချင်တော့ရင်လည်းပြန်

"အာ ... မဟုတ်ဘူး ... သိချင်တယ် ... သိချင်တယ်

မပြန်ပါဘူး ... အယ်လောက်ကြာကြာစောင့်ရမှာ

ခင်မကလည်း ဘာတွေလျှောက်ပြောနေတာလဲ ...

တီးတိုးတီးတိုး အသံလေးတွေ။ ကြည့်ရတာ

ညီအစ်မနဲ့ ဝေဝေစည်တို့က ဒဏ္ဍာရီ့ထံမှာ ဗေဒင်မေးနေ

လာ။ အကြားအမြင်ဟောနိုင်းနေတာလား တစ်ခုခုတော့





"ရော့ ... ဖဲချပ်တစ်ချပ်ပြန်ဆွဲဦး ... စောစောက နင်ဆွဲ
လိုက်တဲ့ ဖဲချပ်ကို ဘာအာရုံမှ ခံစားလို့မရဘူး ..."

"ဟင် ... ဒါဆို မနာပဟာက မှန်ပါ့ဦးတော့မလား"

"မမှန်ဘူးထင်လည်း သဘောပဲလေ ... ငါ သိမာဓိကျင့်ရ
ဦးမယ်နော် ... နင်တို့တွေ ငါ့အချိန်ကိုလည်း ဖြုန်းပစ်သေး
တယ် ... ငါ့ကိုလည်း မဝေဖန်နဲ့ ..."

"အင်းပါ ... အင်းပါ ... ဆွဲဆိုလည်း ဆွဲတာပေါ့ ..."

ခင်မက အရုပ်ပုံစံဆန်းဆန်းတွေ မျိုးစုံနဲ့ ဖဲချပ်တွေ
ထဲက တစ်ချပ်ကို ဆွဲယူပေးလိုက်သည်။ ခင်မပေးသည့် ဖဲချပ်ကို
ဒဏ္ဍာရီက ပြန်ယူကြည့်လိုက်၊ အာရုံခံသလို မျက်စိစုံမှိတ်နေလိုက်၊
သူမရှေ့က ရွှေလုံးကြီးထဲ စိုက်ကြည့်လိုက်လုပ်နေပြီးမှ ...

"လောလောဆယ် ခင်မအတွက် အချစ်ရေးကံကောင်းဖို့
မရှိသေးဘူး ..."

"ဘာဖြစ်လို့ ပြောနိုင်တာလဲဟင် ..."

"ဒါတော့ ပြောပြလို့ မရဘူးလေ ... ငါ အာရုံခံစားလို့ရ
သလောက်ကို ပြောပြတာပဲ ... မယုံပြန်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"မယုံတာ မဟုတ်ဘူး မနှာ ... မယုံချင်တာ ... သူက အခု သိပ်ပြီးရှည်းစားလိုချင်နေတယ် ..."

"အောင်မယ် ... မိန်းမ ... နင့်ရော အချိန်ရှိသရွေ့ စိတ်ကူးဆေးတယဉ်ယဉ်နဲ့ ... သီချင်းဆိုတာတောင် ကိုကြီးကိုကြီးတို့ ကိုကို့ကိုတို့ ကိုကိုချစ်တို့ ချာတိတ်လို့မခေါ်နဲ့တို့ ... ကိုကိုသံသရာက မထွက်ဘူး ..."

တံခါးရွက်နားကပ်နေသည့် ဌာန်ခေါင်းက ဆတ်ခနဲ မတ်သွားသည်။ ကောင်မလေးတွေ ဘာများမဟုတ်မဟာတ်ကြံစည် နေကြပြီလဲ။

"အောင်မာ ... နင်ကျတော့ရော ... မနေ့က ငါလှမ်းခေါ်တာကို ဘာတွေယောင်ပြီး ပြန်ထူးသလဲ ... နောက်ပြီး ညအိပ်ရင်း ယောင်တာတောင် ဘယ်သူ့နာမည်ပါနေသလဲ၊ ဒီလောက်စိတ်ကူးထဲ အိပ်မက်ထဲအထိ စွဲလမ်းနေတာ"

"ဟုတ်တယ် ... ဟုတ်တယ် ... ဟိုနေ့က စည်စည်တို့စကား ပြောနေတာတောင် ဘာတွေပြောနေကြတာလဲ ... ဘာလို့ ပြောနေရတာလဲဆိုပြီး အခန်းတိုတွဲပုံစံမျိုး လာလုပ်နေသေးတယ် ..."





"မစည်နော် ... ခင်မက ရိုးရိုးသိချင်လို့မေးတာပဲဟာ ... မစည်ရော စိတ်မဝင်စားလို့လား ... လက်ဖက်သုပ်ကျွေးရ ... ဝက်သားတုတ်ထိုးဝယ်ကျွေးရ ... ဖက်ထုပ်ကြော်တွေ ဝယ်လာကျွေးရနဲ့ ..."

လာပြန်ပြီ။ ဒါလည်း ဘယ်သူ့ကိုရည်ရွယ်သည်ဆိုတာ အသိသာကြီး။ စားထားသောက်ထားပြီးတာ ကြာလို့ အပိုဓာတ်အဖြစ်နဲ့ စွန့်ပစ်လိုက်ပြီးသား အစားအသောက်တွေဟာ အခုမှ လည်မျိုထဲ ပြန်နင်နေသလိုတောင် ဖြစ်သွားရပါရဲ့။

စည်စည် ဘယ်လိုများ ပြန်ဖြေမလဲ။ ဌာန်က သီချင်းဆောနဲ့ အာရုံဖိုက်ကာ နားထောင်လိုက်သည်။

"အောင်မယ် ... ငါ့ကိုများ သူတို့စိတ်နဲ့နှိုင်းလို့ ... စည်စည်တို့က အစားအသောက်ကလွဲရင် ဘာမှစိတ်ဝင်စားတာ မဟုတ်ဘူး ... အစားကျွေးတယ်ဆိုတာက ငါကိုယ်တိုင်လည်း အစားမက်တော့ သူများကိုလည်း စေတနာနဲ့ဝေမျှစားတဲ့သဘောပဲ ..."

"ဒါပဲလား ... တခြားဘာမှမရှိတာ သေချာလား ..."

"သိပ်သေချာတာပေါ့ ... ငါလိုလူမျိုးက ယောကျ်ားမှန်ရင်



www.burmeseclassic.com

www.burmeseclassic.com



လည်းဖြစ်မှာ မဟုတ်ဘူး ... အမြဲဓာမ်းအစားအသေး
ကိစ္စပဲစဉ်းစားချင်နေတာ ... အိမ်ထောင့်တာဝန်တို့ယော
ကိစ္စတို့ ဂရုလေးမွေးလာရင် ကလေးတာဝန်တို့ ဘာ
ချင်တာမဟုတ်ဘူး ... နောက်ပြီး စားရင်းသောက်ရင်း
ထက်ပိုပြီးတော့လည်း ဝလာဦးမယ် ... ငါလိုမိန်းမကို
ယောကျ်ားတမှ ကြာရှည်သည်းခံနိုင်မှာ မဟုတ်ဘူး"

စိတ်ပျက်စရာပါလား။ စည်စည်နဲ့ပတ်သက်ပြီး
ကူးယဉ်ချင်သလိုရှိမိတာလေးတောင် ကြက်ပျောက်ငှက်ပျော
ပျောက်သွားရပြီ။

"ဒါဆို မစည်က ဗေဒင်မေးဖို့ လိုက်လာတာမဟုတ်ဘူး
"ငါမှာ ဘာမှမေးစရာမရှိဘူး ... နင်တို့ ဘာတွေပေးပြီး
ဘာတွေဖြေမလဲဆိုတာ သိချင်လို့ လိုက်လာယုံသက်
ပဲ ... "

"နင်တို့တွေ ကိုယ့်ဘာသာ စကားပြောမှာလား ... ဗေဒင်မေးမှာလား ... "

"မေးမှာ ... မေးမှာ ... ခင်မကလည်း ဘာတွေလျှော





ပြောနေတာလဲ ... ဟိုတ်သားပဲ ... မနာပြောတာ နား
ထောင်လေ ... "

"နင် အသက်နှစ်ဆယ်မှာ ချစ်သူရမယ် ... နင့်ချစ်သူက
နင်နဲ့ရွယ်တူ တန်းတူပဲဖြစ်မယ် ... အဲဒီလူနဲ့ပဲ တစ်သက်လုံး
ပေါင်းသွားရမှာ ... "

" ... ... "

"ဟော ... တွေ့လား မနာ ... သူဖြစ်ချင်တာ မဟုတ်တော့
အသံတောင်မထွက်တော့ဘူး ... "

"ငါဖြစ်ချင်တာ မဖြစ်ရတော့ဘူးဆိုရင် နင် ဖြစ်ချင်တာ ဖြစ်ဖို့
မျှော်လင့်ချက်ရှိလာပြီ မဟုတ်လား ... ကဲ ... ဖဲတစ်ချပ်
ဆွဲလိုက်စမ်း ... နင့်အတွက် ဟောကိန်းက ဘာဖြစ်မလဲ
လို့ ... "

ခင်မက ဖဲချပ်တစ်ခုကို ဆွဲလိုက်သည်။ ဒီတစ်ခါ
တော့ ဒဏ္ဍာရီက အရှိန်မဆိုင်းတော့ဘဲ ...

"ဟား ... ဟား ... ဒီလောက် ရည်းစားလိုချင်နေရင်တော့
ကောင်းတယ် ... ငါ မြင်ရသလောက်တော့ အကြီးကြီးလုပ်မှ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မယ်ဆိုတဲ့ စည်စည်တော့ မသိဘူး ... ခင်ပကတော့ အပျိုကြီးကိုဖြစ်မှာ ... "

"ဟယ် ... "

"တကယ်လားဟင် ... ဝမ်းသာလိုက်တာ ... "

"ခင်မနော် ... စိတ်မပုတ်နဲ့ ... "

"ငါ့တုန်းက နင်မဲဝမ်းသာအားရ ဖြစ်ခဲ့တာမဟုတ်လား ... ငါမရတဲ့သူကို နင်လည်းမရဘူးလေ ... ငါကမှ ချစ်သူရှိုးမယ် ... နင်က အပျိုကြီးဖြစ်မှာတဲ့ ... ဟား ... ဟား"

"ဘယ်လိုဖြစ်နေကြတာလဲ ... ယောက်ျားတစ်ယောက်အတွက်နဲ့ ဒီလောက်အသည်းအသန်ဖြစ်နေကြရလား"

"သူက ချောလည်းချော ... သဘောလည်းကောင်း ... ဆွဲဆောင်မှုလည်း ရှိတယ်လေ ... မနာရော အဲဒီလိုမထင်ဘူးလား ... "

"မှန်တာပြောရင်တော့ ငါလည်း သူ့ကိုစိတ်ဝင်စားပါတယ်"

မြတ်စွာဘုရား။ တယ်ထူးဆန်းပါလား။

သူ့ဘာသာ တစ်ယောက်တည်း သီးခြားအေးစက်



စွာ နေတတ်သော ဒဏ္ဍာရီနှုတ်က ဝန်ခံစကားက ဗျာန့်ကို စိတ်ဝင်စားတယ်ဆိုပါလား။

"ဒါပေမဲ့ ... သူက ငါတို့မိန်းမကမ္ဘာထဲကို ထူးထူးခြားခြား ရောက်လာတဲ့ တစ်ဦးတည်းသောယောက်ျားမို့ စိတ်ဝင်စားမိတာလည်း ဖြစ်နိုင်တာပဲ ... ဒီလောက်ကြီး အသည်းအသန် ဖြစ်ဖို့တော့ မလိုပါဘူး ... "

ပြန်လျှော့ချသွားပြန်ပြီ။

အင်းလေ။ ဒါဟာ ညီမတွေရှေ့မှာမို့ ရှက်လို့ဟန်ဆောင်လိုက်တာလည်း ဖြစ်ချင်ဖြစ်နိုင်တာပဲ။ အဓိကကတော့ ဒဏ္ဍာရီလိုမိန်းကလေးဟာ စိတ်ထဲက တကယ်အနိုင်အမာရှိဘဲနဲ့ ယောကျ်ားလေးတစ်ယောက်ကို စိတ်ဝင်စားတယ်လို့ ပြောမှာမဟုတ်တာဘဲ။

အောင်မယ်။ ဒီလိုတော့လည်း စိတ်ကျေနပ်ချင်စရာကောင်းသေးသား။ ဟိုပေါက်စနဲ့ အမြွှာကလေးတွေက ကိုယ့်အပေါ်ဘာညာဆိုတာကိုတော့ ကလေးအရွယ် စိတ်ကစားယုံပဲမို့ ဗျာန်က ဘယ်လိုမှမနေ။ ဒဏ္ဍာရီရဲ့ စိတ်ဝင်စားခြင်းခံရတာကတော့ ရင်ခုန်လှုပ်ရှားမှုယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ ... ဝါရှိတ်ထဲ ဒီပတ်ဝန်းကျင်မှာ သူစိမ်းတစ်ယောက် ရောက်နေသလိုပဲ ..."

"မဖြစ်နိုင်တာ မနာကလည်း ... ဒီနားကို ဘယ်သူမှမှ မလာတတ်တာ ..."

"ညည်းတို့ မမြင်တာက ညည်းတို့မှာ နံရံကို ထွင်းဖောက်မြင်နိုင်တဲ့ အာရုံခံမျက်လုံးမှ မရှိတာကိုး ... ဟဲ့ ... ငါက မျက်စိနဲ့သာမမြင်ရတာ ... စိတ်အာရုံနဲ့မြင်နေရတယ် ... ဟုတ်တယ် ... လူတစ်ယောက် ပြတင်းပေါက်တံခါးတစ်ချပ်ကို မှီပြီး ငါတို့ပြောတာတွေကို နားထောင်နေတယ်"

မြတ်စွာဘုရား။ ကြောက်စရာလန့်စရာပါလား။

ဒဏ္ဍာရီရဲ့ အကြားအမြင်ပဲရှာသလိုလို၊ ဂန္ဓာရီဆန်ဆန် ထူးခြားသောလျှမ်းအင်ပဲရှိသလိုလို အဖြစ်အပျက်တွေကိုအယုံအကြည် မရှိလှပေမဲ့ သူချောင်းနေတာကို သိလိုက်တာကိုတော့ ဗွာန်က တကယ်ပဲ ကြောက်ရွံ့ထိတ်လန့်သွားမိသည်။

ဒီလောက်အခန်းတွင်းနဲ့ အခန်းပြင်။ ကိုယ်က သူတို့ကို မနည်းမြင်အောင် ကြည့်ရသလို သူတို့ကလည်း ကိုယ့်ကိုမြင်





ရာမရှိသည့်အနေအထားမှာ သူ ရှိနေတာကို ဒဏ္ဍာရီက ဘယ် ...ုပ် ပြောနိုင်တာလဲ။

ကဲပါ ... ။ တွေးနေတာ ကြာတယ်။ သူတို့ တကယ် ...်ကြည့်လို့ ကွဲခနဲ မမိခင် အမြန်ရှောင်ပြေးဝါမှ။

www.burmeseclassic.com



ခရီးဆောင်အိတ်တစ်လုံး၊ ကျောပိုးအိတ်တစ်လုံး
စုစုပေါင်းမှ ဝန်စည်စလယ် နှစ်မျိုးထဲနဲ့ ရောက်ချလာသော ကျော်
ကျော်ဇကို ဌာန်က စိတ်ပျက်လက်ပျက်နဲ့ ကြိုဆိုလိုက်ပါသည်။

"မင်းက လာမယ်ဆိုလည်း တကယ့်ကို လာတော့တာပဲ"

"လာတာပေါ့ကွ ... ဘာလဲ ... မင်းက အချိန်နီးမှ ငါ စိတ်
ပြောင်းသွားပြီး မလာဖြစ်တော့ဘူးလို့များ မင်းက ထင်နေ
လို့လား ..."

အမှန်အတိုင်း ဝန်ခံရမည်ဆိုလျှင်တော့ အကြောင်း
တစ်ခုခုနဲ့ (ဥပမာ ... ကျော်ကျော်ဇ ကိစ္စကို သူ့အဖေကြီး သိသွား
ပြီး စိုက်လျှော်လိုက်လို့ အကြွေးပေးစရာ မလိုတော့တာမျိုး) ကျော်





ကျော်ဇ ဒီအိမ်ကို ပြောင်းလာနေစရာမလိုတော့သည့်အဖြစ်မျိုးများ
ရောက်သွားမလားလို့ ဌာန်က မျှော်လင့်ခဲ့တာပါ။

"မင်းကွာ ... ကိုယ်နဲ့ သိတာလည်းမဟုတ်ဘဲနဲ့ ခပ်တည်
တည် တက်ရောက်နေတာများ လွန်လိုက်တာ ..."

"ဘာဖြစ်လဲ ... အခေါင်းသွားနေတော့ရော ကိုယ်နဲ့သိတဲ့
လူ ရှိတာမှ မဟုတ်တာ ..."

"အခေါင်ကတော့ ဗိုက်ဆံပေးနေတာလေ ..."

"မင်းရဲ့ ဦးအောင်သူရရဲ့ခေါင်က ကျိုကျိုတက်ချမ်းသာ
တဲ့ သူဌေးကြီး မဟုတ်ဘူးလား ... ငါပေးမှ မဖြစ်စလောက်
လခကလေးက သူ့ကို ဘော်ကာစေစရာ ရောက်မှာပေါ့"

ဆင်ခြေဆင်လက် ဆင်ခေါင်းဆင်မြီးတွေကတော့
ရုံးနေတာပဲ။ ဌာန်မှာတော့ သူ နေမည်ဆိုတဲ့ သုံးလေးလအတွင်း
အိမ်ရှင်တွေကို ဘယ်လို မျက်နှာနဲ့ ဆက်ဆံရမည်ဆိုတာကိုပဲ တော်
တော်လေး စဉ်းစားရဦးမည်။

"မင်း ကောင်းကောင်းလည်း နေဦးနော် ... ဦးအောင်သူရ
ဗွီဒီယိုခေါင်က ငါ့ကိုလည်း ယုံကြည်လို့ ... အားလည်းနာလို့
သာ မင်းကို ခေါ်ထားတာ ... သူ့ မျက်စိနောက်စရာ အင်မှု

www.burmeseclassic.com



ခု သွားလုပ်လို့ကတော့ မင်းတင်မကဘူး ... ငါပါ အိမ်ပေါ်က ဆင်းရလိမ့်မယ် ...”

ဌာန်က အစိုးရိမ်ပိုနေပေမဲ့ ... ကျော်ကျော်ဗတို့ကတော့ လုံးဝ မှုပုံမရ။ သူ ဖြစ်ချင်တာ ဖြစ်ရပြီးလျှင် ကျန်တာ ဘာဝဲဖြစ်ဖြစ် ဂရုမစိုက်ဘူး ဆိုသည့် သဘောမှာရှိသည်။

“ဒေါက် ... ဒေါက် ...”

“တံခါးသွားဖွင့်လိုက်လေကွာ ... ဟိုမှာ ခေါက်နေတယ် အောင်မယ်၊ သူကတော့ ဘူမှားခုတင်ပေါ် အကြွေအား ခြေချိတ်ထိုင်နေပြီး အခန်းရှင် (ခဏနေတာပဲဖြစ်ဖြစ် ဘာပဲဖြစ်ဖြစ် အရင်ရောက်သူဆိုတော့ ဌာန်သာလျှင် အခန်းရှင်ပဲ) ကိုတော့ လက်ညှိုးထိုးခိုင်းနေလိုက်တာ။

“မင်း ထ,ဖွင့်ပါလားကွ ... ငါ ဒီမှာ စာရေးလျက်သား တန်လန်းကြီးကို ...”

“ဒါ မင်းအခန်းပဲ မဟုတ်လား ... ငါက ဒီမှာ ဧည့်သည်ပဲဟာ ... မင်းပဲ ဖွင့်ရမှာပေါ့”

“ဒေါက် ... ဒေါက် ...”

“အထဲမှာ လူမရှိဘူးလား ... တံခါး လာဖွင့်ပါ ... မြန်မြန်”





ဂျမ်းဂျမ်းရဲ့ အသံပဲ။ ခပ်ဆတ်ဆတ်နဲ့ စိတ်ရှုပ်ဟန်ပေါက်နေသော အသံနေအသံထားကြောင့် ဌာန်လည်း ဆက်ပြီး ဘွက်ကပ်မနေရဲတော့ဘဲ တံခါးကို ပြေးဖွင့်လိုက်ရပါသည်။

တံခါးဖွင့်လိုက်တော့ အခန်းဝမှာ ဂျမ်းဂျမ်းတင်မက ဘယ်သူ့ကိုမှ မတွေ့ရ။

ဒီလိုပြောလို့ ဌာန်တို့ နေခင်းကြောင်တောင် သရဲခြောက်ခံရပြီလို့တော့ မထင်လိုက်ကြပါနဲ့။ အခန်းဝမှာ ဘယ်သူ့ကိုမှ မတွေ့ရဘူးဆိုတာ ရပ်နေသူရဲ့ မျက်နှာအပါအဝင် ခန္ဓာကိုယ်အပေါ်ပိုင်းတစ်ခုလုံး ခေါင်းအုံး၊ စောင်၊ အပါးစားမွေ့ရာ စတာတွေနဲ့ ဖုံးကွယ်နေလို့ပါပဲ။

“ဟာ ... ပေး ... ပေး ...”

ဌာန်က ဘယ်လို လှမ်းကူယူရမလဲလို့ စဉ်းစားနေတုန်းမှာပဲ ကျော်ကျော်ဗက လေပွေမွှေ့သလို ပိုးခနဲ အနားရောက်လာကာ ပစ္စည်းတွေကို ကူသယ်နေပါလေရော။

“ရှင် မဆိုးဘူး ... လူမှုရေးစိတ်ဓာတ်ရှိတယ် ... ကူညီရကောင်းမှန်း သိတယ် ... တချို့လူတွေများ မိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် ဒီလောက် အလေးအပင်ကြီး သယ်နေရတာကို မြင်လျက်သားကြီးနဲ့ လက်ပိုက်ကြည့်နေနိုင်တာ ...

ဂျမ်းဂျမ်းက ... ဌာန်ကို မျက်စောင်းတထိုးထိုးနဲ့ စောင်းချိတ်ပြောနေသည်။ ဂျမ်းဂျမ်းဆီက ဒီလိုစကားမျိုး ကြားရတာ အဆန်းမဟုတ်ပေမဲ့ ကိုယ့်ကိုကျ နှိမ်ပြီး ကျော်ကျော်ဇကိုချီးကျူးသွားတာအတွက်တော့ ဌာန်က အခံရခက်လှသည်။

"ကိုယ့်အတွက် ယူလာတာမှ မဟုတ်တာ ... ကာယကံရှင်ပဲ ကူပစေပေါ့ ..."

"ဒါကြောင့် ရှင့်ကို စိတ်ကောင်းမရှိဘူးလို့ ပြောတာ ... ကိုယ်ခေါ်လာတဲ့ ကိုယ့်သူငယ်ချင်းအတွက်တောင် အကူအညီမပေးချင်ဘူး ... သူနဲ့ကျွန်မဆို ဘာဆိုင်သလဲ ... တစ်ခါမှတောင် မြင်ဖူးတာမဟုတ်ဘူး ... ဒါတောင် ကျွန်မလည်း သူ့အတွက် အသုံးအဆောင်တွေ ယူလာပေးရသေးတာ ... အမှန်ဆို ရှင်ကိုယ်တိုင် လာယူသင့်တာ ..."

ဌာန်က မျက်နှာကို ရှုံ့မဲ့မပစ်မိအောင် မနည်းထိန်းချုပ်ထားလိုက်ရသည်။





ဂျမ်းဂျမ်း ပြောတာလည်း ဟုတ်သင့်သလောက်တော့ ဟုတ်သည်။ ကိုယ်ခေါ်လာသည့် သူ့အတွက် လိုအပ်သည့်ပစ္စည်းတွေကို ကိုယ်တိုင်ပဲ သွားယူသင့်တာပေါ့။

သို့သော် တစ်ဘက်က စဉ်းစားကြည့်တော့လည်း ဌာန့်အတွက်က ကိုယ့်သူငယ်ချင်းကို ဘာမဆိုင် ညာမဆိုင် ခေါ်တင်ခိုင်းထားတာတောင် လွန်လှပြီ။ သူ့အတွက် နေဖို့ထိုင်ဖို့ လိုအပ်သည့် အသုံးအဆောင်တွေ ပေးပါဦးလို့ သွားတောင်းရမှာမျိုးကျတော့ ဘယ်လောက်မကောင်းတတ်လိုက်သလဲ။

"ကျွန်တော်က ဘာပစ္စည်းမှ မယူတော့ဘဲ ရှိတာနဲ့ ဖြစ်သလိုနေကြမလို့ပါ ... အိမ်ပေါ်လည်း ခေါ်တင်ထားရ ... အိပ်စရာနေစရာလည်း လုပ်ပေးရဆို သိပ်အားနာစရာကောင်းလို့ ..."

"ကိုယ့်အိမ်မှာလာနေဖို့ လက်ခံပြီးမှတော့ ဒီလောက် ပစ္စလက်ခတ် လုပ်လို့ရမလားရှင့် ... ရှင်က ဘိုးဘိုးကို ဧည့်ဝတ်မကျေတတ်တဲ့ နေစိမ့်တဲ့ သူမျိုး မှတ်လို့လား ..."

ဘယ်ဘက်ကမှ မလွတ်ပါလား။ ဂျမ်းဂျမ်းဟာ ဌာန့်အပေါ်ကိုဆို မကောင်းမြင်တတ်လွန်းသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် မသိတတ်လိုက်မိတာပါဗျာ ... ကျွန်တော်က ဒီမှာ ခဏလောက် နေခွင့်ရတာတောင် အားနာနေရတော့ ဟိုပစ္စည်းဒီပစ္စည်းတွေလည်း မတောင်းချင်တော့လို့ပါ ... နေနိုင်တာ မဟုတ်ပါဘူး ... ကျွန်တော်က ဒွာန်ခုတင်မှာ ပဲ ဒီလိုပဲ ပူးကပ်နေလိုက်တော့မလို့ပါ ..."

"ရပါတယ်ရှင် ... အိပ်ရာခင်းဖို့ကတော့ အစုံပါပြီ ... ရှင့် အတွက် ခေါက်ခုတင်ကတော့ ကျွန်မ မသယ်နိုင်လို့ ကိုယ် တိုင်လိုက်ယူပါလား ..."

"ခုတင် မယူတော့ဘူးလေ ... ကျွန်တော်က ကြမ်းပေါ် လှဲလိုမ့်အိပ်ရတာကိုပဲ ပိုကြိုက်တာ ... ဖျာတစ်ချပ် ... အဲ့ မဟုတ် ကော်ဇောကြမ်းတစ်ချပ်လောက်ရရင် ကြမ်းပေါ် မှာ အိပ်ရာခင်းအိပ်တာ ပိုကောင်းတယ် ..."

"ဖျာကတော့ ရပါတယ် ... ဒါပေမဲ့ အားနာစရာကောင်း"

"ဟာ ... ကိစ္စမရှိဘူး၊ ရတယ် ရတယ် ... ဖျာသာ ပေးလိုက် အဲ ... ကျွန်တော် လိုက်ယူမယ်လေ ... ဘယ်နားမှာ ဖျာ မလဲ ပြောသာပြော ..."





ကျော်ကျော်ဗတို့ကတော့ အလုံးကောင်းပါပေ့ ...။ ဂျမ်းဂျမ်းလို စွာတေးလန်မကလေးနဲ့တောင်မှ ခဏချင်း အဖွဲ့ကျ တာ နှစ်ယောက်သား ကိုယ့်ဘာသာပဲ မိတ်တွေ ဘာတွေ ဆက် လို့။ အိပ်ရာအတူခင်းရင်း လေပေးကို ဖြောင့်လို့။

ဒွာန်မှာတော့ မျက်နှာပုပ်ကြီးနဲ့ ဘာကို အလိုမကျ ဖြစ်ရမယ်မှန်းမသိစွာ အကုသိုလ်စိတ်တွေ ပွားနေရတော့သည်။



www.burmeseclassic.com

[illegible]

"ခို … ခို … ခို …"

"ခစ် … ခစ် … ခစ် …"

"ဟီး … ဟီး … ဟီး …"

ထမင်းစားခန်းနားအရောက် မရောက်သေး ရယ်သံ အစုံအလင်တို့က ဆီးကြိုလိုက်တာမို့ ဒွာန်က မျက်မှောင်ကုတ်သွားရသည်။

ဒီအိမ်မှာ ကောင်မလေးတွေ အများကြီးရှိပေမဲ့ ဘယ်တော့မှ တစ်နေရာတည်း အများကြီး စုနေတာ မတွေ့ရ ထမင်းစားချိန်နဲ့ ညပိုင်း တီဗီကြည့်ချိန်လောက်ကလွဲလျှင် ကျ



သည့်အချိန်တွေမှာ အားလုံးဟာ ကိုယ့်အလုပ်နဲ့ကိုယ် သီးခြားစီ ရှိနေတတ်တာက များသည်။

ဒီနေ့တော့ မီးဖိုချောင်ထဲမှာ ကောင်မလေးတွေရဲ့ အသံကို စုံနေတာပဲ။ ဖေါ်အေးသာကြီးရဲ့ ကြေးမငယ် ရယ်သံ ညံညံကြီးတောင် ပါလိုက်သေး။

"အဲဒီတော့ ကိုဗက တာမြန်ရုပ်လိုက်သလဲ …",

"ဘာလုပ်လို့ရမှာလဲ … ဒါချိုးက ဖြိုဝ်မိုက်လို့ရတာလည်း ဟုတ်မှမဟုတ်တာ … အရေးကြီးတဲ့အခါမှာ မေမေပေးတဲ့ လက်ဆောင် ခြေနှစ်ချောင်းကို အသုံးပြုပြီး ပြေးပါလေရော ပေါ့ …"

"ဟား … ဟား … ဟား …"

"ကောင်းတယ် … ကောင်းတယ် …"

လက်စသတ်တော့ ကျော်ကျော်ဗက ကောင်မလေး တွေကို တစ်ကိုယ်တော်ဖျော်ဖြေဖို့ လုပ်နေတာကိုး။ အသံအားဖြင့် ဆိုလျှင် ကောင်မလေး လေးယောက်ထက်မနည်း အနားမှာ ရှိရ သည်။

မိန်းကလေးတွေရဲ့ ရယ်သံဟာ … သာယာချော

www.burmeseclassic.com



ဖွယ် ရှိသည်လို့ ဈာန်က အမြဲထင်ခဲ့တာ။ ခုကျတော့ အသည်းယား
ကာ မခံချင်စရာကောင်းလောက်အောင် နားဝင်ဆိုးတာပဲ။

ဘယ်ကြိုက်နိုင်ပါ့မလဲ။ ကိုယ့်အတွက် ရယ်တာမှ
မဟုတ်တာ။ တခြားယောကျ်ားတစ်ယောက်ရဲ့ ပြောစကားမှာ
ပျော်ဝင်ရယ်မောတာမျိုးပဲ။

ဒါကို မနာလိုဝန်တိုစိတ်ကြီးစားသည်လို့ ပြောချင်
လည်း ပြောကြပါတော့။ လောကကြီးမှာ လူဘယ်နှစ်ယောက်များ
မနာလိုစိတ်ကင်းတာရှိကြလို့လဲ။ တစ်နေရာမဟုတ် တစ်နေရာမှာ
တစ်ကြောင်းမဟုတ်တစ်ကြောင်းနဲ့ မနာလိုဖြစ်စရာတွေကိုတော့
ကြုံနေကြရတာပဲ မဟုတ်လား။

ဈာန်က မြင်လို့မရအောင် ဖျက်နေမှာ သေချာသော
မျက်နှာကြီးနဲ့ပင် မီးဖိုခန်းထဲ ဝင်ချသွားလိုက်သည်။

အောင်မယ် ... လူတစ်ယောက်လုံး ဝင်လာတာ
တောင် ဘယ်သူကမှ လှည့်မကြည့်၊ နှုတ်ဆက်ဖော်မရ။ ကျော်ကျော်
ဇဆိုသည့် ကောင်ဟာ ကောင်မလေးတွေကို သူ့အပေါ် ရင်းနှီးခင်
မင်လာအောင် ဆွဲဆောင်နိုင်ရုံသာမက ဈာန့်ကို စိတ်မဝင်စားအောင်
ပါ တားဆီးပိတ်ပင်နိုင်စွမ်း ရှိလေသလား။





"ထမင်းစားပြီးကြပြီလား ..."
"ပြောပါဦး ... ကိုဇရဲ့ နောက်ထပ်ရွှန်းစားခန်းတွေ ..."
"ကောင်မလေးတွေအကြောင်းရော မပါဘူးလား ..."
"ဟုတ်တယ် ... ဟုတ်တယ် ... ကိုဇ ကောင်မလေးတွေ
အကြောင်းလည်း ပြောပြပါဦး ..."
"ဘာဟင်းချက်လဲဗျို့ ... ဒေါ်အေးသာ ..."
"ဒီဆရာလေးက တော်တော်ရယ်စရာပြောတတ်တာပဲ ...
ကျုပ်တစ်သက် ဒီလောက် ရယ်စရာပြောတတ်တဲ့ သူမျိုး
မကြုံဘူးပေါ်င်တော် ... ဘာ မဟုတ်တာလေးလဲ ... ရယ်
စရာကောင်းအောင် သူပဲ ပြောတတ်တယ် ..."

ခက်တော့တာပဲ။ ဒေါ်အေးသာ ကိုယ်တိုင်တောင်
ဒေါ်မကြား အော်မကြား ဖြစ်နေတော့တာပါလား။

"စည်စည် ... ဒီနေ့ လက်ဖက်သုပ်သေးလား ..."

မျက်လုံးပေါက်မိတ်အောင် ရယ်မောနေသည့် စည်
စည့်ထံက ဘာတုံ့ပြန်မှုမှ မရပါ။ စည်စည်တင်မက ခင်မနဲ့ ခင်ပတို့
အမြွာညီအစ်မ၊ ဂျမ်းဂျမ်းနဲ့ မေစွမ်းအင်တို့အားလုံး ဈာန်တို့ ဘက်
အများ လာရစ်နေတာတောင် လှည့်မကြည့်နိုင်ကြ။



www.burmeseclassic.com

www.burmeseclassic.com



တော်သေးတာပေါ့ ... ။ အင်မတန် မာနကြီးသည့် နုထွေးနေခြည်ရယ်၊ လျှို့ဝှက်သိပ်သည်းကာ ပဥ္စလက်ဆန်လှသော ဒဏ္ဍာရီရယ်၊ ရှက်တတ်လွန်းလှပါသည်ဆိုသော (ဗွာန်တောင် ခု ထက်ထိ သေသေချာချာ မတွေ့ဘူးသေး) ဆောင်းသခင်ရယ် ... နောက်ပြီး အလုပ်နဲ့ အပြင်သွားနေရသော လှိုင်ထိပ်ထားရယ်၊ သူတို့ တစ်တွေပါ ဒီဝိုင်းထဲ မပါနေပေလို့။

ဗွာန်က ဒီစကားဝိုင်းကို ဘယ်လိုဖျက်ရပါ့မလဲလို့ အကြိတ်အနယ် စဉ်းစားနေရသည်။ တစ်ယောက်ယောက်ကိုတော့ စကားဝိုင်းထဲက ရအောင် ဆွဲထုတ်နိုင်မှ ဖြစ်မည်။ ဘယ်သူ့ကို ဆွဲ ထုတ်မလဲ။

ကျော်ကျော်ဗ ...

ဘယ်သူ ရှိဦးမလဲ။ အခ်ိကတရားခံကို ရှာပြီး ဆွဲ ထုတ်ဖယ်ရှားနိုင်မှ ဖြစ်မှာပေါ့။ အခိကတရားခံဆိုတာကလည်း ကျော်ကျော်ဗက လွဲလျှင် ဘယ်သူ ဖြစ်ရဦးမလဲ။

"ဟေ့ကောင် ဗကြီး ... အရေးကြီးလို့ ငါနဲ့ ခဏလိုက်ခဲ့ဦး"

ဝုန်းခနဲ ဝိုင်းလည်ကို ဝင်ရပ်လိုက်ကာ ကျော်ကျော်



ဗကို ကုပ်ကနေ ဆွဲခေါ်ပစ်လိုက်မှတော့ စကားဝိုင်းလည်း ပျက် ပါလေရောပေါ့။

ရယ်သံတွေ ရုတ်တရက် တိတ်ဆိတ်ကာ အားလုံး အိုးတိုးအမ်းတမ်းတွေ ဖြစ်ကုန်ကြသည်။ ဗွာန့်ရဲ့ ဘာကြောင့်မှန်း မသိစွာ တင်းမာနေသော မျက်နှာကြီးကို ကြည့်ကာ အံတန်းလစ် ပြီး စကားစုပြောနေတုန်း စည်းကမ်းကြီးသည့် ဆရာကြီးနဲ့ တန်း တိုးသည့် ကျောင်းသားကလေးတွေလို ဖြစ်သွားကြသည်။

ကျော်ကျော်ဗတစ်ယောက်သာ မင်းအချိုးတွေ ငါ သိပါတယ်ဆိုသည့် ရုပ်နဲ့ ပြုံးစေ့စေ့။ ဘာဖြစ်သေးလဲ။ သူ သိချင် လည်း သိ၊ အရေးကြီးတာက ဝိုင်းပျက်ဖို့။

"ဘာကိစ္စလဲကွ ... မင်းကလည်း ..."

"လိုက်မှာသာ လိုက်ခဲ့စမ်းပါကွာ ... အမေးအမြန်းက ထူ လိုက်တာ ..."

"ကိုကိုဗွာန်ကလည်း ... ဒီမှာ စကားကောင်းနေတဲ့ဟာ ကို ..."

"အင်းလေ ... ခဏစောင့်ပြီး မိုးကျလက်ဖက်သုပ်ကလေး စားပါဦးလား ..."

www.burmeseclassic.com

www.burmeseclassic.com



အခုမှ ထပြီး လောကွတ်လုပ်နေသည့် ဝေဝေစည့်ကို ဌာန်က စိတ်များတောင် နာမိပါရဲ့။

အရင်က အစားအသောက်ကို အဆန်းတွေ လုပ်စားဝယ်စားလျှင် စည်စည်တို့ ဌာန့်ကို သတိတရနဲ့ ချန်ထားတတ်စမြဲ။ ခုကျတော့ နှစ်ပြားဖိုးတောင် တန်ဖိုးမရှိသည့် ကျော်ကျော်ဗလိုကောင်ကိုပဲ ချကျွေးပစ်လိုက်သည်။ ဌာန်ကကျတော့ ကျော်ကျော်ဗ စားမကုန်လို့ ပိုတာကိုမှစား၊ ဒီလိုသဘောလား။

"တော်ပြီ ... မစားဘူး ..."

"ဘာဖြစ်လို့လဲ ... ဟိုတစ်ခါတုန်းက စည်စည်ပြောလို့ မိုးကျလက်ဖက်သုပ် စားချင်လာတယ်ဆို ..."

"အဲဒီတုန်းက အဲဒီတုန်းကပဲ ... အခုမှ မစားချင်တာ ... အရေးကြီးကိစ္စ ရှိနေပါတယ်ဆို ... မစားအားပါဘူး ..."

ကျော်ကျော်ဗက အနိုင်နဲ့ပိုင်းပြီးသူတစ်ယောက်ရဲ့ တမင်တကာ လုပ်ယူထားရသော သဘောထားကြီးသည့် ရုပ်ကြီးနဲ့။

"အေးပါကွာ ... မင်းကိစ္စ အရေးကြီးတယ်ဆိုတော့လည်း သူငယ်ချင်းကောင်းပီသစွာနဲ့ လိုက်ပေးရတာပေါ့ ..."





သေကွာ ...။ နောက်ဆုံးတော့ ဒါလည်း သူ အမှတ်ယူဖို့ ဖြစ်သွားပြန်ပြီ။

စိတ်တိုတိုနဲ့ လက်ဖက်ရည်ဆိုင်ရောက်တဲ့အထိ ဌာန်က ဘာမှမပြောတော့။ ကျော်ကျော်ဗကလည်း မမေး။ (ပုံစံက ငါသိပြီးသား၊ မေးစရာမလိုဘူးဆိုသည့် အချိုးကြီး ချိုးထားလိုက်သေးသည်။)

"လက်ဖက်ရည် ပုံမှန်နှစ်ခွက်ပေး ... အမြန်တကာ့ အမြန်ဆုံး ဖျော်ခဲ့ ..."

"ဘာလို့ မြန်မြန်ဖျော်ရမှာလဲ ... အရသာ မကောင်းဘဲ ဖြစ်နေဦးမယ် ..."

"အရသာ ကောင်းတာ မကောင်းတာ အရေးမကြီးဘူး ... မင်း အမြန်ဆုံး လက်ဖက်ရည်သောက်ရဖို့က အရေးကြီးတယ် ..."

"ဘာဖြစ်လို့လဲ ..."

"မင်းပဲ ငါ့ကို အရေးကြီးတယ်ဆိုပြီး အတင်းခေါ်လာတာ မဟုတ်လား ... အဲဒါ လက်ဖက်ရည် အရမ်းသောက်ချင်လို့ မဟုတ်ဘူးလား ..."



www.burmeseclassic.com

www.burmeseclassic.com



ဌာန်က ကျော်ကျော်ဗကို နုတ်ခမ်းလှုပ်ရုံ ဆဲပစ်လိုက်သည်။ ကျော်ကျော်ဗကတော့ အားရကျေနပ်နေသည့် ရမ်းခေါင်းသံကြီးနဲ့ တဟီးဟီး ရယ်မွှနေတော့တာပင်။

"ဌာန် ... ဌာန် ... မင်းဆိုတဲ့ကောင်ဟာ တော်တော်ရယ်ရတာပဲ ..."

"ဘာမှ ရယ်စရာအကြောင်းမရှိဘူး ..."

"ရှိတာပေါ့ကွ ... ငါလို ရဲဘော်ရဲဘက်သူငယ်ချင်းအရင်းကိုတောင် မနာလိုဝန်တိုစိတ်က ကြီးနေသေးတယ် ... အဲဒီအိမ်မှာ ကောင်မလေးတွေ ဒီလောက်ပေါတာကွာ ... ရွေးစရာတွေ အများကြီးပါ၊ ငါ သဘောကျလည်း တစ်ယောက်ပဲပေါ့ ... မင်းက ဘာတွေ ဥစ္စာချောက်နေတာလဲ ..."

ကျော်ကျော်ဗအာ ဖြောင်ကြီး ဖြောချလိုက်တာမှို ဌာန် နည်းနည်းတော့ ရှက်သွားရသည်။

အို ... ဘာဖြစ်သေးလဲ ... ဒီလိုကိစ္စမျိုးဟာ ရှည်နေလျှင် ကိုယ်ပဲခံရမည် ... မျက်နှာပြောင်နိုင်ပါမှ။

"မင်းက နောက်မှ ရောက်လာတဲ့ကောင်ပဲဟာ ... ဦးအခေါ်ခံချင်မနေနဲ့ပေါ့ ..."





"ရပါတယ် ... ဦးပဲခေါ်ခေါ် ငနောင်းပဲခေါ်ခေါ် နာမည်က အဓိကမကျပါဘူး ..."

မှန်းစရာ။ ကောင်မလေးတွေကို သူ့ဘက်သား ဖြစ်အောင် ဆွဲဆောင်လိုက်နိုင်တာနဲ့ပဲ လေသံက ကျယ်နေတော့တာ။

ဒီနေရာမှာတော့ ကျော်ကျော်ဗကို ဌာန်က ဘယ်လိုမှ မနိုင်တာ သေချာသည်။ ကျော်ကျော်ဗဆိုတဲ့ကောင်ဟာ လူတွေက သူ့ကို စိတ်ဝင်စားလာအောင်၊ အထင်ကြီးလာအောင်၊ သူ့ဘက်ပါလာအောင် ပြောတတ်သည့်နေရာမှာ ပါရမီရှင်။ (အထူးသဖြင့် ကောင်မလေးတွေ)။ ဘယ်လိုနေရာမှာမဆို ... သူ့အနား ကောင်မလေးတွေ ဝိုင်းနေအောင် ဆွဲဆောင်ထားနိုင်သည့် စွမ်းရည်ရှိတာ။ ဒီအရည်အချင်းကိုတော့ ဌာန်က ဘယ်လိုနည်းနဲ့မှ ကျော်နိုင်မှာ မဟုတ်တာ သေချာသည်။

"မင်းက ... တစ်ယောက်ယောက်ကို ပစ်မှတ်ထားနေပြီလား ..."

"ကောင်မလေးတွေအားလုံး တစ်ယောက်တစ်မျိုး စိတ်ဝင်စားစရာ ကောင်းနေတဲ့ဟာ ... ဒီအချိန်လောက်နဲ့လေး



www.burmeseclassic.com

www.burmeseclassic.com



အတွင်းမှာတော့ ဘယ်သူ့ကိုဆိုပြီး သီးသန့်ရွေးချယ်လို့ ဘယ်ဖြစ်ဦးမှာလဲ ... ”

“တော်တော်လွန်တဲ့ကောင် ... မင်းဟာ အရမ်းလောဘကြီးတာပဲ”

“ထားကွာ ... ငါလောဘကြီးတယ်ပဲထား ... မင်းက ငါ့ထက်အရင် ကောင်မလေးတွေနဲ့ရင်းနှီးရတာလည်းဖြစ် ... ဘော်ဒါကဗ္ဗာကို ထိန်းသိမ်းတဲ့အနေနဲ့လည်းဖြစ်အောင် မင်းကို ဦးစားပေးမယ် ... မင်းသဘောကျနေတဲ့ကောင်မလေးကို ပြော ... ငါ သေလောက်အောင် ကြိုက်တဲ့သူပဲဖြစ်ဖြစ် မင်းအတွက်ဆိုရင် ငါ လက်ရှောင်မယ်”

အင် ... ။

ဒီလိုဆိုတော့လည်း ဗွာန့်မှာ ပေးစရာအဖြေမရှိပြီပါ။ ကျော်ကျော်ဇကိုသာ လောဘကြီးသလေး ဘာရလေး စွပ်စွဲပေမဲ့ ဗွာန်ကိုယ်တိုင်လည်း တစ်ယောက်တစ်မျိုးချစ်စရာ၊ စိတ်ဝင်စားစရာ ကောင်းနေသော ကောင်မလေးတွေထဲက တစ်ယောက်တည်းကိုကွက်ပြီး မရွေးတတ်သေးပါ။





“ပြောလေ ... နှုတ်ဆွံ့နေပြီလား ... လိုင်ထိပ်ထားလား၊ ဒါမှမဟုတ် ... ”

“နေစမ်းပါဦး ... ငါက ဘာဖြစ်လို့ တစ်ယောက်ယောက်ကို အမြန်ရွေးထားရမှာလဲ”

“ဒါမှ ငါ ဘယ်သူ့ကိုလက်ရှောင်ရမယ်ဆိုတာ သိမှာပေါ့ ... မဟုတ်ရင် ငါက တစ်ယောက်ကို တအားကြွေသွားပြီဆိုမှ ဒါမှမဟုတ် ... ဖွင့်ပြောလိုက်ပြီးမှ မင်းရည်ရွယ်ထားတဲ့ တစ်ယောက်ဖြစ်နေရင် ပြဿနာတက်ကြမှာပေါ့”

သူပြောပုံက ဗွာန်ကတော့ တစ်ယောက်ယောက်ကို အရေးပေါ်ရွေးပေးရမည်၊ သူကျတော့ ကျန်သည့်သူတွေထဲက စိတ်ကြိုက်အေးအေးဆေးဆေးရွေးမည်ပေါ့။

ကျော်ကျော်ဇဆိုတဲ့ကောင်ဟာ ဒါကြောင့် အလုပ်မဟုတ်ဘူးလို့ပြောတာပေါ့။ သူကိုယ်တိုင် မလုပ်ချင်သည့်ကိစ္စကြီးကို သူများကျတော့ ဇွတ်အတင်းပဲ လုပ်ခိုင်းနေတော့တာ။ နောက်ပြီး သူ့မှာ အဲဒီလို ပြိုင်လုလောက်စရာ အခွင့်အရေးမျိုးလည်းရှိတာမဟုတ်။

“မရွေးဘူးကွာ ... ငါမရွေးပေးတော့ ဘာဖြစ်မှာလဲ”



www.burmeseclassic.com

www.burmeseclassic.com



"မင်းနဲ့ငါ ရွေးတာချင်း သွားတူသွားနိုင်တာပေါ့"

"မင်းကွာ ... ငါနဲ့ပတ်သက်ပြီးတော့မှလည်း ဒီကိုရောက်

လာရသေးတယ် ... ငါ့ကောင်မလေးတွေကိုလည်း ဝင်လု

ချင်သေးတာ ... လုတာတောင် ငါကတော့ တစ်ယောက်

အမြန်ရွေးပြီး ပယ်ပေးရမယ် ... မင်းကတော့ ကျန်တဲ့သူ

အားလုံးကို စိမ်ပြီးရွေးမယ် ... တော်တော်တရားတဲ့ကောင်"

ကျော်ကျော်ဇကာ ဘာကိုစိတ်ကူးပေါက်သွားသလဲ

မသိ။ စားပွဲခုံကို လက်ဝါးနဲ့ပုတ်ပြီး တဟားဟားရယ်နေတော့သည်။

"ငါကျတော့ မတရားဘူး ... မင်းကျတော့ တရားတယ်ပေ

လေ ... ငါတော့မရွေးနဲ့ ... မင်းပဲရွေးမယ် ... အဲဒီလိုလား"

"ဒီအိမ်က ငါနဲ့ပတ်သက်ပြီးမှ မင်းရောက်ရတာ ... ကောင်

မလေးတွေကလည်း ငါ့ကြောင့်မို့လို့ မင်း ရင်းနှီးခွင့်ရတာ

ဒီတော့ မင်းဘာပဲလုပ်လုပ် ငါ့ကိုကျော်ခွင့်မရှိဘူး ... ဒါ

"အဟား ... ငါ့သူငယ်ချင်း တော်တော်ဟုတ်လာပြီပဲ

ကြောင်ကြီးကို စားမာန်ခုတ်တတ်လာပြီ ... အေးပါ

ကောင်းပါပြီ ... ငါကတော့ သဘောထားကြီးပါတယ်

ငါ အရင်ရွေးရမယ်ဆိုလည်း ရွေးရသေးတာပေါ့"





ဟိုက် ...။ ဒီလိုဆိုတော့လည်း မဖြစ်သေးပြန်ဘူး။ သူက အရင်ရွေးတယ်ဆိုတော့ သူရွေးမည့်သူကို ဒွာန်က အလိုလို လက်ရှောင်ပေးရမလို ဖြစ်နေပြီ။ တကယ်လို့ သူရွေးလိုက်သည့် မိန်းကလေးကိုမှ ဒွာန်ကလည်း နှစ်သက်မိသွားရင် ဘယ်လိုလုပ်မလဲ။

ဒီလိုဆိုတော့ သူ့ကို အရင်မရွေးခိုင်းဘဲ ကိုယ်က အရင်ရွေးမလားဆိုတော့လည်း မဖြစ်သေးပြန်။

ကျော်ကျော်ဇကို လောဘကြီးသည်၊ မတရားဘူးလို့ တတွင်တွင် ဝေဖန်နေတာ ဒွာန်ဟာ သူကိုယ်တိုင်တော့ တစ်ဖက်သတ် လောဘကြီး စားမာန်ခုတ်သူကြီးဖြစ်နေတာကို သူ့ဘာသာ တောင် ပြန်သတိမထားမိနိုင်ချေ။

www.burmeseclassic.com

www.burmeseclassic.com



ဟော ... ကျော်ကျော်ဗ ရေကူးကန်ဘက်ထွက်သွားပြီ။

ဒီကောင်မှာ မိန်းကလေးတွေ ရေကူးမည်ဆိုတာကိုတောင် အလိုက်မသိတတ်ဘဲ ရေကူးကန်နား သွားသွားနေသေးသည်။ ဟိုကလေးမတွေကလည်း ရေစိုကပ်နေသော ရေကူးဝတ်စုံလေးတွေနဲ့တောင်မှ မျက်နှာပူရကောင်းမှန်း မသိဘဲ ကျော်ကျော်ဗမို့ ရောက်လာပြီဆိုရင် ဝိုင်းနှုတ်ဆက်ကြ၊ စကားတွေပြောကြအအေးတိုက်ကြ။

ဒင်းက ရေကူးကျွမ်းသည့်ကောင်ဆိုတော့ ရေကန်နားသွားတာ တင့်တယ်သလိုဖြစ်နေသည်။ အညာသားဖြစ်ပြီး ...



ဒီကောင်က ရေကူးတတ်ကာ ဌာန်ကျတော့ ရေမကူးတတ်သည့်အတွက် ကိုယ့်ကိုယ်ကိုပဲ အပြစ်တင်ရှတော့မလိုလို။

ကျော်ကျော်ဗတို့က ရေကူးတတ်ယုံတင်မဟုတ်။ တင်းနစ်လည်း ရိုက်တတ်သေးသည်။ အောင်မယ်။ စကိတ်တောင်စီးတတ်နေသေးဗျာ။ တစ်နေ့နေ့တစ်ချိန်ချိန် ဒီအိမ်ကိုရောက်လာရမယ် ဆိုတာကိုသိလို့ ဒီအိမ်က ကောင်မလေးတွေနဲ့ ကီးကိုက်အောင်လို့များ တမင်ရွေးချယ်လေ့ကျင့်ထားသလားလို့တောင်ထင်ရလောက်ရဲ့။

ကျော်ကျော်ဗတို့ ဘယ်လောက်တောင် အရောအနှောကောင်းသလဲဆိုရင် စွာကျယ်ကျယ်မလေး ဂျမ်းဂျမ်းရဲ့ ပြေလည်နေတာကို မပြောနဲ့ မာနခေါင်ခိုက်ပြီး ဘယ်သူ့ကိုမှ တွတ်တယ်တန်တယ် မထင်တတ်သည့် နုဗွေးနေခြည်နဲ့တောင် လေပေးကဖြောင့်ချင်ချင်၊ တစ်ယောက်တည်း သီးသန့် သိပ်သည်းစွာနေတတ်သည့် ဒဏ္ဍာရီ့ကိုဆိုလည်း ဂန္ထဝင်ရသစာအုပ်တွေ၊ ဗေဒင်ပညာနဲ့ပတ်သက်သည့်စာအုပ်တွေ ရှာပေးလိုက်၊ နိုင်ငံတကာက ထူးခြားဆန်းကြယ်ဖြစ်ရပ်တွေကို အင်တာနက်ထဲ ရှာဖွေကူးယူလာပေးလိုက်နဲ့ ပြောင်ပြောင်ကြီး ချဉ်းကပ်နေတော့တာ။

www.burmeseclassic.com

www.burmeseclassic.com



စည်စည်အတွက်ဆိုလည်း အစားအသောက် အထူးအဆန်းတွေ ရှာဖွေဝယ်ယူလာတာမျိုး။ ဟိုအသေးအမွှားကောင်လေးတွေကိုကျတော့ စာပြပေးရတာကတစ်မျိုး။ တတ်လည်းတတ်နိုင်ပါပေ့။

ဌာန်မှာ သူ့ဘာလုပ်လုပ် 'ငါ ဒီလိုအကြံအစည်မျိုးမရမိလေခြင်း'လို့ နောင်တတွေရကာ မနာလိုဝန်တိုတွေဖြစ်ရလို့။ အကုသိုလ်တွေ အတုံးလိုက်အတစ်လိုက်ပွားလို့။

ဟင် ... အရိပ်ကလေး။

ကိုယ့်ကီစွန့်ကိုယ်အဲဒီဇွာပွားကာ မေ့လျော့တောင်နေမိတာကြာပြီဖြစ်သော အရိပ်ကလေးပါလား။

ဌာန်က ကျော်ကျော်ဇနောက်လိုက်တော့မည့် ခြေလှမ်းတွေကို အသာရုတ်ကာ အရိပ်ကလေးပုန်းကွယ်လိုက်သည့်သစ်ပင်နောက်သို့ ဖျတ်ခနဲ ခုန်ဝင်လိုက်သည်။

သူ့ပဲ ခြေတစ်လှမ်းနောက်ကျသွားတာလား၊ အရိပ်ကလေးကပဲ အပုန်းကောင်းလွန်းတာလားမသိ။ ဌာန် သစ်ပင်နောက် ရောက်သွားချိန်မှာ ဘယ်သူမှ ရှိမနေတော့။

ဒီတစ်ခါတော့ ဌာန်က စိတ်မလျှော့ဘဲ ဟိုဟိုသည်





သည်လှည့်ပတ်ရှာဖွေလိုက်သည်။ သေသေချာချာကြည့်မှလမ်းဘေးက သစ်ရွက်တချို့ လေမတိုက်ပါဘဲ ယိမ်းနွဲ့လှုပ်ရှားကျန်ခဲ့တာကိုတွေ့သည်။ အရိပ်ကလေး ဖြတ်ပြေးတုန်း ထိခိုက်မိသွားတာပဲနေမှာပေါ့။

ဌာန်က သစ်ရွက်လှုပ်လှုပ်တွေနောက်သို့ အတင်းပြေးလိုက်သည်။ တစ်နေရာရောက်တော့ လူကမတ်တတ်ရပ်ရက်ကြီး ငေါင်းစင်း[illegible]နဲ့တန့်သွားသည်။

သူ့ရှေ့မှာ ဆက်ပြီး သဲလွန်စ လိုက်စရာ ဘာသစ်ပင်မှ မရှိတော့။ ဖြူဖွေးရှင်းပြောင်နေသော ကျောက်သားကြမ်းပြင်ပဲ တွေ့နိုင်တော့သည်။

မထူးပါဘူး။ စိတ်မှန်းနဲ့သာ ဆက်ပြီးတော့လိုက်ရတော့မှာပဲ။

ဌာန်က အိမ်ဘေးဘက်သို့ပတ်ပြီး ဝင်ရသည့်လမ်းဘက် ပြေးလိုက်သည်။ အဲဒီမှာက အိမ်ဘေးကတစ်ဆင့် အပေါ်ထပ်သို့ တက်သည့်လှေကားရှိသည်။ အရိပ်ကလေးဟာ ကိုယ့်မျက်စိရှေ့က ခြင်နေရသော တံခါးပေါက်ကနေ အိမ်ထဲဝင်မသွားသေးတာသေချာနေမှတော့ အိမ်ဟိုးဘက်အထိ ပတ်ပြေးမည့်အစား အပေါ်

www.burmeseclassic.com



ထပ်တက်သည့် လှေကားကတစ်ဆင့် အိမ်ပေါ်ပြေးတက်သွားတာမျိုးပဲ လုပ်ဖို့များသည်။

"ဟော ... "

ထင်သည့်အတိုင်းပါပဲ ... ။ အိမ်ပေါ်ထပ်တက်သည့် လှေကားထောင့်ချိုးမှာ အရိပ်ကလေးကို တွေ့ရတော့တာပဲ။

ဌာန်က အားမနာတမ်း ပြေးလိုက်သွားပြီး ပါးစပ်ကပါ အော်ဟစ်တားဆီးလိုက်လျှင် အရိပ်ကလေးက ဌာန့်ကိုလှည့်ကြည့်လာပါသည်။

အနက်ခံမှာအဖြူပွင့်ကျဲကျဲဖောက်ထားသော ဂါဝန်ရှည်ကလေးနဲ့ တစ်ကိုယ်လုံး ခပ်မှောင်မှောင် အရောင်အဆင်းရှိသည့်ကြားထဲ ပဝါရှည်အနက်ရောင်ကိုပါ လည်ပင်းမှာ တလွှင့်လွှင့်ပတ်ထားသေးတာမို့ ဂန္ဓာရီဆန်လှသော ပုံရိပ်ပိုင်ရှင်ဟာ တခြားသူဟုတ်ပါရိုးလား။

"ဒဏ္ဍာရီ ... "

ဌာန်နဲ့ မျက်နှာချင်းဆိုင်ဆုံဖြစ်တာမျိုး နည်းပါးလှတာမို့ ဒဏ္ဍာရီနဲ့သူဟာ လူချင်းသိပ်မရင်းနှီးပါ။ နောက်ပြီး အဲ



ကြောင့်မှန်းတော့မသိ။ ဌာန်က ဒဏ္ဍာရီ့ကိုဆို နည်းနည်းတော့ရှိန်သလိုရှိသည်။

ဌာန့်စိတ်ထဲ သူနဲ့တစ်ခါမှ မဆုံဖူးလောက်အောင် အပုန်းကောင်းလှသည့် ဆောင်းသခင်ကိုပဲ တွေ့ရလိမ့်မည်လို့ထင်ထားခဲ့တာ။ ဒဏ္ဍာရီ့ကို မမျှော်လင့်ဘဲ တွေ့လိုက်ရသည့်အခါကျတော့ လူက အိုးတိုးအမ်းတမ်းနဲ့ ဘာဆက်ပြောရမှန်းမသိတော့။

"ဘာကိစ္စရှိလို့လဲ ... "

ဒဏ္ဍာရီက ခပ်တည်တည် လှည့်မေးလိုက်သည်။

သူမက တည်နိုင်ပေမဲ့ ဌာန့်မှာတော့ မတည်နိုင်။ ကိုယ့်ဘက်က အနိုင်နဲ့ ဖြေချောက်လို့ရမည့်သူကို တွေ့ရလိမ့်မည်လို့ ထင်ထားပြီးမှ သူ ကြောက်ရမည့် ရှိန်ရမည့်သူကို တွေ့လိုက်ရတာမို့ ဘာပြန်ပြောရမှန်းတောင် မသိတတ်တော့။

"ဟိုဒင်း ... ဟိုဟာ ... ဘာကိစ္စမှ ... "

"ရှင် ကျွန်မကို လှမ်းခေါ်လိုက်တယ် မဟုတ်လား"

"မခေါ်ပါဘူး"

"ညာမယ်မကြံနဲ့နော် ... ရှင်ပဲ နောက်က အပြေးလိုက်လာပြီး ... ဟေ့ ... လို့ လှမ်းအော်လိုက်တယ် မဟုတ်ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တာက ဟုတ်ပါတယ် ... ဒါပေမဲ့ မဟုတ်ဘူး"

"ဘာတွေ လာပြောနေတာလဲ ... ကျွန်မ စိတ်မရှည်ဘူး နော် ... အမြန်ဆုံးရှင်းရှင်းပြော"

"ဒီလိုပါ ... ကျွန်တော် လှမ်းခေါ်လိုက်တာက ခင်ဖျား မဟုတ်ဘဲ တခြားတစ်ယောက်ယောက်များလားလို့ပါ"

"ဆိုလိုတာက ဒီအိမ်မှာ ကျွန်မကလွဲပြီး တခြားဘယ်သူနဲ့ပဲ ဖြစ်ဖြစ် ပတ်သက်ပြောဆိုနိုင်တယ်ပေါ့ ... ကျွန်မနဲ့တော့ အပတ်အသက်အဆက်အသွယ် မလုပ်ချင်ဘူးပေါ့"

သေလိုက်ပါတော့။ အရေးထဲမှာ စွတ်စက်အထင်လွဲ မည့်သူနဲ့ တိုးနေလိုက်ရသေး။

"အဲဒီလို မဟုတ်ပါဘူးဗျာ ... ကျွန်တော်က စိတ်ထဲမှာ ကျွန်တော့်ကို တိတ်တိတ်လေး လိုက်ချောင်းနေတယ်လို့ ထင်တဲ့သူနောက်လိုက်လာတာ ... သူမိုးဖမ်းလိုက်မယ်ဆို ပြီးတော့ပေါ့ ... ခင်ဖျားကို တွေ့လိုက်ရတော့ ခင်ဖျားက တော့ ကျွန်တော့်နောက် လိုက်ချောင်းမဲ့သူ မဟုတ်ဘူးဆို တာ သေချာနေလို့ ခင်ဖျားကို ဘာမှမေးစရာ ပြောစရာ မရှိဘူးလို့ ပြောချင်တာပါ"





ဟူး ... ။ တော်တော်ရှင်းလိုက်ရသည်။ ဒါတောင် ဒဏ္ဍာရီ့မျက်နှာက တစ်ခုခု အတွေးရှိနေသလိုမျိုး မဲ့ပြုံးပြုံးကျန်ရစ် လိုက်သေး။

"ခင်ဖျား ... ကျွန်တော် ရှင်းပြတာကို ကျေနပ်ပြီလား ... ကျေနပ်ရင် ကျွန်တော် သွားတော့မယ်"

"ရှင့်ကို ကျွန်မ တစ်ခုသတိပေးလိုက်မယ် ... နေရာတကာ သိပ်မစပ်စုချင်နဲ့ ... နောက်ပြီး ကိုယ်မြင်တာလေးတစ်ခု တည်းကို ကြည့်ပြီး ဆုံးဖြတ်ချက်မချနဲ့ ... "

ဘယ်လို ဆိုးမစကားကြီးလဲ။ ဒှာန့်မှာ ကိုယ်ကစ အထင်မှားပြီး သွားခေါ်မိသည့်အပြစ် ရှိပေလို့သာ သည်းခံနေလိုက် ရသော်လည်း ဒဏ္ဍာရီရဲ့ ဆရာမကြီးလုပ်ကာ ဆုံးမသွားပုံကိုတော့ ဘယ်လိုမှ မကြည်ဖြူနိုင်ပါပေ။



www.burmeseclassic.com

www.burmeseclassic.com



"လှိုင် ... မျက်နှာလည်း မကောင်းပါလား ... ဘာများဖြစ်လို့လဲ"

ထမင်းစားခန်း စားပွဲမှာ မေးလေးထောက်လျက် ငုတ်တုတ် ငိုင်တိုင်လေးထိုင်နေသည့် ... လှိုင်ထိပ်ထားပုံစံလေးက သနားစရာ။

လှိုင်ထိပ်ထားဟာ မေစွမ်းအင်တို့ ဂျမ်းဂျမ်းတို့လို အင်အားအပြည့်နဲ့ ထက်မြက်စူးရှနေသူမျိုးလည်း မဟုတ်။ စည်စည်နဲ့ အမြှာညီအစ်မလိုမျိုး အမြဲတမ်းသွက်လက် ပျော်ရွှင်နေတတ်သူမျိုးလည်း မဟုတ်ပါ။

ဒါပေမဲ့ သူမဘာသာတော့ တည်ငြိမ်ကျနေ့ရှာပဲ





လှပ်ရှားတက်ကြွနေတတ်သူပင်။ ပျာလောင်ခတ်တာမျိုးလည်း မရှိ၊ ကြမ်းတမ်းတာမျိုးလည်း မရှိဘဲ၊ တည်ကြည်လေးနက်သွက်လက် ဖျတ်လတ်နေတတ်သည်။ လှိုင်ထိပ်ထားရဲ့ လှုပ်ရှားမှုကိုကြည့်လျှင် စိတ်ကျေနပ် ချမ်းမြေ့မှုတစ်မျိုးကို ခံစားရစေသည့် မိန်းကလေးမျိုး။

ဒီကနေ့တော့ လှိုင်ထိပ်ထားကို ကြည့်ရတာ စိတ်အေးချမ်းသည့် ခံစားချက်မျိုး ဖြစ်ပေါ်မလာဘဲ ပူဆွေးညှိုးငယ်သည့် ခံစားချက်မျိုးသာ ဖြစ်ပေါ်လာသည်။

ဒွာန့်ကိုမော့ကြည့်လိုက်သည့် လှိုင်ထိပ်ထားရဲ့ မျက်ဝန်းထဲမှာ မျက်ရည်ကြည်တွေ တွဲလွဲခိုနေကြသည်။ သေချာပါပြီ။ ဒီမိန်းကလေးမှာ စိတ်ဆင်းရဲစရာ ပြဿနာတစ်ခုခုတော့ ရှိနေပြီ။

"လှိုင့်ကိုမြင်ရတာ ကျွန်တော် တကယ်စိတ်မကောင်းဘူး။ လှိုင့်စိတ်က သိပ်ကြည်တော့ လှိုင့်မျက်နှာမှာ လှိုင် ခံစားရသမျှက ထင်နေတတ်တယ် ... လှိုင် ခံစားရသမျှလည်း တစ်ဘက်လူကို ကူးစက်သွားတတ်တယ် ... အရင်က လှိုင့်ကို မြင်ရရင် စိတ်ထဲငြိမ်းအေးသွားတာပဲ ... အခုတော့ ... လှိုင့်ကို တွေ့ရတာ စိတ်ထဲလေးလံပြီး ညှိုးငယ်သွားတယ်"

"လှိုင့်အတွက်ကြောင့် ငိုင်းပြီး စိတ်ပူပေးမနေပါနဲ့ ... ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ကလေးတွေကလည်း ဗွာန့်လိုပဲ လှိုင်စိတ်ညစ်တော့ လိုက်ညစ်ကြတယ် ... တကယ်က စိတ်မညစ်သင့်တဲ့ ကိစ္စ တစ်ခုကို လှိုင့်ဘာသာ စိတ်ညစ်နေမိတာပါ"

"စိတ်မညစ်သင့်ဘူး ... ညစ်သင့်တယ်ရယ်တော့ ဘယ်စာတ်ပါမလဲ ... လူတစ်ယောက်မှာ ကိုယ်သည်းမခံနိုင်တဲ့ကိစ္စ ကတော့ ရှိမှာပေါ့ ... တစ်ယောက်နဲ့တစ်ယောက် တွေ့မှ မတူနိုင်တာ စံထားပြီး သတ်မှတ်ထားလို့တော့ ဘယ်ရမှာ မလဲ"

ဗွာန်က လိုက်လိုက်လျောလျော ပြောလွန်းလို့ပဲ လား၊ သူမကိုယ်တိုင်ကပဲ ရင်ဖွင့်ချင်နေတာလားတော့မသိ။ လှိုင် ထိပ်ထားက ဘာပဲဖြစ်ဖြစ် ပြောပြလိုက်ပါတော့မယ်လေဆိုပြီး စိတ် ခိုင်ခိုင်ချလိုက်ပုံနှင့် ...

"လှိုင် လက်ထပ်ရတော့မယ် ..."

ဟင် ... ။ မထင်မှတ်သည့်ကိစ္စပါလား။

ဗွာန်တို့ ကိုယ့်ကိုယ်ကို ဘယ်လောက်အထိ အပိုင် တွက်ထားသလဲဆိုလျှင် ကောင်မလေးတွေကို ကျော်ကျော်ဇနဲ့ သူ နှစ်ယောက်တည်း လုရလိမ့်မည်၊ ကျော်ကျော်ဇ တစ်ယောက်ကည်



ကိုပဲ စိတ်ပူရလိမ့်မည်လို့ ထင်ထားခဲ့တာ။ အခုလိုမျိုး ဘယ်ကမှန်း မသိသည့် လူတစ်ယောက်ပေါ်ထွက်လာပြီး သူ့ရပိုင်ခွင့်ထဲက ဖဲ့ယူ သွားလိမ့်မည်လို့ ဘယ်တုန်းကမှ တွေးမထားခဲ့မိ။

အခုမှပဲ အလန့်တကြား သတိထားလိုက်မိတာက ကောင်မလေးတွေမှာ သူတို့ကိုယ်ပိုင်ဇာတ်လမ်းလေးတွေလည်း ရှိနိုင်ကြသေးသည်ဆိုတာပင်။

ဒီလောက်ချောလှ ပြည့်စုံနေသည့် မိန်းကလေးတွေဟာ အိမ်ထဲက အိမ်ပြင်မထွက် လုံလုံခြုံခြုံ သိမ်းဖွက်ထားခံရတာမျိုး သည်း မဟုတ်။ ဒီလိုပဲ လှုပ်လှုပ်ရှားရှား သွားလာနေကြတာ။ ဒီ တော့ သူမတို့မှာ ချစ်သူတွေ ဘာတွေ ရှိချင်ရှိနေနိုင်သည်။ ဒါကို အခုတော ဗွာန် ဘာကြောင့်များ ထည့်မတွေးမိပါလိမ့်။

"လှိုင့်မှာချစ်သူရှိတာတောင် ကျွန်တော် မသိရပါလား"

"လှိုင့်မှာ ချစ်သူမရှိပါဘူး ... အခုဟာကျ ဘိုးဘိုး စီစဉ်တာ ပါ ..."

"ဗျာ ... ဘိုးဘိုးက ..."

ဟိုက် ... ။ သေပြီ။ ပိုတောင်ဆိုးသွားပြီ။

ဦးအောင်သူရထွန်းခေါင်မှာ ဒီလိုအကျင့်မျိုးရှိသည်



www.burmeseclassic.com

www.burmeseclassic.com



ဆိုလျှင်တော့ ပြဿနာက ကြီးထွားလာပြီ။ သူ့ခြေးတွေကို အကြီးဆုံးဖြစ်သည့် လိုင်ထိပ်ထားကစ,လို့ တစ်ယောက်ပြီးတစ်ယောက် အစဉ်အတိုင်းသာ အိမ်ထောင်ချပေးလိုက်လျှင် ... ။

မဖြစ်ဘူး။ မဖြစ်ဘူး။ ဒီအတိုင်းဆို ကိုယ့်အတွက် ဟိုအမြွှာလေးနှစ်ကောင်ပဲ ကျန်တော့တဲ့ အဖြစ်မျိုး ကြုံနေဦးမည် ချာတိတ်မလေး နှစ်ယောက်ကိုတော့ အသက်ငယ်သေးလို့လား မသိ။ စိတ်ကူးယဉ်ကြည့်လို့ကို မရသေးပေ။

"ဘာကယ်ကတော့ ဘိုးဘိုးကလည်း သူ့စိတ်သဘောနဲ့ စီ

တာတွေ မဟုတ်ပါဘူး ... ဟိုဘက်က လိုင့်ကို သဘောကျ

တယ်ဆိုပြီး ဖေဖေ မေမေတို့ဆီမှာ သွားတောင်းတာ

အဲဒါ့ ဘိုးဘိုးကိုပြောတော့ ဘိုးဘိုးက သူ့သဘောကျတာ

သမီးတော်တော်တူတယ်ဆိုလို့ အစီအစဉ်ဖြစ်သွားတာ"

"ကျွန်တော်တောင် မသိလိုက်ရပါလား"

"ကိစ္စက စီစဉ်ထားတာတော့ ကြာပါပြီ ... အဲဒီတစ်ယော

ကျွန်နိုင်ငံခြားကို အလုပ်လုပ်ဖို့ထွက်သွားတာ ... ပြန်ရော

တာ မကြာသေးဘူးလေ ... သူကိစ္စတွေအားလုံးပြီးတော့





လိုင်တို့ နဂိုစီစဉ်ထားတဲ့ မင်္ဂလာကိစ္စကို အစပြန်ကောက်ကြတာ ..."

"နိုင်ငံခြားပြန်ဆိုတော့ အထင်ကြီးစရာပဲ"

"သူက တည်တည်တံ့တံ့နဲ့ လူကြီးလူကောင်းပါ ... စိတ်သဘောထားလည်း ကောင်းတယ် ... အနေလည်း အေးပါတယ် ..."

"ဒါဆို ရုပ်ရည်ကရော ..."

"ရုပ်ကတော့ သာမန်ပဲပေါ့ ... အဲ ... မျက်မှန်ကတော့ နည်းနည်းထူတယ်"

"ကောလိပ်ကျောင်းနေဝင်းစတိုင်လား"

"စတိုင်ကိုမကျဘူး ... မျက်မှန်ကတော့ သူ့မှာ ရုပ်အဆိုးဆုံးဖြစ်ချက်ပဲ ..."

"လိုင်က အဲဒါကို သဘောမကျတာလား ..."

"အဟင်း ... ဟင်း ... အဲဒီလောက်တော့လည်း လိုင်က ကလေးမဆန်ပါဘူး ... အိမ်ထောင်တစ်ခုမှာ ရုပ်ချောဖို့က အဓိကမကျဘူး ဆိုတာလောက်တော့ သဘောပေါက်ပါတယ် ... ခက်နေတာတစ်ခုက သူ့အပေါ် လိုင် အသိလို့မှ

www.burmeseclassic.com

www.burmeseclassic.com



ခံစားလို့မရတာဘဲ … နောက်ပြီး လှိုင့်မှာ လုပ်စရာတွေ အများကြီးပဲရှိသေးတယ် … ညီမတွေနဲ့ရော ဘိုးဘိုးနဲ့ရော မခွဲနိုင်သေးဘူး … လောလောဆယ် အိမ်ထောင်ပြုချင်စိတ် ကို မရှိသေးတာပါ”

“ဒါဆိုလည်း လူကြီးတွေကို အချိန်ခဏဆိုင်း ခိုင်းထားလိုက် ပေါ့ … တစ်ချိန်ကျရင် သူတို့စိတ်တိုင်းကျ လက်ခံပါ့မယ်လို့ ကတိပေးထားလိုက်ရင် ပြီးတာပဲမဟုတ်လား … လှိုင့်လို မိန်းကလေးကပေးတဲ့ကတိကိုတော့ အားလုံးက ယုံကြမှာ ပါ”

“မဖြစ်ဘူး … ဟိုတစ်ယောက်က အခုပဲ အသက်သုံးဆယ့် ခွန်ရှိပြီ … လှိုင့်သဘောကျ နောက်ထပ် နှစ်နှစ် သုံးနှစ် လောက် ဆက်စောင့်ရမယ်ဆိုရင် သူ့အသက်က လေးဆယ် လောက်ရှိသွားတော့မှာ သိပ်မကောင်းတော့ဘူးပေါ့”

“ဒါလည်း ဟုတ်တော့ဟုတ်တာပဲ … လေးဆယ်ကျော်မှ ဘဝစတယ်လို့ ပြောကြပေမဲ့လည်း သားသမီးမွေးမယ်ဆိုရင် ကလေးနဲ့ အဖေက လေးဆယ်ကျော်လောက် ကွာနေ တော့ ဘယ်ကောင်းမလဲ”



ဌာန်က ပြောချင်တာတွေ ပြောနေတာပဲ …။ လှိုင် ထိပ်ထားကလည်း စိတ်ပြေရာပြေကြောင်းရယ်လို့ ရင်ဖွင့်ပြီးကာမှ ပိုလို့တောင် စိတ်ရှုပ်ထွေးလာရကာ မျက်နှာလေးရှုံ့မဲ့နေသည်။

“ရှောင်လို့ကတော့မရတော့ပါဘူး … လှိုင်ကတော့ တကယ် ပဲ လက်ထပ်ရတော့မှာပါ”

အင်း …။ လှိုင်ထိပ်ထားဟာ ဘာလို့သူစိတ်ညစ် သည့်အကြောင်းတွေကိုပဲ ထပ်ခါတဲလဲလဲ ပြောနေတာလဲ။ ကြည့် ရတာ ဌာန့်ဆီက တစ်စုံတစ်ရာ ရင်ဖွင့်ပေါက်ကွဲမှုမျိုးကိုများ လိုချင် နေသလား။

အခုနေ ဌာန်က ‘လှိုင့်ကိုကျွန်တော်ချစ်တယ် … ဟိုလူနဲ့လက်မထပ်ပါနဲ့တော့ … ကျွန်တော့်ကိုပဲ လက်ထပ်ပါတော့’ လို့ ပြောချလိုက်လျှင် လှိုင်ထိပ်ထားတစ်ယောက် ဘယ်လိုနေမလဲ။

ဟင့်အင်း …။ ဒီလိုတော့ မဖြစ်သေးပါဘူး။ လှိုင် ထိပ်ထားကို ဒီလိုမျိုး ပြောချလိုက်မိပြီးလျှင် တကယ့်ကို လက်ထပ် ဖို့ ကတိကဝတ်ပြုလိုက်သလို ဖြစ်သွားလိမ့်မည်။

သူ့စိတ်ထဲမှာ လှိုင်မှလှိုင် တန်းတန်းစွဲ၊ ပြတ်ပြတ် သားသား၊ သေသေချာချာမှ မဖြစ်သေးတာ။ နောက်ဆုတ်ဖို့ ခေါ်ခဲ

www.burmeseclassic.com



သည့် ကတိမျိုးကိုတော့ လက်လွှတ်စပယ်ပေးလိုက်လို့ မဖြစ်သေးပါဘူး။

"ဌာန်ကို အားနာပါတယ် ... လှိုင်လည်း စိတ်ညစ်ညစ်နဲ့ ညည်းလိုက်မိသလို ဖြစ်သွားတယ် ... တကယ်က ... လှိုင့်ပြဿနာက ဖြေရှင်းလို့လည်းမရဘူး ... သူများတွေအတွက်ကျတော့ ဘာမှလည်း မဖြစ်စလောက်ပါ ... အဲဒါကို တဖွဖွ ထုတ်ပြီး ညည်းသင့်ပါဘူး ..."

လှိုင်ထိပ်ထားက သူမဘာသာပဲ ကိုယ့်စကားကိုယ်ပြန်အစသတ်သွားသည်။ ဌာန်ကတော့ လှိုင့်ကို နှမြောမိသလို ရှိပေမဲ့ 'ကျွန်တော်လည်း ဘာတတ်နိုင်ပါမည်နည်း' ဆိုသည့် သဘောနဲ့ လက်ပိုက်ရှုတ်ဆိတ်ဖို့။

မြတ်စွာဘုရား။ လောကကြီး ဘာတွေဖြစ်ကုန်ကြပါပြီနည်း။ နောက်ကနေ လှမ်းကြည့်နေတာပေမဲ့ တစ်ယောက်ခါးကို တစ်ယောက်ဖက်ကာ (အဲဒီလိုတော့ မဟုတ်သေး။ တယောက်က ခါးကိုဖက်ကာ နောက်တစ်ယောက်က ပခုံးကိုဖက်ထားတာ)သရုပ်ပျက်စွာ တွဲလျှောက်နေကြသော လူနှစ်ယောက်ဟာ ကျော်ကျော်ဇနဲ့ မေစွမ်းအင်ဆိုတာ သိသာလှသည်။

လွန်လိုက်တာ။ ဒီကောင် ငမဲ ဒီလောက်တောင် မိုက်ရိုင်းပြီး စည်းကမ်းမဲ့ရသလား။

ဒါဟာ ဦးအောင်သူရထွဋ်ခေါင်ရဲ့ အိမ်၊ လောလောဆယ်မှာ ကိုယ့်အရိပ်ခိုနေရတာလည်း ဒီအိမ်ပဲ။ အဲဒါကို သူ့အိမ်





www.burmeseclassic.com

www.burmeseclassic.com



ရှင်ရဲ့မြေးနဲ့ ပလူးပလဲတွဲခုတ်နေလိုက်သေးသည်ဆိုတော့ အိမ်ရှင်အဘိုးကြီးကို ဘယ်လောက်တောင် စော်ကားရာ ရောက်လိုက်သလဲ။

သတိပေးလိုက်ရလျှင် ကောင်းမလား။

ခေါင်းထဲ တဒိန်းဒိန်းနေအောင် သွေးတွေတိုးလာကာ ဒေါသတွေ ဆူပွက်လာသည်။ ဖြစ်သင့်ဖြစ်ထိုက်တာထက် တရားလွန် ဒေါသဖြစ်မိခြင်းမှာ ဘယ်လိုအကြောင်းကို အခြေခံထားပါသလဲ။

ကိုယ်က ကျော်ကျော်ဇကို ဒီအိမ်ပေါ် ခေါ်တင်ခဲ့သူမို့ သူ လုပ်သည့်အမှားအယွင်း မှန်သမျှဟာ ကိုယ့်တာဝန်ပဲလို့ ခံယူမိတာကြောင့်လား။ ဒါမှမဟုတ် နောက်မှရောက်လာသည့်ကောင်က ကိုယ့်ထက်ခြေသွက်လက်မြန်ကာ ဒီအိမ်က မိန်းကလေး တစ်ယောက်ကို ရအောင်ယူလိုက်နိုင်တာကြောင့်ပဲလား။

ဒုတိယတစ်ကြောင်းက ပိုပြီးဖြစ်နိုင်သည်။ ဒီကောင်ကွာ။ မေစွမ်းအင်ကိုမှ။

စူးရှတောက်လက်သည့် မျက်ဝန်းနက်ကလေးတွေကို ပြန်တွေးမြင်ယောင်လာသည်။ ထက်မြက်သွက်လက်လွန်းလှ





သည့် မေစွမ်းအင်ရဲ့ ဟန်ပန်ကလေးတွေဟာ သေသေချာချာပြန်တွေးကြည့်လိုက်တော့ စွဲမက်စရာကောင်းလှပေတာ။

အခုတော့ သူမကို ကျော်ကျော်ဇလက်ထဲ ထည့်ပေးလိုက်ရပြီ။

သူကလည်း သူပါပဲ။ 'ငါ ကြိုက်တာ ငါအရင်ရွေးမယ်' လို့ ပြောဖို့အခွင့်အရေးရှိပါလျက် ကျော်ကျော်ဇကိုမှ ဦးစားပေးမိပေတာကိုး။ အခုတော့ ဒီကောင်က ဒင် ... ဆိုတာကိုမှ။

တကယ်လို့သာ ... ဌာန်က အရင်ရွေးဖြစ်ခဲ့လျှင် မေစွမ်းအင်ကိုပဲ ရွေးမိလေမလား။

ဖြစ်နိုင်လောက်သည်။ မေစွမ်းအင်မှာ ဘယ်သူနဲ့မှ မတူသည့် ထူးခြားညို့ငင်သောစွမ်းအားတစ်ခု ရှိသည်။ လျှပ်စစ်လှိုင်းတွေလို သူမခန္ဓာကိုယ်ထဲက စီးမျောစိမ့်ထွက်လာသော ထိုစွမ်းအားတွေဟာ လူတစ်ကိုယ်လုံးကို သံမဏိကြိုးမျှင်တွေလို ရစ်ပတ်တုပ်နှောင်နိုင်စွမ်းအား ရှိသည်။

မေစွမ်းအင်နဲ့သာ အခုထက် အချိန်ပိုပြီး ကြာကြာလေး နီးစပ်ထိတွေ့ခွင့်ရမည်ဆိုလျှင် ဌာန်က မေစွမ်းအင်ကိုပဲ ချစ်မိမှာ။ ဟုတ်ပါတယ်။ အားလုံးထဲမှာ မေစွမ်းအင်ဟာ ရွေးချယ်ဖို့



www.burmeseclassic.com

www.burmeseclassic.com



အသင့်ဆုံးပဲ။ ဒါကြောင့်လည်း လှလည်ကြီးကျော်ကျော်ဇကာ မေစွမ်း အင်ကို ရွေးသွားခဲ့တာပဲပေါ့။

နမြောလိုက်တာ။ ဘယ်လောက်တောင်လဲဆိုလျှင် ကိုယ့်ရင်ဘတ်ထဲက အသည်းနှလုံးကို ကျော်ကျော်ဇကာ နှိက်ထုတ် ယူသွားသလိုပဲ။

မေစွမ်းအင် ... ။ မင်းကို ဘဝတစ်သက်စာ လက် လွှတ်ဆုံးရှုံးလိုက်ရပြီဆိုတဲ့ အသိဟာ ငါ့နှလုံးသားကို ကျိုးပဲ့ကြေ ပျက်စေခဲ့ပြီဆိုရင် မင်းယုံမှာလား။ ကျေရော ကျေနပ်နေမှာလား ကွာ။





စာအုပ်အငှားဆိုင်ကို ဌာန်က မရောက်တာကြာပြီ။

အင်းလေ။ မရောက်တာကြာပြီလို့ ဆိုရအောင်က လည်း ဌာန်ဆိုသည့် ကောင်က စာအုပ်ဆိုင်ကို မကြာခဏသွားကာ တွေ့သမျှစာအုပ်ကို သည်းကြီးမည်းကြီး ဖတ်တတ်သည့် စာရူးပိုး ရှိုးမှ မဟုတ်တာ။ သူ ကြိုက်သည့် မင်းလူ၊ ဂျူး၊ နီကိုရဲ အဲဒီစာရေး ဆရာတွေရဲ့ စာအုပ်တွေထွက်မှသာ ရံဖန်ရံခါလောက် ငှားဖတ် သတ်တာ။ ဒီတော့ စာအုပ်ဆိုင်ကို အကြာကြီးနေလို့မှ တစ်ခါ တောင် မသွားဖြစ်ခြင်းဟာလည်း ဌာန့်အတွက် သိပ်ထူးဆန်းတဲ့ ကိစ္စ မျိုးတော့ မဟုတ်။

www.burmeseclassic.com



ခုတလော စာအုပ်ဆိုင် မရောက်ဖြစ်တာကတော့ ဖတ်နေကျစာရေးဆရာတွေရဲ့ စာအုပ်အသစ်တွေမထွက်လို့မဟုတ်။ ကိုယ့်အကုသိုလ်နဲ့ကိုယ် ရုန်းရင်းဆန်ခတ်ဖြစ်ကာ တခြားဘယ်ကိုမှ အာရုံမရောက်နိုင်တော့တာ။

ဒီကနေ့တော့ စိတ်ကလေး ကြည်လင်သွားအောင် စာအုပ်ကလေး ဘာလေးဖတ်ပြီး ဆေးကြောတော့မည်လို့ စိတ်ကူးမိတာပဲ။

ဟင် ... ။ ဘယ့်နှာပါလိမ့်။

စာအုပ်ဆိုင်နားရောက်လျှင် ဆိုင်ထဲက ထွက်လာသော စုံတွဲတစ်တွဲကြောင့် မျက်လုံးမျက်ဆန်တွေပြူးကာ ဦးနှောက်တွေ ရှုပ်လပတ်လည်ကုန်ရသည်။

ကျော်ကျော်ဗနဲ့ ဂျမ်းဂျမ်း။

အတူတွဲထွက်လာပုံက ... ရင်းနှီးပွေးကပ်လွန်းသည်။ တစ်ယောက်လက်ထဲက စာအုပ်ကို တစ်ယောက်က ယူကြည့်ကာ လမ်းလျှောက်ရင်းတောင်မှ ခေါင်းနှစ်လုံးကတော့ ဆိုင်နေကြသေးသည်။ လက်မောင်းချင်းလည်း ထိကပ်နေသေးသည်။

ဘယ်လိုကြီးလဲ။ မနေ့ကပဲ ကျော်ကျော်ဗဆိုသည့်





ကောင်ကို မေစွမ်းအင်နဲ့ ပူးကပ်ဖက်တွယ်လျက်သား တွေ့ခဲ့တာ မဟုတ်လား။

ဒီကောင် ဘာတွေလုပ်နေတာလဲ။ ဒီလိုမျိုး ဖောက်လွဲဖောက်ပြန်ကိစ္စတွေ ပါလာတာကိုတော့ ဌာနက ဘယ်လိုနည်းနဲ့မှ ထောက်ခံအားမပေးနိုင်။ ကိုယ်ရည်မှန်းစိတ်ကူးယဉ်ထားသည့် ကောင်မလေးတွေ ဖြစ်နေလို့မဟုတ်။ တခြားအပြင်ကမိန်းကလေးဆိုလည်း ဌာနက ဒီလိုလုပ်ရပ်မျိုးကို ဆန့်ကျင်ကန့်ကွက်မှာပင်။ (ကိုယ့်ကောင်မလေးတွေ ဖြစ်နေတော့ ပိုဆိုးတာပေါ့။)

ဒီကောင်ဟာ အရိပ်နေနေ အခက်ချိုးချိုး၊ သားရေပေါ်အိပ် သားရေနားစား၊ ကျေးဇူးရှင်ကို ကျေးစွပ်သည့်ကောင်ပဲ။

မေစွမ်းအင်နဲ့ ဂျမ်းဂျမ်း တစ်လှည့်စီတွဲနေတာကို ကောင်မလေးတွေရော သိကြရဲ့လားမသိ။ သိမှာမဟုတ်ဘူးထင်သည်။ ဂျမ်းဂျမ်းဟာ မေစွမ်းအင်ကို သိပ်ကြည့်လို့ရတာမဟုတ်။ မေစွမ်းအင်ရဲ့ရည်းစား(ထားပါတော့)ကို သူမကတွဲမိလို့ နှစ်ယောက်ကြားမှာ ပြဿနာဖြစ်ရမှာမျိုးကိုတော့ ရှောင်မှာပဲ။

မဖြစ်တော့ဘူး။ ကျော်ကျော်ဗကိုတော့ ထိပ်တိုက်တွေ့ဆုံပြီး သတိပေးတားမြစ်မှ ဖြစ်တော့မည်။



www.burmeseclassic.com

www.burmeseclassic.com



ဂျမ်းဂျမ်းကို ကျော်ကျော်ဇလက်ထဲ ထည့်ပေးရမည် ဆိုလျှင်ကော သူ ကြည်ဖြူနိုင်ပါ့မလား။

ဓွေးလိုက်တာနဲ့တင် ရင်ထဲက ပူလာသည်။

ဂျမ်းဂျမ်းဟာ သူနဲ့ဖူးစာရေစက်ရှိသလားလို့ ထင်ရ လောက်အောင်ပဲ မကြာခဏတိုက်မိကြ၊ ရန်ဖြစ်ကြ။ အဲဒီလို တိုက်မိ ရန်ဖြစ်နေရတာလေးကိုပဲ ဌာန်က ကြည်နူးကျေနပ်နေမိတာ။

စကားကို ဘယ်တော့မှ ပြေပြေလည်လည် ဖြစ် အောင် မပြောတတ်သည့် ဂျစ်တူးဂျမ်းတောမကလေး။ ဘယ်အချိန် ပဲဖြစ်ဖြစ်၊ ဘယ်လိုနေရာမှာပဲဖြစ်ဖြစ် သူမနဲ့ စကားပြောရတာ စိတ် လှုပ်ရှားဖို့လည်း ကောင်း၊ ပျော်စရာလည်း ကောင်း။

ဂျမ်းဂျမ်းနဲ့သာ အတူနေသွားရမည်ဆိုလျှင် အဘိုး ကြီး အဘွားကြီးတွေ ဖြစ်သည်အထိ တကျက်ကျက်နဲ့ ရန်တွေဖြစ် ကြ၊ စကားနိုင်တွေလုကြ။ မြေးတွေ မြစ်တွေက ဘေးကနေ သဘောတကျနဲ့ အားတွေပေး၊ ဘယ်လောက်ပျော်စရာကောင်း လိုက်မလဲ။ အမြဲတမ်း အိုမင်းဆွေးမြေ့မသွားဘဲ နုပျိုသစ်လွင်နေ မှာ။





ဌာန်က ဂျမ်းဂျမ်းနဲ့ပတ်သက်သည့် သူ့ရဲ့စိတ်ကူး ကောင်းကလေးကို နှမြောတသစွာနဲ့ပဲ ခေါက်သိမ်းလိုက်ရပါပြီ။

အခုတော့ ဂျမ်းဂျမ်းက နောက်ပေါက်၊ ရည်းစား နှစ်ယောက် အပြိုင်ထားချင်သည့် ကျော်ကျော်ဇ ဘက်ကိုပါသွား ခဲ့ပြီ မဟုတ်လား။

ဌာန့်အတွက်ကတော့ ဂျမ်းဂျမ်းကို ဆုံးရှုံးလိုက်ရ သည့်အတွက် သူ့ရဲ့ပျော်ရွှင်ရယ်မောမှုတွေအားလုံးကိုလည်း အပြီး အပိုင် ဆုံးရှုံးသွားရပြီလို့ ထင်မိလေသည်။

www.burmeseclassic.com

ဟုတ်မှဟုတ်ရဲ့လား။ ငါ့အမြင်များမှားလေသလား

စာကြည့်ခန်းထဲမှာ နုတ္တေးနေခြည်။ ကျောမှီမပါ

သော ထိုင်ခုံပြတ်လေးတစ်လုံးပေါ်မှာ ခါးကလေးစန့် တင်ပါးလေး

ကောက်၊ ကျောကလေးကော့၊ လည်တိုင်လေးမော့ပြီး ထိုင်နေ

သည်။

ဝတ်ထားတာကလည်း အပြင်သွား အဝတ်အစား

တောက်တောက်ပြောင်ပြောင်တွေ။ နဂိုနေ လှပြီးသားမျက်နှာကို

လည်း လှသည်ထက်လှအောင် ပြင်ဆင်ခြယ်သထားလိုက်သေး

သည်။



ဒီလိုပြင် ဒီလိုဝတ်ပြီးတော့မှ ... ဘာကြောင့်အပြင်

မသွားဘဲ အိမ်ထဲက အလုံပိတ်စာကြည့်ခန်းထဲမှာ ဒီလိုလှလှပပ

ကော့လိန်ကောက်ကွေးပြီး လာထိုင်နေရတာလဲ။

သဘောပေါက်ပါပြီ။ အကြောင်းရင်းကို ရှာလို့တွေ့

သွားပါပြီ။ ခပ်ဟဟဖွင့်ထားသည့်တံခါးကတစ်ခင့် အတွင်းဘက်

ကို မြင်ရအောင် ပိုတိုးပြီးကြည့်လိုက်လျှင် ပန်းချီဆွဲရာမှာ အသုံးပြု

သည့် ဒေါက်၊ ဆိုဒ်မီပိုက်မိ ပန်းချီကားအရွယ်အစားမဟုတ်သော်

လည်း ခပ်ကြီးကြီး ကတ်ထူပြားကြီးတစ်ချပ်၊ နံဘေးကခုံပေါ်မှာ

ရေဆေးဘူးတွေ၊ စုတ်တံတွေ၊ ဆေးစပ်ပြားတွေနဲ့ အလုပ်ရှုပ်နေ

သော ကျော်ကျော်ဗကို တွေ့လိုက်ရလေသည်။

လာပြန်ပြီ ဒီကောင်။

နယ်မှာနေတုန်းက ... ရေကူးသင်တန်းတက်လိုက်၊

တင်းနစ်ရိုက်သင်လိုက်၊ ကရာတေးသင်တန်းတက်လိုက်၊ ပန်းချီ

ဆွဲသင်လိုက်၊ ဂစ်တာတီးသင်လိုက်နဲ့ သင်တန်းမျိုးစုံ လိုက်တက်

နေသော ကျော်ကျော်ဗကို ဒွာန်က မျက်စိနောက်မိသည်။

လူဆိုတာ နည်းနည်းပါးပါးပဲဖြစ်ဖြစ် အစုံတော့တတ်

ထားမှကွဟု ကျော်ကျော်ဗက ပြောဖူးသည်။ ဒွာန်ကလည်း သူ

www.burmeseclassic.com



ကြားဖူးသည့် အင်္ဂလိပ်စကားပုံတစ်ခုကို ယူသုံးကာ 'နေရာတကာမှာ နည်းနည်းစီသိတဲ့သူဟာ ဘယ်နေရာမှာမှ ပညာရှင်လို ကျွမ်းကျင်တတ်မြောက်သူ မဖြစ်နိုင်ဘူး' ဆိုသည့်စကားနဲ့ ကျော်ကျော်ဝကို ပြန်နှိပ်ကွပ်သည်။

အခုကျတော့ ကျော်ကျော်ဝရဲ့ စကားကပဲ မှန်သလိုဖြစ်နေပြီ။ တခြားနေရာတွေကို အသာထား ကောင်မလေးတွေရဲ့ စိတ်ဝင်စားမှုကို အရယူသည့်နေရာမှာတော့ အသုံးတည့်လှသည်။

မိန်းကလေးဆိုတာကလည်း စိတ်ဝင်စားမှုကအမျိုးမျိုး၊ လိုအပ်ချက်က အမျိုးမျိုး။ ဒီတော့ ချဉ်းကပ်နည်းကလည်း အမျိုးမျိုးလိုအပ်သည်။ နေရာတစ်ခုတည်းမှာ ဆရာအဆင့်ရောက်အောင် တတ်ကျွမ်းသူထက် နေရာစုံမှာ နည်းနည်းစီ ထိတွေ့ဖူးသည့်သူက ပိုပြီး အလုပ်ဖြစ်တာပင်။

ခုပဲကြည့်။ အလှအပကြောင့် မာန်တက်နေသည့် နုဝေွးနေခြည်တောင်မှ ကျော်ကျော်ဝထံမှ ကိုယ်ဟန်ပြပြီး ယှဉ်တွဲခံနေပြီဆိုတော့။

ကျော်ကျော်ဝဆိုသည့် ကောင်ဟာ ... ဘယ်လိုလဲ





မေစွမ်းအင်နဲ့ ဒီလောက်ပူးကပ်ဖက်တွဲနေသည့် အဆင့်ရောက်နေပြီး ဂျမ်းဂျမ်းနဲ့ကျတော့လည်း ကြည်ကြည်နူးနူး အတူသွားနေပြန်ရော။ ဟော ... အခုကျတော့ နုဝေွးနေခြည်ကို ရွှန်းလဲ့တဲ့ မျက်ဝန်းတွေနဲ့ ကြည့်ပြီး ဖန်းချီဆွဲပေးနေပြန်ပါပြီ။

နုဝေွးနေခြည်ဆိုတဲ့ မိန်းမကိုလည်း ကြည့်ဦး။ ရှာနိုကိုကျတော့ မတူသလို မတန်သလို အဖက်မလုပ်ချင်သလို ဘဝင်ကိုင် မာနကြီးနေလှတဲ့ သူမဟာ ကျော်ကျော်ဝရှေ့မှာကျတော့ တကယ့်မော်ဒယ်မလေးတစ်ယောက်လို။ သူမရဲ့ မာနကြီးကြီး ဟန်ပန်များလှသော ပုံစံတွေက ဘယ်ပျောက်သွားပြီလဲ။

ကျော်ကျော်ဝကလည်း လွန်လွန်းအားကြီးနေပြီ။ ကောင်မလေးတွေကို တစ်ခါတွေ့ တစ်ယောက်တွဲနေတာ ဘာသဘောလဲ။ တစ်အိမ်တည်း အတူနေသည့် ညီအစ်မဝမ်းကွဲတွေကြားမှာ ဒီကောင်လုပ်တာနဲ့ စိတ်ဝမ်းကွဲမှုတွေ ဖြစ်လာတော့မှာပဲ။

"ခေါင်းလေး ဒီဘက်နည်းနည်းငုံ့ ... မဟုတ်သေးဘူး နုဝေွးရဲ့ ... အဲဒီလိုကျတော့ လည်ပင်းကြီး လိမ်သလိုဖြစ်နေပြီ လည်တိုင်ကို မစောင်းတဲ့ ခေါင်းကလေးပဲ ငုံ့ယုံငုံ့ ... ဟော မဟုတ်သေးပါဘူး ..."



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလည်း မသိတော့ဘူး ကိုဗရယ် ... ကိုယ်တိုင်ပဲ လာပြပေးတော့ ..."

"ဟုတ်ပြီ ... ဒါဆို လာပြီနော် ..."

အောင်မယ်လေး၊ သွားပါပြီဗျာ။

ရှာန်ဆိုလျှင် အနားကို ဆယ်ပေထက် ပိုပြီးကပ်ခွင့်မရခဲ့သည့် နုထွေးနေခြည်ကို ကျော်ကျော်ဗက ပူးနေအောင် ကပ်လိုက်ရုံတင်မက မေးဖျားလေးကို တယုတယ ကိုင်ကာ အနေအထားမှန်အောင် ပုံစံချပေးနေလိုက်သေးသည်။

ဒီကောင် ဒါတော့ လုံးဝမရိုးသားဘူး။ ကောင်မလေးတွေနဲ့ ဒီလောက် လက်ပွန်းတတီး နေနိုင်တယ်ဆိုကတည်းက သူတို့ကြားမှာ ပတ်သက်မှုတစ်ခုခု ရှိနေပြီဆိုတာ ပြောလို့ရသည်။

နုထွေးနေခြည်ကို ရအောင်ယူသွားတာကတော့ အလွန်ဆုံးပဲ။ ဒီလောက်လှသည့် ကောင်မလေးတစ်ယောက်ကို ဘယ်သူမဆို အဆုံးရှုံးခံချင်မှာမဟုတ်။ စိတ်နေသဘောထားတို့ အပြုအမူလေး ချစ်စရာကောင်းတာတို့ စသည့် အချက်အလက်တွေကမှ ကြာကြာလေး ပေါင်းကြည့်မှ သိရဦးမည်။ ရုပ်ရည်ချောလှ





တာကတော့ ကြည့်လိုက်တာနဲ့ မြင်သာသည်။ ဒီတော့ ဘယ်သူမဆို ဒီအိမ်က ကောင်မလေးတစ်ယောက်ကို ခုချက်ချင်း ကြိုက်ရာရွေးဆိုလို့ကတော့ နုထွေးနေခြည်ကိုပဲ ရွေးကြမှာ။

တော်ပြီကွာ။ နှမြောရလွန်းလို့ ရင်ဘတ်လည်း အောင့်လှပြီ။ ကျော်ကျော်ဗဆိုသည့် ကောင်ကို ဒီအတိုင်း ကြည့်နေလို့တော့ လုံးဝ မဖြစ်တော့။ သေသေချာချာ ပြောဆိုသတိပေးမှပဲ ဖြစ်တော့မည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘယ်သူနဲ့ ကြိုက်နေတာလဲ ဗကြီး ..."

"ဘာလဲကွ ... မင်းကလည်း အရင်းမရှိ အဖျားမရှိ"

ကောင်မလေးတွေတစ်ယောက်မဟုတ်တစ်ယောက် (ဒါမှမဟုတ်လည်းအများ)နဲ့ ကိစ္စတစ်ခုခုတော့ အမြဲရှိနေတတ်သော ကျော်ကျော်ဗကို တစ်ခန်းတည်း အတူနေပါလျက် ဒွာန်က တွေ့ချိန်မင် သိပ်မရှိ။ တွေ့ကြပြန်တော့လည်း သကောင့်သားက စကားတွေ ဟိုဟိုဒီဒီ လျှောက်ပြောကာ သူ့ဘက်ကို မေးခွန်းတွေ ရောက်မလာအောင် တိမ်းရှောင်နေတတ်တာမို့ ပြောချင်သည့် စကား ပြောရဖို့ ဒွာန့်မှာ အခွင့်အရေးနည်းလှသည်။





ဒီတော့ တွေ့တုန်းကြုံခိုက် မေးချင်တာလေး မေးရသည် ဖြစ်ရာ စိတ်လောပြီး ထွက်ချင်သည့် မေးခွန်းတွေထွက်ကျန်တော့တာပင်။

"ဒီအိမ်က ကောင်မလေးတွေထဲက မင်းနဲ့ ကြိုက်နေတာ ဘယ်သူလဲလို့ ငါ သိချင်တယ် ..."

"အကုန်နီးပါးပဲ ..."

"ဘာပြောတယ် ... မင်းက ..."

ကျော်ကျော်ဗက အမြင်ကတ်ချင်စရာကောင်းလှသော စပ်ဖြဲဖြဲမျက်နှာကြီးလုပ်နေသည်။ တောက် ... ငါကွာ လက်သီးနဲ့ ထ,ထိုးလိုက်ရ။

"နေစမ်းပါဦးကွာ ... မင်းပဲ ငါ့ကို ဦးစားပေးပြီး စိတ်ကြိုက်ရွေးခွင့်ပေးထားတာပဲ မဟုတ်လား ... ငါ့ဘာသာ နှမ်းပြီး ရွေးပါရစေဦး ..."

"နှပ်ပြီးပဲ ရွေးရွေး ... နှပ်ချေးပဲရွေးရွေး မင်းကြိုက်တာကြိုက်သလို ရွေးလို့ရတယ် ... ဒါပေမဲ့ တစ်ယောက်ဆိုတစ်ယောက် သတ်သတ်မှတ်မှတ်တော့ ဖြစ်ပစေပေါ့ ခုတော့ မင်းလုပ်ပုံက တစ်ခါတွေ့တစ်ယောက် ..."



www.burmeseclassic.com

"မင်းက ဘယ်သူတွေနဲ့ တွေ့လို့လဲ ..."

"နံပါတ်တစ် မေစွမ်းအင်နဲ့ မင်းနဲ့ကတော့ သေချာပေါက် ကြိုက်နေတယ်ကွာ ..."

လာပြန်ပြီ အမြင်ကတ်ချင်စရာ ကောင်းလှသည့် မသိနားမလည်ဟန်နဲ့ မျက်ခုံးကြီး ပင့်ချီထားသည့် အမူအရာ။ သူ့ကိုယ်သူ အပြစ်ကင်းလှသည့် ကလေးလေးပေါ့လေ။

"မင်းက ဘာအကြောင်းနဲ့ ဒီလိုပြောနိုင်ရတာလဲ ..."

"ငါ တွေ့တုန်းက ..."

ဗွာန်က သူ မြင်ခဲ့ရသည့် မြင်ကွင်းကို ပြန်ပြောပြလိုက်ရသည်။ မပြောချင်လို့လည်း မရဘူးလေ။ ကျော်ကျော်ဖဆိုသည့် ကောင်က မသိဟန်ဆောင်ကာ မှန်လာဥလှုပ်နေလျှင် ကိုယ်ပဲ အသည်းယားနေရမည်။

"ဒါလား ... အဲဒါ မင်း မှားတယ် ... အဲဒီနေ့က ငါနဲ့ မေစွမ်းအင်တို့ တင်းနစ်ရိုက်ကြတာ သူ ချော်လဲပြီး လမ်းမလျှောက်နိုင်တော့လို့ ငါက တွဲပြီး ပို့ပေးရတာ ... ရုပ်ရှင်ထဲမှာဆိုရင်တော့ ကောင်မလေးကို ကောင်လေးက ပွေ့ချီခန်းပေါ့





ကွာ ... ဒါပေမဲ့ တကယ့်လက်တွေ့ကျတော့ သူ့ကိုယ်ကြီး ငါ မနိုင်တာနဲ့ ဘေးကနေပဲ တွဲပြီးတော့ သွားရတာ ..."

ဟူး ... ။ တော်ပါသေးရဲ့ ... ဒီပုံဆိုရင်တော့ တစ်ယောက်မဆုံးရှုံးရသေးဘူးပေါ့။ ဒါပေမဲ့။

"ဒါပေမဲ့ ဂျမ်းဂျမ်းနဲ့ကရော ..."

"မင်းကလည်းကွာ ... တစ်ခါတလေလေး စာအုပ်ဆိုင် အတူသွားမိတာများ မင်းက တလွဲတွေးနေရသေးလား"

"ဒီလောက်ကြီး ပူးကပ်နေတဲ့ဟာ ..."

"စာအုပ်ကို အတူတူလေး ဖတ်လိုက်မိတာပါကွာ ... ခေါင်းချင်းဆိုင်ပြီး ဖတ်လိုက်မိတော့ လူချင်းနီးသွားတာပါ ... မင်းလူ့စဏ္ဍုထဲက ဟာသကွက်တစ်ကွက်ကို ဖတ်ပြီး ရယ်နေကြတာ ဒီလောက်ပါပဲ ..."

"ဒါပေမဲ့ နှုတွေးနေခြည်နဲ့ကိစ္စကိုတော့ မင်း ငြင်းလို့မရပါဘူး ..."

"ကိုယ့်သူငယ်ချင်း ကိုယ်အထင်ကြီးတဲ့နေရာမှာတော့ ... မင်းပဲ ... ကောင်မလေးတွေနဲ့ တစ်ယောက်ပြီးတော့ တစ်ယောက်ကိုလိုက်ထင်နေတော့တာပဲ ... နှုတွေးနေခြည်

www.burmeseclassic.com



က ငါ မန်းချီဆွဲတတ်တယ်ဆိုတာသိလို့ ပန်းချီဆွဲခံတာ သက်သက်ပါကွာ ...”

“ပန်းချီဆွဲတာကလည်း လက်ကလေးကိုင်လိုက် ... ပခုံး လေးကိုင်လိုက် ... မေးဖျားလေးကိုင်လိုက်နဲ့ တယ်ဟုတ် တာပဲ ...”

“ဒါတော့ အနုပညာသဘောတွေပါကွာ ...”

“အဲဒီတွေ ပြောမနေစမ်းပါနဲ့ ... မင်းလိုကောင် အနုပညာ ကို မြတ်နိုးလွန်းလို့ ပန်းချီဆွဲသင်တာတော့ လုံးဝမဟုတ် ဘူး ... မင်းရဲ့ ရည်ရွယ်ချက်ကိုက လူကြားထဲမှာ ထင်ပေါ် ချင်လို့ ဒါပဲ ...”

“အေးပါ ... ငါကလည်း ငါကိုယ်ငါ ဘာကြီးညာကြီး မပြော ပါဘူး ... နတွေးနေခြည်ကို ကိုယ်ဟန်ပြပေးရင်း ကိုင်တာ တွယ်တာကတော့ ဘုရားစူးရစေ ... အခွင့်အရေးယူတဲ့ သဘောမဟုတ်ရပါဘူးကွာ ... သူ မလုပ်တတ်တာကို လုပ် ပြပေးယုံပါ ...”

“ဒါဆို ပြော ... သူ့အသားလေး သွားထိရတဲ့အတွက် မင်း စိတ်ထဲ ဘယ်လိုမှ မနေဘူးလား ...”





“ဘယ်လိုမှ မနေဘူး ... မေစွမ်းကို တွဲခေါ်ရတုန်းကလည်း ဘယ်လိုမှ မနေဘူး။ ငါ့စိတ်ကို မင်းစိတ်နဲ့ မနှိုင်းနဲ့ ...”

ဪ ... ပြောပုံအရတော့ သူဟာပဲ လူကောင်းသူ ကောင်း ဌာန်တသာ မိန်းကလေးတွေကို မရိုးမသားစိတ်နဲ့ လိုက် ထိနေတတ်တဲ့သူ ဖြစ်ရော။

ထားပါလေ။ ကျော်ကျော်ဗ ဘာပဲပြောပြော ဌာန် က သည်းခံနိုင်သည်။ လောလောဆယ် သူ့ကောင်မလေးတွေမပါ သွားရင်သာ ပြီးရော။

“ကဲ ... မင်း သက်သာရှင်းပြီဆိုရင် ငါ ရေချိုးတော့မယ် ... ခုပဲ တင်းနစ်ရိုက်ပြီး ပြန်လာတာကွ ... လူက ချွေးတွေ ရွှဲ နေတာ ...”

“နေဦး ...”

“ဘာလဲ ...”

ဌာန်က ပြောရကောင်းနိုး မပြောရကောင်းနိုး ချီတုံ ချတုံ ဖြစ်နေပြီးမှ စိတ်ပိုင်းဖြတ်လိုက်သည့်ပုံစံနှင့် ...

“ကောင်မလေးတွေကို ... ငါ အရင်ရွေးမယ်ကွာ ... မင်း နောက်မှရွေး ...”



www.burmeseclassic.com

www.burmeseclassic.com



ကျော်ကျော်ဗ မျက်နှာမှာ ဖြစ်ရမြန်ပြီဟု လှောင်ရယ်ချင်သည့်အရိပ်တွေ ဖြတ်ပြေးသွားသည်။ ဌာန်က မသိဟန်ဆောင်နေလိုက်သည်။

"အေးလေ ... မင်းသဘောပဲ၊ ငါကတော့ အေးဆေးပါကွာ၊ လောလောဆယ် ရည်းစားထားဖို့လည်း စိတ်ကူးမရှိသေးပါဘူး ... အကြွေးကျေပြီး ငါ့အဖေနာရီ ပြန်ရွေးနိုင်ဖို့ပဲ အဓိကထားပါတယ် ... "

ကြည့်စမ်း။ အကျောကြီးနဲ့ ပြောသွားလိုက်တာ။

အင်းပေါ့လေ။ ကိုယ်က မနေနိုင်သည့်ကောင်ဆိုတော့လည်း အပြောခံလိုက်ပေဦးတော့ပေါ့။

ကိုယ့်စိတ်ကြိုက် ရွေးချယ်ဖို့ အခွင့်အရေးပြန်ရလိုက်တာကပဲ ဌာန့်အတွက် အမြတ်လို့ ယူဆရမှာပင်။





အဝတ်သေတ္တာကို ဖွင့်လိုက်လျှင် အပေါ်ကတင်ထားသည့် ဝတ်နေကျ အဝတ်တွေအောက်က အကွက်စတစ်စက မျက်စိထဲ စူးခနဲ ဝင်လာသည်။

အနီနဲ့အပြာရောင်များများပါပြီး အဖြူနဲ့အနက်စင်းတွေကြားထဲမှာ ရောဖောက်ထားသည့် အကွက်စ။ သေချာတိကျစွာ ပြောရသော ဌာန် ရေနစ်သည့်နေ့က ဌာန့်ကို ပတ်ပေးထားခဲ့သော စားပွဲခင်းစ။

ထိုအစကို ဌာန်က သေသေချာချာ 'လျှော်ဖွပ်ပြီး အိမ်ရှင်တွေကို ပြန်ပေးခဲ့ပါသေးသည်။ သို့သော် ဘယ်သူက [illegible]။



www.burmeseclassic.com

www.burmeseclassic.com



'နေပါစေကွယ်' 'ပြန်မပေးပါနဲ့တော့' 'အမှတ်တရ သိမ်းထားလိုက်ပေါ့' စသည့် စကားလုံးချိုချိုတွေနဲ့ ငြင်းပယ်ကြသည်ချည်း။

ဒီတော့မှ ဘွာန်လည်း သေချာ ပြန်တွေးကြည့်မိတော့သည်။ ဟုတ်သားပဲ။ သူ့ကိုယ်ကြီး ပတ်မြီးသား အဝတ်ကို ဘယ်သူက ပြန်ယူသုံးချင်တော့မလဲ။ မသုံးချင်ဘူးဆိုမှတော့ ယူပြီး သိမ်းထားစရာအကြောင်းလည်း မရှိတော့။ ကိုယ်က အလိုက်မသိ လိုက်ပေးနေတာတောင် အားနာစရာကောင်းနေပြီ။

ဒီလိုနဲ့ပဲ အနီစားပွဲခင်းအစသည် ဘွာန်ရဲ့ အဝတ်သေတ္တာထဲမှာ တိမ်တိမ်မြုပ်မြုပ် နိုအောင်းနေရတော့တာ။

အစကတော့ အမှတ်တမဲ့။ ဒီနေ့တော့ ဘာစိတ်[illegible] ပေါက်သည်မသိဘဲ ဘွာန်က အစလေးကို အသာအယာ ထိတို့ကြည့်နေမိသည်။ ပြီးတော့ ဘယ်သူမှန်းမသိလိုက်ရသော သူ့ရဲ့ အသ[illegible] သခင် ကျေးဇူးရှင်ကို သတိတရ။

ဟုတ်ပါရဲ့။ ကျေးဇူးရှင် ... ကျေးဇူးရှင်။ သူက ကိုယ်[illegible] တစ်ခုလေးကို ကယ်တင်ထားတာ ဖြစ်ပါလျက် ဘွာန်က မေ[illegible] လျော့လျော့ ထားခဲ့မိသည်။ တကယ်က သူ့ရဲ့ ကျေးဇူးဟာ ဘွာ[illegible]





ကို မွေးထုတ်ပေးလိုက်သည့် မေမေ့ကျေးဇူးလောက်နီးပါးကို ကြီးမားတာ။

ဆပ်တော့ ဆပ်ရမည်။ ဒီကျေးဇူးရှင်ကို ရှာပြီး ကျေးဇူးတော့ ဆပ်ကိုဆပ်ရမည်။ ဘယ်လိုနည်းနဲ့ ကျေးဇူးဆပ်မလဲ။

ဟာ ... သိပြီ။ သူမကို တစ်သက်လုံး ကြွင်နာမြတ်နိုးစွာ ပေါင်းဖက်အဖော်ပြုသွားသည့်နည်းနဲ့ ဆပ်လိုက်တာပေါ့။

ဘယ်လောက်ကောင်းသည့် အစီအစဉ်လဲ။ ကိုယ့်ကျေးဇူးရှင်ကို ကျေးဇူးဆပ်ရာလည်းရောက်၊ ခုတလော ဘွာန့်ခေါင်းထဲ အချိန်ပြည့် နေရာယူထားသည့် တစ်မျိုးတစ်ဖုံစီ ချစ်စရာကောင်းကြသည့် ကောင်မလေးတွေထဲက ဘယ်သူ့ကို ရွေးရပါ့မလဲဆိုသည့် ပြဿနာလည်း ပြေလည်။ အားလုံး အဆင်ကို ချောလို့။

တစ်ခုပဲ အဆင်မပြေတာ ရှိသည်။ သူ့ကျေးဇူးရှင်ကို ဘယ်လိုသွားရှာရမလဲ မသိတာ။

အကြောင်းတစ်စုစုကြောင့် မုံရွာယ်လျှို့ဝှက်ထားခဲ့သည့်သူကို ချက်ချင်းလက်ငင်းတောဝ် ဖော်ထုတ်လို့မရတာ။ အခုလို လနဲ့ချီကြာပြီးမှ အစပြန်ကောက်ဖို့ လွယ်ပါတော့မလား။

ဘွာန် အမြဲတမ်း သံသယဖြစ်နေသူ တစ်ယောက်

www.burmeseclassic.com



တော့ ရှိသည်။ သူကတော့ အရှက်သည်းကာ အမြဲ အခန်းအောင်းနေတတ်သည့် ဆောင်းသံခင်။

ဪနံ ဒီအိမ်ကိုရောက်တာ ခြောက်လလောက် ရှိပြီ။ ဒီရက်တွေအတွင်းမှာ တခြားမိန်းကလေးတွေနဲ့ ကြိမ်ဖန်များစွာ ဆုံဖူးသည်။ အနေအထိုင် လျှို့ဝှက်သိပ်သည်းလှသော ဒဏ္ဍာရီနဲ့တောင် တွေ့တော့ တွေ့နေရတာပဲဟာ။

ဆောင်းသခင်ကိုတော့ သုံးခါပဲလား တွေ့ဖူးသည်။ ဒါတောင် အလျှော့ရက်တစ်ရက်ရယ်၊ ဦးအောင်သူရထွဋ်ခေါင်ရဲ့အစ်ကိုကြီး အားလုံးအပေါ် ဩဇာရှိသည့် အဘိုးလာလို့ ထွက်တွေ့ရတာတစ်ရက်ရယ်၊ သူမ နေမကောင်းလို့ ဆေးခန်းသွားပြရတဲ့ တစ်ရက်ရယ်။ အဲဒီ သုံးခါပဲ။

သို့သော် သူနောက်သို့ လှစ်ခနဲ လှစ်ခနဲနေအောင် လိုက်ချောင်းနေတတ်သည့် အရိပ်ကလေးဟာ ဆောင်းသခင် ဖြစ်သည်လို့တော့ ဪနံက ယုံကြည်ထားသည်။

မကြာခဏ သူနောက်က ပါလာတတ်သည့် အရိပ်ကလေးဟာ ဟိုတစ်ညက ဪနံ ရေကန်ထဲ ကျသွားတော့လည်း တွေ့လိုက်ရပြင်။ အရိပ်ကလေးမှသာမဟုတ်လျှင် ညကြီးမင်းကြီး





မှောင်မည်းမည်းထဲ ဪနံ ရေကန်ထဲကျနေတာကို ဘယ်သူက တွေ့မှာလဲ။ ဪနံနောက်က အမြဲလိုက်ချောင်းနေတဲ့သူမို့လို့သာ တွေ့တာပေါ့။

ဒီတော့ကာ ... သူ့ကို ကယ်တင်လိုက်သည့်သူဟာလည်း အရိပ်ကလေးပဲ ဖြစ်မည်။ အရိပ်ကလေးဆိုတော့ ဆောင်းသခင်ပဲပေါ့။

ဟုတ်လောက်သည်။ အရှက်သည်းလှသည့် ဆောင်းသခင်ဟာ ဒီအတိုင်းတောင် လူမြင်မခံချင်တာ ဪနံကို ရေထဲက ကယ်တင်ထားရသည့် အနေအထားနဲ့ဆို ပိုလို့တောင် လူမြင်မခံချင်ဦးမည်။ ဒီတော့ သူမ တတ်နိုင်သလောက် ပြုစုလုပ်ကိုင်ပေးပြီးလျှင် လူမြင်လွယ်မည့်နေရာမှာ ထားခဲ့ကာ တိမ်းရှောင်သွားတာပဲ ဖြစ်ရမည်။

သေချာပါတယ်။ သူ့ကို ကယ်တာ ဆောင်းသခင်ပဲ။ ဒါကို ကာယကံရှင်နဲ့တွေ့ပြီး သေချာမေးရမည်။ ဆောင်းသခင်ဆိုသည့် မိန်းကလေးဟာ အခန်းအောင်းပြီး နေတတ်သည်ဆိုပေမဲ့လည်း သူနောက် လိုက်ချောင်းသည့် အရိပ်ကလေးကတော့ ရှိတတ်ပြီ။ ထိုအရိပ်ကလေးကို မိအောင်ဖမ်းနိုင်လျှင် ပြီးပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ကစပြီး အရိပ်ကလေး ဖမ်းမိရေး စီမံကိန်းတွေ ရေးဆွဲရမည်။ ဒီကိစ္စ သိပ်မလွယ်လှဘူးဆိုပေမဲ့ တကယ်တမ်းကြိုး ပမ်းမည်ဆိုလျှင် ... သိပ်ကြီးလည်း ခက်ခဲလှတာတော့ မဟုတ်ပါ ဘူး။

အရိပ်ကလေးကို ဖမ်းမိပြီဆိုလျှင် သူ့အတွက် ဆုံး ဖြတ်ချက်တစ်ခုလည်း သေသေချာချာ ချနိုင်လိမ့်မည်ထင်သည်။

---



ထူးထူးခြားခြားပင် သူ ဒီအိမ်ကို ရောက်မလာခင် တစ်ညက မက်ခဲ့သော ပန်းပွင့်အိပ်မက်ကို သွားနိုက ပြန်မက်သည်။

ပထမတစ်ခေါက်ကအတိုင်း ထပ်တူထပ်မျှ မဟုတ် ပေမဲ့ ဒီတစ်ခါလည်း ပန်းခင်းထဲ ဖြတ်ပြေးရင်း ပန်းပွင့်တွေရဲ့ နွယ် ယှက်ရစ်ပတ်ခြင်းကို ခံရတာ သေမတတ်ဖြစ်ရပြန်တာပင်။

တကယ်လို့ ... ကျော်ကျော်ဇာသာ သူ့ကို လာမနှိုးခဲ့ ဘူးဆိုလျှင် အိပ်မက်က ဘယ်လောက်တောင် ဆိုးဝါးပြင်းထန်လာ လဲ မသိ။

"မင်း တအီးအီး တဟူးဟူး အော်နေလို့ ငါ နှိုးလိုက်တာ အိပ်မက်ဆိုးတွေ မက်နေတယ်ထင်တယ် ..."

www.burmeseclassic.com

www.burmeseclassic.com



ကျော်ကျော်ဗက ဒီလောက်ပဲပြောပြီး ရေချိုးခန်းထဲ ဝင်သွားသည်။

ဌာန်မှာတော့ အိပ်ရာထက်က တော်တော်နဲ့ မထ နိုင်။ အိပ်မက်ကို ပြန်စဉ်းစားရင်း ကျောချမ်းနေသည်။

ဒီအိမ်ကို မရောက်ခင်တစ်ညက ဒီအိပ်မက်မျိုးကို မက်ဖူးတာ။ ဒါဟာ နိမိတ်ပြတာပဲ။

မိန်းကလေး ချောချောလှလှလေးတွေကို ပန်းပွင့် ကလေးတွေနဲ့ တင်စားကြသည်ဆိုလျှင် ... ဒီအိမ်မှာ အလွန်လှ အသွေးအရောင်စုံသော ပန်းပွင့်ကလေးတွေမှ အများကြီး။

ဌာန်ဟာ ပန်းပွင့်ကလေးတွေကို သွားပြီး ပတ်သက် ချင်မိခဲ့တာ။ ပန်းပွင့်တစ်ပွင့်ထဲကို သတ်မှတ်ရွေးချယ်တာမဟုတ် ဘဲ ပန်းခြံတစ်ခုလုံးက ပန်းပွင့်တွေအားလုံးကို မက်မောလိုချင် တာ။ အဲဒါကြောင့်များ ပန်းပွင့်လေးတွေက ဒဏ်စော်သည့်အနေနဲ့ ဌာန်ကို ဝိုင်းနှိပ်စက်ညှဉ်းပန်းကြတာလေလား။

အောင်မယ်လေးနော်။ ကြောက်စရာကောင်းလိုက် တာ။ ပန်းပွင့်ကလေးတွေ ဖြစ်ပေမဲ့ အစွမ်းသတ္တိက မသေးပါလား





တော်ပြီ ... တော်ပြီ။ ဆက်မတွေးတော့ဘူး။ အိပ် ရာက အမြန်ထ,မှ ဖြစ်မည်။

ဌာန်က အိပ်ရာထက်က အမြန်ထပြီး မျက်နှာသစ် သွားတိုက်လိုက်သည်။ ဒီနေ့ အတန်းချိန်က မနက်အစောပိုင်းမရှိ တာမို့ အေးအေးဆေးဆေး လုပ်လို့ရနေသည်။

အားလုံးပြီးသွားတော့ ကျောင်းသွားဖို့အချိန်က လို နေသေးသည်။ ကျော်ကျော်ဗကတော့ သူ အလုပ်သွားရမှာမို့ အရင် ထွက်သွားနှင့်ပြီ။

ဒီအချိန်ဆို အိမ်ကလူတွေအားလုံးလည်း (ဒေါ်အေး အာကလွဲလို့) ကိုယ့်အလုပ်တွေ ကျောင်းတွေ ကိုယ်စီသွားကြပြီ မို့ အိမ်က တိတ်ဆိတ်ခြောက်သွေ့နေသည်။

ဌာန်က ဒီအတိုင်းပဲ ထွက်သွားပြီးမှ စိတ်ကူးတစ်ခု ရာဖြင့် ရေကူးကန်ဘက် ပတ်သွားလိုက်သည်။

သစ်ပင်ခပ်ထူထူရှိသည့်နေရာနားရောက်လျှင် စိတ် ထဲက အလိုလိုထင့်ခနဲဖြစ်လာသည်။ ကိုယ့်နောက်မှာ တစ်ယောက် ယောက်က ချောင်းမြောင်းကြည့်ရှုနေသလိုမျိုး စိတ်မလုံခြုံ



www.burmeseclassic.com

www.burmeseclassic.com



သိပ်တော့မသေချာ။ ဘာပဲဖြစ်ဖြစ် အခွင့်ကြုံတုန်းလေး စိတ်ကူးကို အကောင်အထည်ဖော်ပါဦးမှ။

ရေကူးကန်ဘက်ရောက်လျှင် ဘာလုပ်ဖို့မှ ရည်ရွယ်ချက်မရှိတာမို့ လူက ယောင်ချာချာ။

အစီအစဉ်ရှိအောင် တစ်ခုခုတော့ လုပ်မှဖြစ်မည်။ ဘာလုပ်ရရင် ကောင်းမလဲ။

သူ့နောက်ဘက်က ရိုင်ခနဲ လှုပ်ရှားမှုလေး။ သေချာပါတယ်။ သိပ်ကို သေချာနေပါပြီ။ တစ်စုံတစ်ယောက် (အရိပ်ကလေးပဲဖြစ်ရမည်)ဟာ သူ့နောက်က လိုက်ကိုလိုက်ကြည့်နေပြီ။

ဌာန်က ရုတ်တရက် စိတ်ကူးပေါက်သွားကာ လွယ်ထားသည့် ကျောပိုးအိတ်ကို ခုံတစ်လုံးပေါ် တင်လိုက်သည်။ ဖိနပ်ကိုချွတ်ကာ ရှပ်အင်္ကျီကိုပါ တစ်ခါတည်း ချွတ်လိုက်သည်။

ကိုယ့်စိတ်ကူးနဲ့ကိုယ် စီစဉ်ထားပြီးမှ တကယ်တမ်းကျတော့ သတ္တိကမရှိ။ ဒီလောက်ကျယ်သည့် ရေကန်ကြီးထဲကို ဘယ်လိုလုပ်ပြီး ဆင်းရမှာလဲ။ ဌာန်ဆိုတာက တစ်နေ့ ရေတစ်ခါ ချိုးဖို့တောင် အတော်လေး ဖြစ်ဖြစ်မြောက်မြောက် ကြိုးစားရတာကဲကွာ။ မတတ်နိုင်ပါဘူး။ ကိုယ့်ဘဝရဲ့ တစ်သက်





တာ ဖူးစာဖက်ကို ရှာတွေ့ဖို့အတွက် ဒီလောက်တော့ စွန့်စားမှဖြစ်လိမ့်မည်။

ဌာန်က စိတ်ကိုတင်းကာ ရေကန်ဘက် ခြေတစ်ချက် လှမ်းလိုက်သည်။ သို့သော် ထိုခြေထောက်ကို အောက်ချလိုက်ဖို့ နောက်ဆက်တွဲသတ္တိက ဘယ်လိုမှ လိုက်မလာ။

မဖြစ်ဘူး။ ငါ ရေထဲမဆင်းရဲဘူး။ ဖူးစာရှင်ရှာတာ ဒီနည်းနဲ့မှ မဟုတ်ပါဘူးကွာ။ တခြား ဘယ်နည်းနဲ့မဆို ဖြစ်နိုင်သေးတာပဲ။

ကြောက်ကြောက်လန့်လန့်နှင့် ... ဆန့်ထုတ်ထားသော ခြေထောက်ကို ပြန်သိမ်းသည်။ သို့သော် ကံကဆိုးချင်တော့ ဟန်ချက်က ပျက်နေပြီဖြစ်သော သူ့ခန္ဓာကိုယ်ကို ဘယ်လိုမှ မထိန်းနိုင်တော့။ လှမ်းထားသည့် ခြေထောက်ကို နောက်ဆုတ် အောက်ပြန်ချရမည့်အစား အပေါ်ဘက်ခန္ဓာကိုယ်က ယိမ်းယိုင်ကာ နောက်ခြေထောက်တစ်ချောင်းကပါ လွတ်ထွက်သွားတော့သည်။

"ဗွမ်း ..."

"အား ..."

ရေထဲပြုတ်ကျသံ၊ ဌာန့်ရဲ့ ကြောက်အားလန့်အား



www.burmeseclassic.com

www.burmeseclassic.com



အော်ဟစ်သံတွေ ကျယ်လောင်စွာ ထွက်ပေါ်လာကြသည်။ (သို့သော် ဂီတသံတွေ အိမ်ပေါ်မှာက ကြားမည့်သူတစ်ယောက်မှ မရှိ။ ဒေါ်အေးသွာကလည်း ထမင်းဟင်းအာရုံစိုက် ချက်ပြုတ်နေချိန်ဆို ဆင်အော်သံတောင်မကြား)။

ကန်စပ်သို့ အရိပ်ကလေးတစ်ရိပ် လှစ်ခနဲ ထွက်လာသည်။ ရေထဲမှာ အလန့်တကြား ကူးခတ်နေရင်းနဲ့တောင်မှ ဌာန်က သူမ ဘယ်သူလဲဆိုတာ ကြည့်ဖြစ်အောင် ကြည့်လိုက်ပါသေးသည်။

ဆောင်းသခင် ...

ထင်တဲ့အတိုင်း သူမပါပဲ။ ဒါဆိုလျှင်တော့ သူ့စွန့်စားမှုက ထိုက်တန်သွားပြီ။ သူ့ဆန္ဒတွေလည်း ပြည့်ဝသွားပြီ။ အနာဂတ်မှာ ဌာန်မှာ ဖြစ်ချင်တာတွေ ဖြစ်ခွင့်ရပြီး ပျော်ရွှင်သည့် လူသားတစ်ယောက် ဖြစ်သွားပြီ။

"ခင် ... ခင် ... ကျွန်တော့်ကို ကယ်ပါဦး"

"အောင်မယ်လေး ... လာကြပါဦး ... ကယ်ကြပါဦး"

ဌာန်က အော်သလို ဆောင်းသခင်ကလည်း လိုက်





အော်သည်။ ဌာန် မျှော်လင့်ထားသလို ရေထဲ ဝုန်းခနဲ လိုက်ဆင်းပြီး ကယ်တင်တာမျိုးတော့ မလုပ်ချေ။

တဖြည်းဖြည်း ဌာန် မျက်လုံးပြူးလာသည်။ ခြေတွေလက်တွေကို တဝုန်းဝုန်းယက်ကာ ကိုယ့်ခန္ဓာကိုယ်ကို ရေပေါ်ပေါ်နေအောင် အတတ်နိုင်ဆုံး ကြိုးစားနေရပေမဲ့ တဖြည်းဖြည်း ခြေကုန်လက်ပန်းက ကျလာပြီ။ ရေအောက်ကနေ နွယ်မျှင်လိုတစ်စုံတစ်ရာက တက်လာကာ သူ့ခြေထောက်တွေကို ရစ်ပတ်လျက် အောက်ဆွဲချနေသလို ခံစားရသည်။ နောက်ထပ် နွယ်တစ်မျှင်ကတော့ သူ့လည်ပင်း၊ သူ့ရင်ဘတ်တွေကို ရစ်ပတ်ဖိညှစ်နေသလိုမျိုး အသက်ရှုတွေ တင်းကျပ်နေပြီ။

"ခင် ... အမြန်လာကယ်လေ ... "

ရေကန်ပေါင်မှာ ယောက်ယက်ခတ် ပြေးလွှားရင်း ဘာလုပ်ရမှန်းမသိ ဖြစ်နေသော ဆောင်းသခင်ကို ဌာန်က အားကိုးတကြီး လှမ်းပြောလိုက်သည်။

"ကျွန်မ ... ကျွန်မ ရေမကူးတတ်ဘူး ... "

"ဘာ ... "

သွားပြီ။ သေပြီ။



www.burmeseclassic.com

www.burmeseclassic.com



မျှော်လင့်တွေးထင်ထားတာတွေနဲ့ တကယ့်ဖြစ်နေတာဟာ တကဲ့တကဲစင်လွဲ။ ဘယ်လောက်အထိ လွဲသလဲဆို လျှင် သေလောက်အောင်ကို လွဲသည်။

ဆောင်းသခင်ဟာ ... ရေမှ ကူးတတ်ရဲ့လားလို့ သူ့ အစကဘာလို့ မတွေးခဲ့မိတာပါလိမ့်။ ဖြစ်ချင်တာတွေကိုသာ ရှုတ်စိတ်ကူးယဉ်ထားခဲ့ပြီး ဖြစ်နိုင်ချေရှိသော လိုအပ်ချက်တွေကိုတော့ ဘာကြောင့် ထည့်မတွေးခဲ့မိပါလိမ့်။

အခုတော့ ... သူ့ရဲ့ ပေါ့လျော့မှုကြောင့် ဒွာန်ဟာ တကယ်ပဲ ရေတိမ်မှာ နစ်ရတော့မည်။

အား ... လည်ချောင်းထဲ မီးစနဲ့ ထိုးသလို ပူလောင်တာ ရင်ဘတ်ထဲကတော့ တင်းကျပ်လှသည်။ မျက်လုံးတွေကလည်း ပြာဝေလာပြီ။

တကယ့်ကို သူ့ရဲ့ ပန်းပွင့်အိပ်မက်ဆိုးထဲကအတိုင်း ပါပဲလား။





မျက်စိတွေကို ဖွင့်ကြည့်လိုက်တော့ အဖြူရောင်။

ပထမတော့ ငါ သေပြီး နိဗ္ဗာန်ရောက်သွားလို့များ အဖြူရောင်တွေကို တွေ့နေရတာလားလို့ တွေးမိသေးသည်။ သို့သော် မဟုတ်။ ထိုအဖြူရောင်က ဒွာန့်အခန်းနံရံ မျက်နှာကျက်တို့ရဲ့အရောင်။

တဖြည်းဖြည်းသတိမိုကောင်းလာတော့မှ သူ့နံဘေးမှာ ဝိုင်းကြည့်နေကြသော လူအုပ်စုကို မြင်လာသည်။

မေစွမ်းအင်၊ ဆောင်းသခင်၊ ဒေါ်အေးသာနဲ့ သူ မသိ မမြင်ဘူးသော လူစိမ်းတစ်ယောက်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင် အတော်ဆိုးတာပဲ ကိုဌာန် ... ဘာကိစ္စ ရေထဲ ခုန်ချရတာလဲ ..."

သတိရရချင်း မေစွမ်းအင်ရဲ့ အပြစ်တင်သံကို စ, ကြားရတော့သည်။

"ကျွန်တော် ခုန်ချတာမဟုတ်ဘူး ... ပြုတ်ကျသွားတာပါ"

"ရေမကူးတတ်တဲ့လူက ဘာကြောင့် ရေကန်နား သွားပြီး ရေကန်ထဲ ခြေလှမ်းရတာလဲ ... သေကံမရောက် သက်မပျောက်ရှင် ... တကယ်လို့ ရှင်သာ တစ်ခုခုဖြစ်သွားရင် ကျွန်မတို့တစ်တွေလည်း ဒုက္ခရောက်မှာ ... အဲဒါကိုရော တွေးမိရဲ့လား ..."

ကိုယ် ဘာကြောင့် အခုလို ဖြစ်ရသလဲဆိုတာ ပြန်ပြောပြဖို့ ဇော်တော်ခက်တာမို့ ဌာန်က ရေငုံနှုတ်ပိတ်ပဲ နေလိုက်ရသည်။

"ကျွန်တော့်ကို မေစွမ်း ကယ်လိုက်တာလား ..."

"မဟုတ်ဘူး ... သူ ကယ်တာ၊ ဒါ ကျွန်မချစ်သူ ဒေါက်တာမင်းခံ့တဲ့၊ ကျွန်မတို့နှစ်ယောက် အပြင်ထွက်မလို့ဟာ ပစ္စည်းတစ်ခု ကျန်ခဲ့တာနဲ့ ပြန်လာတာ ... အဲဒီအချိန်မှာ ခင်က ပြေးလာပြီး ရှင် ရေနစ်နေတယ်ပြောလို့ ကိုမင်းခံ့က ဆင်း ကယ်ရတာ ..."

ကျွန်မချစ်သူ။ ဒေါက်တာမင်းခံ့။

သွားပြန်ပါပြီကွာ။ ပထမ လှိုင်း။ ပြီးတော့ မေစွမ်းအင်မှာကလည်း ချစ်သူရှိနေသတဲ့။ စာရင်းထဲက ... နောက်ထပ် အနှုတ်လက္ခဏာတစ်ခု။ (သေရေးရှင်ရေး ဖြစ်နေတဲ့အထဲမှာတောင် ဒီလိုအတွေးမျိုးက ဖြတ်ဝင်လာနိုင်သေးသည်။)

"ကျေးဇူးတင်ပါတယ် ဒေါက်တာ ..."

စိတ်ထဲ မကြည်လင် ဖြစ်သွားပေမဲ့ လတ်တလော ကိုယ့်ရဲ့ကျေးဇူးရှင်ကို ကျေးဇူးတင်စကားတော့ ပြောဦးမှ။

"ကိုယ်က ကိစ္စမရှိပါဘူးကွာ ... ကိုယ့်ညီ ကျေးဇူးတင်ချင်ရင် ခင့်ကိုပဲ ကျေးဇူးတင် ... ခင် လာပြောလို့သာ ကိုယ်တို့ သိရတာ ..."

"ကဲ ... ရှင် သတိပြန်ရပြီဆိုရင် မေစွမ်းတို့လည်း သွားစရာရှိတာလေး သွားဦးမယ် ... ဒေါ်အေးသာရေ သူ့အတွက် ကော်ဖီပူပူတစ်ခွက်လောက် ဖျော်ပေးလိုက်ပါ ... နွေးသွားအောင် ..."







www.burmeseclassic.com

မေစွမ်းအင်က သူမဘာသာ စီစဉ်ကာ ဒေါက်တာမင်းစံကို ခေါ်ပြီး ထွက်သွားပြီ။ ဒေါ်အေးသာကလည်း ကော်ဖီဖျော်ဖို့ ထွက်လိုက်သွားပြီ။

"ခင် ... ခင်လည်း သွားတော့မယ် ..."

"ခဏနေပါဦး ခင် ... ကျွန်တော် မေးစရာလေး နည်းနည်းရှိလို့ ..."

"ဘာ ... ဘာမေးမှာလဲ ..."

"ခင်က ရေမကူးတတ်ဘူးလား ..."

"ဘယ်ကူးတတ်မှာလဲ ကိုမိဈာန်ရယ် ... ခင်က ငယ်ငယ်လေးတည်းက ချော်ချော် ... ရေကူးသင်လို့ရပါ့မလား"

ကိုယ်ကိုလည်း ဟုတ်ပေသား ...။ သူ ရှိပလားရှိပလားနဲ့ သေသေချာချာ မတွေးမိခဲ့ဘူး။ ငယ်ငယ်လေးတည်းက ပြည်သနားတော့ ရောဂါဝေဒနာတွေနဲ့ လုံးချာလည်လိုက်နေမှ ဆောင်းသခင်မှာ ရေကူးသင်ဖို့အခွင့်အရေး ဘယ်ကလာပြီး ရှာလဲ။

"ဒါဆို ... ကျွန်တော် တစ်ခုမေးမယ်နော် ... ဟိုတစ်ခါ





ကျွန်တော် ရေနစ်တုန်းက အဖြစ်အပျက်ကိုရော ခင် သိလားဟင် ..."

"ဟင့်အင်း ... ခင် မသိဘူး၊ ခင် ဘာမှ မသိဘူး ..."

"သေချာတာတစ်ခုတော့ ကျွန်တော် ပြောမယ်နော် ... ခင်က ... ကျွန်တော့်နောက်ကို အမြဲလိုက်ကြည့်နေခဲ့တာ ဟုတ်တယ်မဟုတ်လား ..."

ဆောင်းသခင်က အတော်ပဲ အနေရခက်လာသလို မျက်ရည်လေးတောင် ဝဲလာပြီ။ ဘှာန်က သနားတော့ သနားမိပေမဲ့ အားမနာနိုင်။ ကိုယ်သိချင်တာတော့ ရအောင် မေးလိုက်ချင်သေးသည်။

"ဟုတ်တယ်မဟုတ်လား ... ကျွန်တော့်ကို အမြဲတမ်း ပုန်းကွယ်နေတဲ့ အရိပ်လေးက ခင်ပဲမဟုတ်လား ..."

ဆောင်းသခင်က စိတ်ဆုံးဖြတ်လိုက်သည့် ပုံနှင့် ခေါင်းကို ဆတ်ခနဲ ညိတ်လိုက်သည်။

"ဒါဖြင့် ကျွန်တော် ရေနစ်တဲ့နေ့ကရော ... ခင် ကျွန်တော့်နားမှာ ရှိသလား ..."

"ရှိ ... ရှိပါတယ်"

www.burmeseclassic.com



"ဒါဆို ကျွန်တော့်ကို ဘယ်သူကယ်လိုက်သလဲဆိုတာ ခင် သိရမှာပေါ့ …"

"အို … မပြောဘူး၊ ခင် မပြောနိုင်ဘူး …"

"ခင် သိနေတာပဲ မဟုတ်လား … သိရဲ့သားနဲ့ ဘာလို့ဖုံးထားမှာလဲကွာ … ဒါ ဘယ်သူ့ကိုမှလည်း ထိခိုက်စေတာ မဟုတ်ဘူး … နာမည်လေး ပြောပြယုံပဲ … ခင် ပြောတယ်လို့လည်း ဘယ်သူ့ကိုမှ ပြန်မပြောဘူး"

"မပြောပေမဲ့ သူက ဆိုမှာ … အိုး … မဖြစ်ဘူး … ခင် မပြောနိုင်ပါဘူးရှင် …"

ဆောင်းသစ်ခင်က တအားတုန်လှုပ်နေသော ပုံစံကလေးနဲ့ မြေးထွက်သွားသည်။ သူမ လှည့်အထွက်မှာ သူမရဲ့ မျက်ဝန်းအိမ်က မျက်ရည်စလေးတစ်စက်က လှင့်ခနဲ။





"ခင် သေတာ ရှင့်ကြောင့် … ရှင့်ကြောင့် …"

မြတ်စွာဘုရား … ဘယ်လိုစွပ်စွဲမှုကြီးပါလိမ့်။

ဒီလောက် … ဝမ်းနည်းကြေကွဲစရာကောင်းသည့် အချိန်ကြီးမှာ ကိုယ့်ကို မမေ့မလျော့ စွပ်စွဲပြစ်တင်နိုင်သေးသော ဒဏ္ဍာရီကို ဒွာန်က အံ့လည်းသြသည်။ သူမစကားဟာ အကြောင်းမဲ့ မဟုတ်ဘဲ အခြေခံအကြောင်းရင်းတစ်ခုခု ရှိရလိမ့်မည်လို့လည်း တွေးမိသည်။

ဆောင်းသခင်ဆိုသည့် မိန်းကလေးဟာ ဒွာန် ရေနစ်ပြီး တစ်ပတ်ပြည့်သောနေ့မှာ ကွယ်လွန်သွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါဟာ ... ဌာန်နဲ့အတွက်တော့ အံ့သြစရာ၊ စိတ်မကောင်းစရာ၊ ကြေကွဲစရာပါ။

ဆောင်းသခင်နဲ့ နီးနီးကပ်ကပ် မတွေ့ဆုံဘူးပေမဲ့ သူ့နောက် လိုက်လိုက်နေတတ်သော 'အရိပ်ကလေး'အဖြစ်နဲ့ သံယောဇဉ်တွယ်မိပြီမို့ ဆောင်းသခင်ရဲ့ သေဆုံးခြင်းဟာ ဌာန်ကို နှမြောတသ ယူကျုံးမရဖြစ်စေတာပါ။

ဒါပေမဲ့ 'ကိုယ့်ကြောင့်'ဆိုသည့် မထင်မှတ်ချင်စရာ စွပ်စွဲချက်ကြီးကို ကြားရတော့ ဝမ်းနည်းခြင်းထက် အံ့သြခြင်းနဲ့ မခံချင်စိတ်တို့က ပိုကဲလာသည်။

"ခင်ဗျား ဘယ်လိုပြောလိုက်တာလဲ ... ခင်နဲ့ ကျွန်တော်ဟာ ဘယ်လောက်မှ ပတ်သက်မှု မရှိဘူး ... သူ့ကို ကိုယ်ထိလက်ရောက် ရောဂါဝေဒနာရအောင်လုပ်ဖို့နေနေသာသာ စကားတောင် ကောင်းကောင်းပြောဖူးတာ မဟုတ်ဘူး ..."

"ဒါပေမဲ့ ရှင် ခင့်ကို စိတ်အနှောင့်အယှက်ဖြစ်အောင် ဖိအားတွေ ပေးခဲ့တယ်လေ ... နောက်ပြီး ရှင့်ကို ရေထဲက ဆယ်ခဲ့တဲ့ သူက ဖူးစာရှင်အဖြစ် ရွေးချင်လို့ပါ ... ဘယ်သူလဲဆိုတာ ပြောပြပေးပါလို့ ... တတွင်တွင် ပြောခဲ့တယ် မဟုတ်လား ..."



ဒီတစ်ချက်ကိုတော့ ဌာန်က မငြင်းနိုင်ပါ။ ဝဝဝ တစ်ရက် မေးလို့မရခဲ့ပေမဲ့ နောက်နေ့ကျတော့လည်း အရဲစွန့်ကာ သူ့ကို လာ၍လာကြည့်ရှုသော ခင့်ကို ဌာန်က ဒါပဲ မေးနေမိသည်။ ခင် စိတ်အနှောင့်အယှက်ဖြစ် (တစ်ခါတစ်ရံ ကြောက်လန့်နေပုံတောင် ရသေးသည်) ရှုန်းသိနေသည့်တိုင် မွတ်တိုးပြီး မေးမိသည်။

နှစ်ရက်လောက်ကြာတော့ ခင်က 'ဘယ်လိုမှပြောလို့မဖြစ်လို့ပါ' ဆိုသည့် စကားတစ်ခွန်းကိုပဲ ထပ်ခါတလဲလဲပြောလျက် ထွက်ပြေးသွားသည်။ အဲဒီနောက်တော့ သူ့ထံ ခင် ရောက်မလာတော့။

ဌာန်ကတော့ သူ့ မေးမြန်းမှုကို ကြောက်လို့ ခင် မလာတော့တာပဲလို့ စပ်ပေါ့ပေါ့တွေးခဲ့တာ။ နောက်ထပ် နှစ်ရက်လောက်ကြာတော့မှ ခင်တစ်ယောက် အသည်းအသန် ဖြစ်နေပြီဆိုတာ သိလိုက်ရတော့တာ။

အဲဒီအထိလည်း သူ့နဲ့ ဘာမှဆိုင်သည် မထင်သေး။

www.burmeseclassic.com



ဆောင်းသခင်ဆိုသည့် မိန်းကလေးဟာ ဓေ်ယော်လေးတည်းကဲ ချူ ချာလာတာ၊ ခုထက်ထိလည်း ရောဂါဝေဒနာတွေနဲ့ နပမ်းလုံးနေရဆဲဆိုတော့ သူမဘာသာပဲ ရောဂါဖြစ်တာလို့ ထင်ထားတာ။

နောက်ဆုံးနေ့ရက်အကြောမှာတော့ ခင်ဟာ ဘယ်လိုမှ ကြိုးစားကုသလို့မရတော့ဘဲ ကွယ်လွန်သွားခဲ့တော့တာ။

အခုတော့ အားလုံး ဝမ်းပန်းတနည်း ဖြစ်နေကြရိုက်မှာ သူ့ကို စူးစူးစိမ်းစိမ်းကြည့်ပြီး ဒေါက်တာရီ စွပ်စွဲမပြောဆိုလိုက်တာကြောင့် ဒွာန့်မှာ အံ့တွေးပွားစရာတွေ ဖြစ်ရပြီ။

ဘယ်လိုမှ မဖြစ်နိုင်ပေမဲ့ ခင့်ရဲ့ သေဆုံးခြင်းဟာ သူနဲ့ပတ်သက်နေပါသည်လို့ ဒေါက်တာရီကတော့ အတိအကျ စွပ်စွဲနေတာပါလေ။ သူမအနေနဲ့ကတော့လည်း အကြောင်းမဲ့ ထဲ့စွပ်စွဲစရာမှ မရှိတာ။

"ကျွန်တော့်ကြောင့် မဖြစ်နိုင်ဘူးဗျာ၊ ကျွန်တော် ဒီလောက်ကလေး မေးရုံနဲ့ ခင်ဟာ ဘာမှဖြစ်စရာမရှိဘူး"

"ဒါတော့ ရှင့်အထင်ကိုး ... ခင်က သိပ်နုနယ်တာ ... ဘယ်သူမှ မထင်လောက်တဲ့ အသေးအဖွဲလေး ဖြစ်ပေမဲ့လည်း ခင်က သူများထက် ပိုပြီးမှ လွန်ကဲတတ်တဲ့သူဆိုတော့





ဆိုးဆိုးဝါးဝါးတွေ ဖြစ်သွားနိုင်တာပေါ့ ... သူ့မှာ နှလုံးရောဂါကလည်း ရှိတယ်လေ ... တော်ရုံဆို သူ့နှလုံးရောဂါက ခံနိုင်ရည်မရှိဘူးပေါ့ ... "

"မဖြစ်နိုင်ပါဘူးဗျာ၊ သူ့ကို ကျွန်တော်က ဘယ်သူလဲဆိုတာပဲ မေးတာ ... သူ မဖြေနိုင်ဘူးဆိုလည်း ပြီးရောပေါ့ ... ကျွန်တော်က ဓားနဲ့ ထောက်မေးနေတာမှ မဟုတ်ဘဲ"

"ဒါပေမဲ့ ... "

ဒေါက်တာရီ တစ်စုံတစ်ခုကို ပြောလိုက်တော့မလို လုပ်ပြီးတော့မှ စကားစကို ဖြတ်ပစ်လိုက်သည်။ တော်လောက်ပြီ။ လောလောဆယ်တော့ ဒီလူ ဒီလောက်ပဲ သိပါစေ။ အချိန်တန်မှပဲ ကျန်တာတွေကို ပေးသိတော့မည်။

လောလောဆယ်ကတော့ ခင့်အတွက် ဝမ်းနည်းကြေကွဲဖို့ပဲ အချိန်တွေ ပေးရပါဦးမည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ပေါ်ထပ်ကနေ အိတ်တွေ သယ်ရှူပြီးဆင်းလာသော ဒဏ္ဍာရီကို အားလုံးက ငိုင်းကြည့်နေကြသည်။

ဒီနေ့ ဦးအောင်သူရဲ့ သားအကြီးဆုံးရှိရာ အယ်လ်အေသို့ ဒဏ္ဍာရီက လိုက်သွားတော့မှာ ဖြစ်သည်။

လွန်ခဲ့သည့် တစ်လလောက်ကတော့ ... နုထွေးနေခြည်က သူမ မိဘတွေဆီ လိုက်သွားပြီးဖြစ်၊ ဒဏ္ဍာရီနဲ့ နုထွေးနေခြည်တို့နှစ်ယောက် အတူသွားဖို့ စီစဉ်ထားပေမဲ့ ပတ်(စ်)ပို့ကိစ္စကြောင့် ဒဏ္ဍာရီက နောက်တစ်လကြာမှ ထွက်ဖြစ်တော့တာ။

ဟိုရောက်လျှင် နုထွေးနေခြည်ကတော့ အဝတ်အစားဖက်ရှင်ဒီဇိုင်းနဲ့ ပတ်သက်သည့် သင်တန်းတစ်ခု တက်မှာဖြစ်



ပြီး ဒဏ္ဍာရီကတော့ သူမဝါသနာပါသည့် ဂန္တိရပညာတွေနှင့် ပတ်သက်သည့် သင်တန်းတွေတက်၊ အဖွဲ့အစည်းတွေဝင်ဖို့ ပြင်ဆင်ထားကြသည်။

နုထွေးနေခြည် သွားတုန်းကတော့ တစ်အိမ်သားလုံး သောင်းသောင်းဖျဖျ လိုက်ပို့ခဲ့ကြတာ။ (ဌာန်ကတော့ ဒီလိုနေရာမျိုးမှာ မဆီလေးရယ်တဲ့ မဆိုင်သူမို့ အိမ်မှာပဲ ကျန်ခဲ့ရတာ။ တစ်ယောက်တည်း နမြေတာသလွမ်းဆွေးရင်းနဲ့ တကယ်လို့ နုထွေးနေခြည်နဲ့ငါသာ ချစ်သူတွေ ဖြစ်ခဲ့ကြလျှင် သူမ အခုလို ပစ်ပစ်ခါခါ ထွက်သွားပါ့မလားလို့ တွေးမိရင်းပေါ့)။

ဒဏ္ဍာရီကတော့ ဘယ်သူမှ လိုက်မပို့နဲ့လို့ အပြတ်ပြောထားသည်။ အားလုံးကပဲ သူမစကားကို နာခံတာ လိုက်ပို့ဖို့ မတောင်းကြ။ ဌာန်မှာ လိုက်ပို့ချင်တာ တစ်ပိုင်းသေလုပြီဖြစ်ပေမဲ့ ဘယ်လိုမှ မတတ်နိုင်ပါ။

ဘာကြောင့်လဲတော့ မသိ။ လှိုင် စေ့စပ်သွားတာ၊ မေစွမ်းအင် ချစ်သူရသွားတာ၊ ဆောင်းသခင် ကွယ်လွန်သွားတာ၊ ဂျမ်းဂျမ်းနဲ့ ကျော်ကျော်ဗတို့ ချစ်သူဖြစ်သွားကြတာ၊ နုထွေးနေခြည်

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံခြားထွက်သွားတာတွေထက် ဒဏ္ဍာရီ ထွက်သွားမှာကို ဗွာန်က ပိုခံစားနေမိသည်။

ဆန်းတော့ ဆန်းသားနော်။ လူ့စိတ်ဆိုတာ။

အခုဆို ပန်းပွင့်လေးတွေဟာ တစ်ပွင့်ပြီးတစ်ပွင့် ဗွာန့်ဆီက ထွက်ခွာသွားကြပြီ။ ကိုယ်က သူတို့ကို ရွေးချယ်စရာ မလိုပါဘဲ သူ့တို့တစ်တွေက ဗွာန့်ကို ကျောခိုင်းခွဲခွာဖို့ လမ်းကို သူတို့ ဖာသာပဲ ရွေးချယ်သွားကြပြီ။

ဗွာန့်ရဲ့ ပန်းခင်းကြီးဟာ ... ဟာလာဟင်းလင်းဖြစ်လျက် ကျန်ရစ်ခဲ့ရပြီ။ ဒီလိုဆိုတော့လည်း အိပ်မက်ထဲက မွှန်းကျပ်မှုဝေဒနာကို လက်တွေ့ခံစားလိုက်ရသလိုပင်။

"မနာ ... စည်စည်တို့ကို မမေ့နဲ့နော် ... "

"ခင်ပတို့ဆီ စာရေးနော် ... "

"ခင်မတို့ ဗေဒင်မေးစရာလူတော့ မရှိတော့ပါဘူး"

"လှိုင် မင်္ဂလာဆောင်ပြီးမှ သွားလည်း ရသားနဲ့ကွယ်"

"ကျွန်တော်နဲ့ ဂျမ်းဂျမ်း မင်္ဂလာဆောင်ရင်တော့ နာနာရော နွေးနွေးရော ပြန်လာကြနော် ... "





အရေးထဲ ကျော်ကျော်ဗဆိုသည့် ကောင်က ဝင်နှုတ်ဆက်နေလိုက်သေး။

သူကတော့ သူ ချစ်ရမည့် မိန်းကလေးကို ပိုင်ပိုင်နိုင်နိုင် ရွေးချယ်ပြီးသွားပြီမို့ ဂျမ်းဂျမ်းကလည်း သူ့ကို ပြန်ချစ်တာမို့ စိတ်လွတ်လက်လွတ် ပျော်နိုင်ပြီ။

ဗွာန့်မှာသာ ...

တစ်ယောက်စီကို ရယ်ပြီးနှုတ်ဆက်နေသော ဒဏ္ဍာရီက နောက်ဆုံး အဘိုးဖြစ်သူကို ပွေ့ဖက်နှုတ်ဆက်လိုက်ပြီးလျှင် ဗွာန့်ရှေ့မှာ လာရပ်လေသည်။

ကိုယ့်ကို သီးသန့်လာနှုတ်ဆက်မည်ထင်မထားတာမို့ ဗွာန့်မှာတော့ တအံ့တသြ။

"ကျွန်မ သွားတော့မယ် ... "

"ဟုတ် ... ဟုတ်ကဲ့"

ဒဏ္ဍာရီ သွားလျှင် ပြောဖို့ နှုတ်ဆက်စကားတွေ ရင်မှာ အပြည့်ရှိပေမဲ့ လက်တွေ့ကျတော့ အံ့သြလွန်းတာနဲ့ပဲ ဗွာန့်မှာ ပြန်ပြောစရာ စကားမရှိချေ။



www.burmeseclassic.com

www.burmeseclassic.com



ဒဏ္ဍာရီက သူမရဲ့ ပန္နလက်ဆန်လှသော အပြုံးလေးကို ပြုံးကာ ...

"ရှင် သိချင်နေတဲ့ အဖြေက ရေကူးကန်ပေါင်က ကြွေပန်းအိုးတစ်လုံးရဲ့အောက်မှာ ရှိတယ် ..."

"ဗျာ ..."

ဒဏ္ဍာရီက နောက်တစ်ခွန်း ထပ်မပြောတော့ ... ကျောခိုင်းထွက်ကာ အသင့်ငှားထားသော တက္ကစီပေါ် တက်သွားခဲ့ပြီ။

ဌာန်ကတော့ ရေကူးကန်ဆီ အပြေးအလွှား။



ရှင့်ကို ရေကန်ထဲက ဆယ်ခဲ့တဲ့သူက ကျွန်မပါ။

အဲဒီနေ့က ဝင်က ရှင့်နောက် လိုက်ချောင်းရင်း ရှင် ဝှမ်းမိတာကိုသိလို့ ဆော်ပြီး အကူအညီတောင်းတာ။ အဲဒီအချိန်မှာ တိုက်တိုက်ဆိုင်ဆိုင် ကျွန်မကလည်း ရှင့်ရဲ့ ထံကြွရာကို မေခင် တွက်ကြည့်ပြီး ရှင့်မှာ ရေနဲ့ပတ်သက်တဲ့အန္တရာယ်ရှိနေပြီလို့ သိလာတဲ့အချိန် ... ။ အဲဒါနဲ့ စိတ်ပူပေါက်ပြီး ရေကန်နား ရှောက်လာရင်း ဝင် အော်နေတာကို တွေ့လို့ ရှင့်ကို ဝင်ကယ် လိုက်ရတာပါ။ ရှင့်ကို ကျွန်မက ရွှေဦးသူမဖြစ်ရဲ့ ပြုရပြီး မီးဖိုထဲက စားပွဲပေါ် တင်ပေးထားခဲ့တာပါ။

www.burmeseclassic.com



ဒီအကြောင်း ရှင်အပါအဝင် တခြား ဘယ်သူ့ကိုမှ မသိစေချင်ဘူး။ ကျွန်မဟာ ယောကျ်ားတစ်ယောက်ကို စေတနာပိုပြီး ကယ်တင်ခဲ့တယ်ဆိုတာ အသိမခံချင်ဘူး။ အဲဒါကြောင့် ... ခင့်ကို ဒီအကြောင်း ဘယ်သူ့မှ မပြောရဘူးလို့ ကျွန်မ တားခဲ့တာပါ။ ရိုးရိုးတားရင် မလိုက်နာမှာစိုးလို့ သူ ကြောက်လန့်အောင် ဂမ္ဘီရနည်းတွေနဲ့ အတားအဆီး အကျိန်အတွယ်တွေ လုပ်ပြီး ပြောခဲ့ရင် ကျိန်စာသိမယ်၊ ခုက္ခကြုံမယ်လို့ ခြိမ်းခြောက်ခဲ့တာ။ တကယ်တမ်းတော့ ... ဒါတွေဟာ ခင် ကြောက်အောင် သက်သက်ဟန်ဆောင်ပြတာတွေပါ။ ခင်ကတော့ တကယ်ထင်ပြီး ကြောက်နေရှာတာပေါ့။ ဒါကြောင့် ရှင်က အတင်းမေးပေမဲ့ လည်း ခင်က မပြောရဲရှာတာပါ။

တကယ်ကတော့ ... ခင်ဟာ ရှင့်ကို သိပ်ချစ်ရှာတာ။ ရှင်က ရှင့်ကို ကယ်ခဲ့တဲ့သူကိုပဲ ဖူးစာဖက်အဖြစ် ရွေးမယ်ဆိုတော့ ခင့်ခမျာ ပိုခံစားရရှာတာပေါ့။ ဒါကြောင့် ခင် သေရတာ ရှင့်ကြောင့်လို့ ကျွန်မ စွပ်စွဲခဲ့တာ။

သေသေချာချာ ပြန်တွေးကြည့်လိုက်တော့ ခင် သေရတာ ကျွန်မအပြစ်လည်း မကင်းဘူး။ သူ့ခမျာ ... ရှင့်ကို ပြောပြချင်



တဲ့စိတ်ရယ်၊ ကျွန်မ ခြောက်လှန့်ထားတာတွေကို ကြောက်တဲ့ စိတ်ရယ်ကြောင့် စိတ်ဖိစီးမှုတွေများပြီး ဖြေစ်သင့်ဘဲ ဖြစ်သွားခဲ့ရတာ။

အမှန်ကို ဝန်ခံရရင် ရှင့်ကို ကျွန်မ စိတ်ဝင်စားခဲ့ပါတယ်။ ကျွန်မဘဝမှာ ရှင်ဟာ ရင်ထဲအထိ ဝင်ရောက်နိုင်တဲ့ တစ်ဦးတည်းသော ယောကျ်ားသားပါ။

ဒါပေမဲ့ ... ခင့်ရဲ့အရိပ်ကို မဖယ်ထုတ်နိုင်သရွေ့ ရှင့်ကို ကျွန်မ လက်မခံနိုင်တော့ဘူး။ ပြီးတော့ ကျွန်မတို့ ညီအစ်မ တွေကြားမှာ အရှေးရေစက် တွေဝေနေတဲ့ ရှင့်ရဲ့ မေတ္တာကိုလည်း မကြိုက်ဘူး။ ရှင့်ကို ကျွန်မတစ်သက် ချစ်ခွင့်အဖြစ် လက်မခြွမ်း မှာ မဟုတ်တော့တာ သေချာနေလို့ ကျွန်မ ပြန်လာနိုင်ခဲ့ ဖောင့်မနေပိုတော့ မှာထားပါရစေ။

ရှင်တကယ်ချစ်ရမဲ့မိန်းကလေးကို ရှာတွေ့ပြီး လက်တွဲနိုင်ပါစေ ... ။

ခွေးဝါ

www.burmeseclassic.com



တရုတ်ကလေးက ဈာန့်လက်ထဲမှာ တဖျတ်ဖျတ် တုန်ခါနေသည်။

အကြိမ်ကြိမ်ပဲ ဒီစာလေးကို ဈာန်က ထုတ်ဖတ်မိသည်။ ဖတ်မိတိုင်းလည်း ရင်ဝကို နှယ်ကြိုးမျှင်နဲ့ ရစ်ပတ်တုပ်နှောင် ပစ်လိုက်သလို မွန်းကျပ်စွာ ခံစားရမြဲ။

နောက်ဆုံး ... ။ နောက်ဆုံးကြမှပဲ အဖြေကို သူ သိတော့သည်။

ဒဏ္ဍာရီ့ကို သူ ချစ်သည်ပဲ။ လျှို့ဝှက်ဆန်းကြယ်သော ထိုမိန်းကလေးကို သူ့နှလုံးသားက လျှို့ဝှက်စွာ တွယ်ငြိနေခဲ့တာ။ ဒါကို လွန်မှ အချိန်နှောင်းမှပဲ သူ သိတော့သည်။



ဒဏ္ဍာရီကတော့ ... သူမကို မမျှော်လင့်နဲ့တော့လို့ ပြတ်သားစွာ ပြောသွားခဲ့ပြီ။ ဒဏ္ဍာရီ့လို မိန်းကလေးမျိုးကတော့ ပြောလျှင် ပြောသည့်အတိုင်း လုပ်မည့်သူမျိုး။ ဈာန့်အတွက် နောက်ထပ် မျှော်လင့်စရာ လမ်းဆုံးနေပြီ။

လောကကြီးက မတရားလိုက်တာကွာ။ ကောင်မလေးတွေ ဒီလောက် အများကြီးနဲ့ အနီးကပ် ထိတွေ့ခွင့်ရခဲ့ပါလျက် ... သူတို့လေးတွေကလည်း ကိုယ့်အပေါ် စိတ်ဝင်စားသင့်သလောက် ဝင်စားခဲ့ပါလျက် ... ဈာန့်ရဲ့ တွေ့ဆုံကြိုက်မိမှုကြောင့် အားလုံးကို လက်လွှတ်ဆုံးရှုံးခဲ့ရပြီ။

ခုတော့ ကျောင်းလည်း ပြီးသွားပြီ။ အဖေ့ရဲ့ အလုပ်ထဲမှာ ဝင်လုပ်ဖို့ အစီအစဉ်တွေလည်း အားလုံး လုပ်ပြီးသွားပြီမို့ ဈာန်က နယ်ကို မပြန်မဖြစ် ပြန်ခဲ့ရပြီ။ ရန်ကုန်ကို တော်တော်နဲ့ ပြန်လာဖို့ မလွယ်တော့သလို သူ့ရဲ့ ပန်းပွင့်ကလေးတွေနဲ့လည်း ပြန်တွေ့ဖို့ မလွယ်တော့။

ဒါဟာ ... သူ့ရဲ့ တွေဝေမှုအတွက် ပန်းပွင့်ကလေးတွေရဲ့ ကျိန်စာပဲလား။ အိပ်မက်ထဲက ပန်းပွင့်ကလေးတွေဟာ သူ့ကို တစ်ပွင့်ပြီးတစ်ပွင့် အမျိုးမျိုး အရွဲ့ရယ်ပေးကြသလို ကောင်

www.burmeseclassic.com

www.burmeseclassic.com



မလေးတွေဟာလည်း ဌာနီကို တစ်မျိုးပြီးတစ်မျိုး ဝေဒနာတွေ ပေးသွားကြသည်။

နောက်ဆုံးကတော့ ဒဏ္ဍာရီ၊ အမြင့်ထန်ဆုံးဒဏ်ရာကလည်း ဒဏ္ဍာရီ့ကြောင့် ဖြစ်ရတာပါပဲ။

ကားပြတင်းပေါက်က လေတိုးသည့်အရှိန်ကြောင့် ဌာနီ့လက်ထဲက စာရွက်ကလေး လွင့်ထွက်သွားသည်။

ကားလမ်းပေါ် တလွင့်လွင့် ကျကျန်ရစ်သော စာရွက်ကလေးကို ဌာနီက ပြန်ကောက်မနေတော့။ အားလုံး ပြီးဆုံးသွားပြီလို့ပဲ မှတ်လိုက်ပါတော့မယ်လေ။

မျက်လုံးစုံမှိတ်ကာ စိတ်ကို ငြိမ်အောင်ထိန်းလိုက်ရာမှ ကားကက်ဆက်က ဖွင့်ထားသော သီချင်းသံက ဌာနီ့ကို လှောင်ပြောင်သရော်နေလိုက်သေးသည်။

*"ဒီတစ်သက်လုံးမှာတော့ကွာ ... ငါ မိန်းမရှိ လုံးဝ မရှိပါ ... အဆောအချာပြောခွင့်ခဲ့တာတော့ ... ငါ ရွှေရင်ခွင်ရှင်း... အကြိုက်မတွေ့နိုင်ပါ ..."*

**29 - 8 - 97**
**Wednesday**
**5:55 PM**

၀၀၀၃၇၀၇၈၀

www.burmeseclassic.com